www.burmeseclassic.com

BURMESE CLASSIC .com

# ဒဿကျော်ရှာ

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးဝင်းသူရလွင်
(အိမ်မက်အသစ်စာပေ)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း
(ကာလာဒဲ့ပုံနှိပ်တိုက်)

မျက်နှာဖုံးဒီဇိုင်း - America

ပုံနှိပ်ခြင်း - ပထမအကြိမ်၊
ဩဂုတ်လ၊ ၂၀၁၂ ခုနှစ်၊

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅.၈၃
ဒဿကျော်စွာ
ဘဝကူးကျိန်စာ / - ဒဿကျော်စွာ
- ရန်ကုန် ၊ အိမ်မက်အသစ်၊ ၂၀၁၂။
(၁၆၈) စာ၊ ၁၂.၂ × ၁၈.၁ စင်တီ။
(၁) ဘဝကူးကျိန်စာ


BURMESE CLASSIC .com

အိမ်မက်အသစ် မှ ထုတ်ဝေပြီး စာအုပ်များ


၂၄။ ရွှေသမီး — လူနေ
၂၅။ ညည်းတွားနိုက်တဲ့ ငုံသံ — သတိုးဇော
၂၆။ ဦးရှင်ကြီး — ဒီပွကျော်စွာ
၂၇။ ယန်းဝင်စား — ဝေမှူးသွင်
၂၈။ နေးရယ် — လူနေ
၂၉။ ကလေးမလေး — မင်းခိုက်စိုးစန်
၃၀။ ကိန္နရာပြည်သို့ ခရီးလည်ရောက်သူ — ဒီပွကျော်စွ
၃၁။ ဘာဆိုလားပဲ — လူနေ
၃၂။ ခေါင်းညိမ့်ပြေးတဲ့ အရိပ်ကလေး — ဝေမှူးသွင်
၃၃။ လိပ်ပြာခွဲတဲ့ည — ဒဿကျော်စွာ
၃၄။ ချည့်ရာကိုကြမ္မာဆိုး — သတိုးဇော
၃၅။ ၂၄ — လူနေ
၃၆။ မိစ္ဆာမျက်ရည် — ဒေဝလကျော်
၃၇။ နှင်းဆီရောင်မှန်တိုင်း — ဝေမှူးသွင်
၃၈။ အလင်းအမှောင်ကကြိုး — ဝေမှူးသွင်
၃၉။ မိုနိုလီ — လူနေ
၄၀။ ဆင်ဝင်စားတဲ့လူ — ဒဿကျော်စွာ
၄၁။ လမိုက်ညခေါ်သံ — ဒဿကျော်စွာ
၄၂။ အချိုမြစ် — လူနေ
၄၃။ နတ်သမီးအဆောင် — လူနေ
၄၄။ ဗိဘတ်ကြမ္မာ — ဒဿကျော်စွာ
၄၅။ ဘုတကြီး — လူနေ
၄၆။ သက်ဖျောက်သစ်ပင် — ဒဿကျော်စွာ
၄၇။ ဖွယ်နီဆင်နှိုင်း — သတိုးဇော
၄၈။ နဂါးခံတွင်းခရီးသည် — ဒဿကျော်စွာ
၄၉။ တတိယမျက်လုံးရှင် — ဒဿကျော်စွာ
၅၀။ ပါဆယ် — လူနေ
၅၁။ ခေါင်း... ခေါင်း... ခြေတစ်ချောင်း — သတိုးဇော
၅၂။ မနောဟိဒ္ဒိ — ဒဿကျော်စွာ
၅၃။ သရဲကျွမ်း — ဒဿကျော်စွာ
၅၄။ မိန်းမရှာရှာ — လူနေ
၅၅။ ခြေကလိမ်မ မယ်ကာကာ — ဒဿကျော်စွာ
၅၆။ သမီးရည်းစားအဘိဓာန် — လူနေ
၅၇။ မြို့တစ်မြို့ — လူနေ
၅၈။ သန်းခေါင်ယံညည်သံ — ဒဿကျော်စွာ
၅၉။ ဘီအိုဒိုကော — လူနေ
၆၀။ သွေးနီမိတ်ကျောက်တိုင် — ဒဿကျော်စွာ
၆၁။ တဖွာသိုလ် ၆ နှ — လူနေ
၆၂။ နေ့/ည ၂၄ နာရီကမ်း — လူနေ/မျှားသူ
၆၃။ မြေကြမ်း — ဒဿကျော်စွာ
၆၄။ ဆက်မမက်ရဲတဲ့ အိပ်မက်ပျောင်း — သတိုးဇော
၆၅။ ကျွန်းနိုင်ဗိဇ္ဇာ — ဒဿကျော်စွာ
၆၆။ ရွှေဇော်ဂျီ — မင်းလူ၊ လူနေ၊ မိုးစက်ဝိုင်း၊ မျှားသူ
၆၇။ ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ — မင်းခိုက်စိုးစန်
၆၈။ ရည်းစားထားတဲ့ဂိမ်း — လူနေ
၆၉။ နှမ်းနံ့ပေါက်ကောင်းကင် — မင်းခိုက်စိုးစန်၊ မျှားသူ
၇၀။ ဆုကောင်းပြည့်မြေဆိပ် — သတိုးဇော
၇၁။ တမလွန်ချစ်သူ — သတိုးဇော
၇၂။ ရန်ရဲ့ကိုယ်ရောင်ကိုယ်ဝါ — မျှားသူ
၇၃။ ပဥ္စရူပနှင့်တွေ့ဆုံခြင်း — သစ္စာနီ
၇၄။ တောက်တဲ့ကိုးကြိမ် — သတိုးဇော
၇၅။ သိုးဘာဝဆောင်နှမ — ဒဿကျော်စွာ
၇၆။ အတု — မျှားသူ
၇၇။ သုံးရာသီသစ်ပင် — လူနေ၊ မိုးစက်ဝိုင်း၊ သည်ခေတ်နေ
၇၈။ ကျွန်တော်နှင့် မွေးဖက်တော် — သည်ခေတ်နေ
၇၉။ ရွှေပင်းမောလ် — လူနေ
၈၀။ ဆက်သွယ်မှုဇရိယာပြင်ပ — သည်ခေတ်နေ
၈၁။ ဂမ္ဘီရမိကျောင်း — သတိုးဇော
၈၂။ ဒဏ္ဍာရီကျွန်း — ဒဿကျော်စွာ
၈၃။ စုံသံထဲက မသိဘိန်း — မျှားသူ
၈၄။ ရေဒီယို — လူနေ
၈၅။ *ဘဝကူးကျိန်စာ* — ဒဿကျော်စွာ


***__ဆက်လက်ထွက်ရှိမည့်စာအုပ်များ__***


၈၆။ ကျွန်တော် အိပ်နေက ကျောင်းမတက်ပါ — သည်ခေတ်နေ


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

ဒဿကျော်စွာ

# ဘဝကူးကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တကယ်တော့ အဖြစ်အပျက်အလုံးစုံတို့သည် 'ဈိုက်ပါ' အမည်ရှိ တောကျေးရွာကလေးတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။

ထိုရွာကလေးသည် ပဲခူးရိုးမတောင်ခြေတွင် ရှိသော်လည်း ရန်ကုန်-မန္တလေးကားလမ်းပေါ်မှ ခရီးမိုင် ၁၀ မိုင်မျှ ဖဲ့ဖင်းကာ ကားလမ်းမပေါက်သော လှည်းလမ်းကလေးအတိုင်း တကူးတကသွားလာရခြင်းကြောင့် အမြင်နီးလျက် ခရီးဝေးဆိုသကဲ့သို့ သွားရေးလာလမ်းမသာဘဲ ရှိချေ၏။ ထို့ကြောင့်လည်း လူသူအရောက်အပေါက်နည်းကာ ထိုဒေသသားတို့မှ လွဲ၍ ဧည့်သည်အသွားအလာဟူ၍ မရှိသလောက်ပင်ဖြစ်၏။

သို့သော်...

တစ်ခုသော နွေလယ်ကာလ ညတစ်ည၏ ညဦးပိုင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရီပျိုးစလောက်တွင်မူ မြင်းစီးယောကျ်ားနှစ်ဦးတို့သည် 'ကျိုက်ပါ'ရွာဆီသို့ မိမိတို့မြင်းများအား တဖြည်းဖြည်းပင် ရှေးရှုခရီးနှင်လျက်ရှိကြလေ၏။

အချိန်မှာ များစွာမနက်သေးသော်လည်း လမ်းကလေးတစ်လျှောက်မှာ လူသူဟူ၍ ကင်းမဲ့ကာ လွန်စွာတိတ်ဆိတ်လျက်ရှိ၏။ လဆန်းကာလညအခါဖြစ်သဖြင့် လေးကိုင်းသဏ္ဌာန်ရှိသော လတစ်ခြမ်းပဲ့ကလေးသည် ကောင်းကင်မှထွက်ပေါ်လျက်ရှိနေပြီဖြစ်၍ မြင်းစီးသမားနှစ်ယောက်၏ အရိပ်များသည် သွေ့ခြောက်သော မြက်ခင်းများပေါ်တွင် တရွေ့ရွေ့သွားလျက်ရှိကုန်ရာ မြင်းများမှာလည်း ခရီးပန်းလာသည့်ဟန်ဖြင့် ခပ်ဖြည်းဖြည်းမျှသာ သွားနိုင်ရှာကြကုန်၏။

မြင်းစီးယောကျ်ားနှစ်ယောက်အနက် တစ်ဦးမှာ အသက် ၄၀ ဝန်းကျင်ခန့်ရှိပြီးလျှင် ကာကီရှပ်လက်တို၊ ပတ္တူဖိနပ်နှင့် ရှမ်းဘောင်းဘီနက်ပြာတို့ကို ဝတ်၍ထား၏။ ၎င်း၏ သားရေခါးပတ်လက်ဝဲဘက်၌ကား ပြောင်းတစ်ဝက်ကို အပြင်သို့ ထုတ်ထားသော ခြောက်လုံးပြူးသေနတ်တစ်လက် ပါရှိ၏။ ကိုယ်လုံးကိုယ်ထည်မှာ သေးသေးသွယ်သွယ်ဟုပင် မှတ်ထင်ရသော်လည်း နီးကပ်စွာအကဲခတ်သူတို့အဖို့၌မူ ၎င်း၏ တောင့်တင်းကျစ်လျစ်သော ကိုယ်ဟန်အချိုးအစားကို မြင်ကြရပေမည်။



ကျယ်ပြန့်သော ရင်အုပ်နှင့် အရင်းအဖျားပြေပြစ်သော လက်များကပင်လျှင် ကစားခုန်စားနှင့် ကာယဗလဘက်တွင် ဝါသနာထုံလိုက်စားထားသောသူတစ်ယောက်ဖြစ်မှန်း သိသာလှချေ၏။ မျက်နှာမှာ ခပ်သွယ်သွယ်ရှိပြီးလျှင် အသားမဖြူမညိုရှိလေသည်။

ဒုတိယလူမှာ အသက် ၅၀ ခန့်ရှိပြီးလျှင် ရိုင်ဖယ်သေနတ်တစ်လက်ကို ကျောတွင် စလွယ်သိုင်းကာ အနည်းငယ်ဟောင်းနွမ်းသော ရှမ်းဘောင်းဘီတစ်ထည်ကို ဝတ်ထား၏။

အစက မြင်းနှစ်စီးမှာ ယှဉ်လျက်သားမောင်းနှင်လာကြသော်လည်း တစ်စစနှင့် အသက်ပိုကြီးသူ စီးလာခဲ့သောမြင်းမှာ သိသိသာသာနောက်ကျန်နေခဲ့ပြီးလျှင် နှစ်လျားသုံးလျားမျှ ပြတ်ကျန်၍လာလေ၏။

'ဟေ့… မောင်သောင်းတင်၊ စောင့်ပါဦးကွ'

'ဟော… ဦးရွှေသာ၊ ကျုပ်က ရွာကိုအမြန်ရောက်ချင်ဇောနဲ့ လောကြီးသွားတယ်၊ ခင်ဗျား နောက်မှာပြတ်ကျန်ခဲ့တာတောင် မသိလိုက်ဘူး'

'အသက်အရွယ်က စကားပြောလာပြီကိုး မောင်သောင်းတင်ရဲ့၊ မောင်တို့ကျတော့ ငယ်ရွယ်ဖျတ်လတ်တဲ့သူတွေဆိုတော့ စိတ်သွားတိုင်းကိုယ်ပါတာပေါ့၊ ကျုပ်တို့ကျတော့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



သာရှိတယ်၊ ကိုယ်က မလိုက်နိုင်တော့ဘူးကိုး၊ မောင့်ကိုမိဖို့ ကျုပ်မှာ မနည်းလိုက်နေရတယ်'

မောင်သောင်းတင်မှာ စကားပြောရန် နှေးလိုက်သဖြင့် ဦးရွှေသာက မီလာခဲ့သည်။ ဦးရွှေသာစကားကြောင့် မောင်သောင်းတင်မှာ အားနာဟန်ကလေးဖြင့် ပြုံးရင်း…

'ကျုပ်ကလည်း ကျုပ်သူငယ်ချင်းကို တွေ့ချင်ဇောနဲ့ လောကြီးသွားလို့ပါဗျာ'

'ဒါနဲ့ မောင်သောင်းတင် သူငယ်ချင်းနာမည်က ဘယ်သူ'

'ကိုထွန်းမောင်လေ'

'ဩော်… ကိုထွန်းမောင်၊ နို့… နေပါဦး၊ မောင့်သူငယ်ချင်းက မောင့်ကို စာရေးလှမ်းခေါ်တာဆို၊ ဘာကိစ္စများလဲကွယ့်'

ဦးရွှေသာက မေးလာတော့ မောင်သောင်းတင်လည်း ရှင်းပြရန် လိုအပ်လာပြီဟု အောက်မေ့မိတာနှင့် ဦးရွှေသာနှင့်တူ မြင်းကို တုံ့နှေးတုံ့နှေးမောင်းရင်း စကားပြောလာခဲ့သည်။

'ဒီလို ဦးရွှေသာရ၊ ကျုပ်သူငယ်ချင်း ထွန်းမောင်ဆိုတာက ကျုပ်နဲ့ ကောလိပ်ကျောင်းမှာတုန်းကတည်းက ခင်ခဲ့တဲ့သူပေါ့၊ ကျုပ်က အိုင်အေအောင်ပြီး ကျောင်းဆက်မတက်တော့



ဘဲနဲ့ ပထမကမ္ဘာစစ်ကြီးအတွင်း ဝင်ပြီးတိုက်ခိုက်ခဲ့တယ်၊ သူငယ်ချင်းထွန်းမောင်ကတော့ ဘီအေပြီးတဲ့အထိ ဆက်တက်တယ်။ အိုင်စီအက်စ်စာမေးပွဲဖြေပြီး မြို့အုပ်ဝင်လုပ်နေတယ်လေ၊ အရင်က သူနဲ့ ကျုပ် အဆက်အသွယ်တော့ မပြတ်ပါဘူး၊ အဲ… သူ အိမ်ထောင်ကျပြီးတော့ တစ်ခေါက်ပြန်တွေ့ကြသေးတယ်။ အဲဒီကတည်းက မဆုံဖြစ်ကြတော့တာ အခုထိပဲ၊ ဟိုတစ်လောကမှ ကျုပ်ဆီ ထွန်းမောင်ရေးလိုက်တဲ့စာ ရောက်လာတယ်၊ သူ့စာက အထူးအဆန်းပဲဗျ ဦးရွှေသာရဲ့၊ ကျုပ်ကို စွန့်စားရမယ့်ကိစ္စတစ်ခုအတွက် အကူအညီတောင်းချင်လို့ဆိုပြီး ခေါ်တဲ့စာဗျ'

'ဘယ်လို… စွန့်စားရမယ့်ကိစ္စ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်လည်း အဲဒီကိစ္စ စိတ်ဝင်စားပြီး ရောက်လာရတာပဲဗျို့၊ သူ့စာအရဆိုရင် အဲဒီကိစ္စဟာ သူ့သားနဲ့ ပတ်သက်နေမယ်လို့ ကျုပ်ထင်တယ်'

'ဘာဖြစ်လို့လဲဗျ၊ ရှင်းစမ်းပါဦး၊ မောင့်စကားက နားရှုပ်သွားပြီ'

ဦးရွှေသာက နားမလည်ဟန်ဖြင့် မေးသဖြင့် မောင်သောင်းတင်က မျက်မှောင်တစ်ချက်ကြုတ်၍ အရှေ့ဘက်မျှော်ကြည့်ပြီးမှ စကားဆက်၏။

'သူ စာထဲမှာ ရေးထားတာတော့ သူ့မှာ သားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရှိတယ်၊ အဲဒီသားလေး မွေးပြီးပြီးချင်း သူ့မိန်းမလည်း ဆုံးသွားတယ်တဲ့၊ ထူးဆန်းတာက သူ့သားလေးပဲ၊ အဲဒီကလေးက ရူးနေတာလည်းမဟုတ်ဘဲနဲ့ စကားပြောချင်မှ ပြောတယ်၊ အမြဲတမ်း အသိစိတ်ကင်းလွှတ်နေတဲ့သူတစ်ယောက်လိုပဲ ရှိနေတယ်တဲ့၊ ထမင်းစားတာ အပေါ့အလေးစွန့်တာက အစ သူများက သတိပေးနေရတယ်တဲ့'

'အလို… တယ်ထူးဆန်းတာပဲ၊ ဒါနဲ့ မောင်ရင့်ကို ခေါ်တဲ့ကိစ္စက အဲဒီကလေးနဲ့ ဘယ်လိုများပတ်သက်နေလို့တုံး'

'ဒါတော့ ကျုပ်လည်း မပြောတတ်သေးဘူး၊ သူ့စာထဲမှာတော့ စွန့်စားရမယ့်ကိစ္စအတွက် အကူအညီတောင်းချင်လို့ပါလို့ ရေးထားတော့ သူငယ်ချင်းအရင်းကြီးကို အကူအညီပေးဖို့ ကျုပ်လာခဲ့တာပဲ၊ ကဲ… ဦးရွှေသာရေ၊ ခပ်သွက်သွက်လေး နှင်လိုက်ကြရအောင်၊ သူ့စာအရ ဒီလမ်းမှာ ကျားတွေတော်တော်ထနေသတဲ့နော်၊ တော်ကြာ အဖော်ကွဲလို့ အဆွဲခံနေရပါဦးမယ်'

'အမယ်လေး… ဒါဆိုလည်း ဘာဖြစ်လို့အချိန်မတော်ကြီးလာရတာလဲ မောင်သောင်းတင်ရယ်'

'ဩော်… ဒါကတော့ မတွေ့ကြရတာ ကြာတဲ့ သူငယ်ချင်းကို တွေ့ချင်ဇောနဲ့ လာရတာဆိုတော့ ခုလို ညသောနေ့သောရှောင်မနေနိုင်တော့ဘူးပေါ့'



'မောင့်သူငယ်ချင်းကလည်းနော်၊ ဘယ်လိုနေရာမျိုးမှာ လာနေနေရပါလိမ့်'

ဦးရွှေသာက စိတ်မသက်သာသည့် အမူအရာဖြင့် ညည်းညည်းညူညူရေရွတ်ပြီး ဘေးဘီဝဲယာကို မဝံ့မရဲအကဲခတ်လိုက်သည်။

'ဒါနဲ့ နေပါဦး မောင်သောင်းတင်၊ ခုသွားကြရမယ့် ရွာနာမည်က ဘာတဲ့'

'ကျိုက်ပါရွာလေ'

'ဟာ… သိပြီ၊ သိပြီ၊ အမယ်လေး… အဲဒီရွာက သိပ်ဆိုးတာ၊ ကျားရိုးရိုးရော၊ သမန်းကျားရော သိပ်သောင်းကျန်းတာပဲ'

'ဟုတ်ကဲ့လား ဦးရွှေသာရယ်၊ ကျုပ်တော့ မယုံပေါင်ဗျာ'

'မယုံမရှိနဲ့ မောင်သောင်းတင်၊ သူတို့ဆီမှာ ထူးဆန်းတာတွေ အင်မတန်ပေါတယ်'

'ဒီဟာနဲ့ပတ်သက်ပြီး ကျုပ်တော့ ကြားဖူးနားဝရှိပါတယ်၊ စုန်းတစ္ဆေပြုစားတာတို့ ဘာတို့လည်း ရှိတယ်တဲ့၊ ကျုပ်တော့ မယုံပါဘူး၊ ဒါပေမဲ့ ဒဏ္ဍီမျှားတွေ့ရရင်တော့ မပြောတတ်ဘူး၊ ဟော… ဟိုအရှေ့ဘက်က မီးကလေး လက်[illegible]မြင်ရ

www.burmeseclassic.com



တာ 'ကျိုက်ပါ'ရွာကလေး ထင်တယ်၊ ဒီကဆို ၂ မိုင်လောက်ပဲ ဝေးတော့မယ်၊ ကိုင်း… ခပ်သုတ်သုတ်နှင်လိုက်ကြဦးစို့'

ငှင်းတို့ရှေ့တွင် 'ကျိုက်ပါ'ရွာကလေးမှာ လရောင်နှင့်ပြာလဲ့သောကောင်းကင်ကို နောက်ခံထားကာ ညိုညို့မှိုင်းအရိပ်များဖြင့် မထင်မရှားတည်ရှိ၏။ ရွာလယ်လောက်ဆီမှ တမိုတ်တုတ်တုတ်တောက်လျက်ရှိသော မီးရောင်ကလေးကို ကောင်းစွာမြင်ကြရ၏။

သူတို့ ယခုရောက်နေသော လမ်းကလေးမှာ ကျဉ်းမြောင်းလျက် လမ်း၏လက်ယာဘက်တွင် ထူထပ်သော ကိုင်းတောကြီးရှိ၏။ လက်ဝဲဘက်၌မူ မိုးအခါ၌ ချောင်းနှင့်သဏ္ဍာန်တူသော မြောင်းတစ်ခုသည် လူသွားလမ်းအတိုင်း တည်ရှိလေရာ ချောင်း၏လက်ဝဲဘက်ကမ်းတွင် ကိုင်းပင်များအနည်းငယ်သာ ပေါက်လျက်ရှိ၏။ ၎င်း၏နောက်ဘက်၌ကား အချို့နေရာတွင် ချုံကြီးများနှင့် ထန်းပင်များသည် ကျိုက်ပါရွာသို့ ရောက်သည့်တိုင်အောင် မျက်စိတစ်ဆုံး တည်ရှိလေသည်။

မောင်သောင်းတင်သည် ခပ်ရေးရေးမှုသာလျက်ရှိသော လရောင်တွင် လှပစွာမြင်ရသည့် ကျိုက်ပါရွာကလေး၏ ရှုမျှော်ခင်းကို ကြည့်ကာ အေးမြသောလေပြေကို ခံစားရင်း မြင်းကို တဖြည်းဖြည်း ရှေ့မှနှင်၍သွားလျက်ရှိ၏။



တစ်ခုသောနေရာသို့ရောက်သော် မောင်သောင်းတင်၏မြင်းသည် ရှေ့မှ ကြိုးဖြင့်ဆီး၍တားလိုက်သကဲ့သို့ ဖြုန်းခနဲထိုးရပ်လိုက်ပြီးလျှင် တစ်စုံတစ်ရာကို နားစွင့်လျက်ရှိနေသည့်ဟန်ဖြင့် နားရွက်များသည် အထက်သို့ထောင်ကာ ရှိနေပြီးနောက်မြင်း၏တစ်ကိုယ်လုံးမှာ ရေခဲကဲ့သို့အေးလျက် နှင်သော်လည်း မတက်ဘဲ နောက်သို့လှည့်ကာ တွန့်ဆုတ်လျက်ရှိနေလေ၏။ ထိုနေရာ၌ လမ်းမှာ အတော်ကျဉ်းမြောင်းသည့်အပြင် ကိုင်းပင်များမှာ လူတစ်ရပ်သာသာမျှ မြင့်ပြီးလျှင် အခြားတစ်ဖက်ရှိ ချောင်းနံဘေး၌လည်း ချုံများပေါက်ရောက်လျက်ရှိလေသည်။

မောင်သောင်းတင်သည် နောက်သို့ရုန်းကန်လျက်ရှိသော မြင်း၏ဇက်ကို လက်တစ်ဖက်ဖြင့် ဆောင့်၍ဆွဲလိုက်ရာ ထိုခဏ၌ မိမိရှေ့ အတောင် ၂၀ ခန့်ဝေးသော နေရာ ကိုင်းပင်များအကြားမှာ ဝုန်းခနဲ ကျားကြီးတစ်ကောင်သည် ထွက်ပေါ်လာပြီးလျှင် လမ်းကိုခုန်လွှားကာ ချောင်းနံဘေးရှိ ချုံကွယ်တစ်ခုတွင် ပျောက်ကွယ်၍သွားလေ၏။

မောင်သောင်းတင်သည် ပထမ ကြက်သေသေလျက်ရှိနေရာမှ ခြောက်လုံးပြူးကို အမြန်ထုတ်၍ သုံးချက်ဆင့်ဆွဲလိုက်လေ၏။ သို့သော် ကျားသည်ကား တစ်စုံတစ်ရာထိခိုက်ဟန်မပြဘဲ ငြိမ်သက်လျက်ရှိ၏။ မောင်သောင်းတင်သည် သူ့ဆီ

www.burmeseclassic.com

www.burmeseclassic.com



သို့ နောက်ထပ်သုံးချက်ပစ်သွင်းလိုက်လေ၏။ သို့သော် မည်သို့မျှ အကြောင်းမထူးချေ။

ထိုအချိန်၌ ဦးရွှေသာမှာ မီလာခဲ့ပြီဖြစ်၍ မောင်သောင်းတင်သည် ဦးရွှေသာထံမှ ရိုင်ဖယ်သေနတ်ကို တောင်းယူပြီးလျှင် တောစပ်ဆီသို့ ကြည့်လိုက်ရာ ခရီး ၂ ဖာလုံလောက်တွင် လှုပ်ရှားနေသောအရာတစ်ခုကို မြင်ရသည်နှင့် သေနတ်ကို ပခုံးဖြင့် ထောက်ကာ ချိန်လေ၏။ ထိုအခါမှာကား လသည် အတော်ပင်မြင့်ခဲ့ပြီဖြစ်၍ အတော်ဝေးသောနေရာထိ ကောင်းစွာမြင်နိုင်ပေ၏။

သို့သော် မောင်သောင်းတင်သည် သေနတ်ဖြင့်ချိန်ရွယ်ရာ သေနတ်ကို ပြန်၍ချထားလိုက်၏။ အကြောင်းမူကား တရွေ့ရွေ့လှုပ်ရှားနေသော အရိပ်များမှာ ကျားသတ္တဝါမဟုတ်ဘဲ လူနှစ်ယောက်ပုံသဏ္ဌာန်ဖြစ်၍ နေသောကြောင့်ပေတည်း။ ထိုအရိပ် ၂ ခုမှာ အလွန်ကြီးသော သစ်ပင်အုပ်ကြီးတစ်ခုမှ ရွာဘက်ဆီသို့ ရွေ့လျားလျက်ရှိနေပြီးနောက် တစ်ခဏမျှကြာသော် မည်းမှောင်သောရွာရိပ်အောက်တွင် ပျောက်ကွယ်၍သွားလေ၏။

'အလို… လူနှစ်ယောက်ပါလား၊ ဦးရွှေသာ ကံကောင်းလို့ဗျာ၊ ပစ်မိမလို့'

'ဟုတ်လား၊ ကျုပ်ဖြင့် မျက်စိမကောင်းတာနဲ့ ကောင်းကောင်းမမြင်ရပါဘူး'



'ဒီကျားကို မျက်ခြည်ပြတ်သွားတာ နာတယ်ဗျာ၊ ဟိုညောင်ပင်အုပ်ဆီကိုပဲ ရိပ်ခနဲပြေးသွားတာ မြင်လိုက်ရက်သားနဲ့'

'ဘယ်ညောင်ပင်အုပ်လဲ'

'အခု လူရိပ်မြင်လိုက်ရတဲ့ ညောင်ပင်အုပ်ကြီးပေါ့'

ငှင်းနောက် နှစ်ယောက်သားလည်း မြင်းများပေါ်သို့ တက်ကာ 'ကျိုက်ပါ' ရွာဘက်သို့ ဆက်လက်၍ ခပ်သွက်သွက်နှင်ခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ကျိုက်ပါ' ရွာသို့ရောက်တော့ မနက်သုံးချက်တီး လောက်ပင် ရှိနေပေပြီ။ ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံ သုံးချက်တီးကြားရသောကြောင့်ဖြစ်၏။ ရွာကလေးသည် အိပ်မောကျလျက်ရှိနေတုန်းပင်ဖြစ်၍ ငြိမ်သက်တိတ်ဆိတ်၍နေရာ မြင်းခွာသံတခွပ်ခွပ်သည်သာ ကျယ်လောင်စွာထွက်ပေါ်၍ နေလေတော့သည်။

ရွာလယ် လမ်းဖုံဖုံကလေးအတိုင်း မြင်းကိုနှင်လာခဲ့ရာ အတန်ကြာသွားပြီးနောက် ရွာတောင်ဘက်ရှိ အိမ်ကြီးတစ်အိမ်ရှေ့တွင် ရပ်လိုက်ကြလေ၏။

'သူ့စာထဲမှာတော့ သူ့အိမ်က ရွာထဲမှာ အကြီးဆုံးပဲတဲ့၊ ကျုပ်အထင်တော့ ဒီအိမ်ပဲဖြစ်မယ်ထင်တယ် ဦးရွှေဘ'



အိမ်ကြီးမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမျိုးဖြစ်ပြီး ရေနံချေးတွေသုတ်ထားသဖြင့် မှိုင်းဝေကာ မည်းမည်းကြီးဖြစ်နေသည်။ တခြားအိမ်တွေထက်သာ၍ ကြီးလည်း ကြီး၊ ဝင်းခြံလည်းခတ်ထား၍ တသီးတသန့် ခမ်းခမ်းနားနားကြီး ရှိနေတော့သည်။

'ဒီရွာထဲက အိမ်တွေထက်တော့ ကြီးတာအမှန်ပဲ မောင်သောင်းတင်ရ၊ မောင့်သူငယ်ချင်းနာမည် ခေါ်ကြည့်ပါလား'

သူတို့နှစ်ယောက် စကားပြောနေကြစဉ်မှာပဲ အိမ်ကြီးဆီမှ မီးရောင်တစ်ချက်လက်တာ မြင်လိုက်ရလေ၏။

နောက် အိမ်တံခါးမကြီးပွင့်လာကာ မီးအိမ်ကိုင်၍ ထွက်လာသော လူတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

'ဟာ... ဘယ်သူတွေများလဲလို့၊ သောင်းတင်တို့ပါလား'

မီးအိမ်ကိုင်လာသော လူထံမှ ဝမ်းသာအားရ ရေရွတ်သံကြီးကို ကြားလိုက်ရသည်။ အနားရောက်၍ ကြည့်မိတော့ သူငယ်ချင်းထွန်းမောင်ဖြစ်နေသည်ကို မောင်သောင်းတင် သိလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းတင်သည် မြင်းပေါ်မှ ကပျာကယာဆင်း၍ သူငယ်ချင်းထွန်းမောင်၏ပခုံးကို ဖက်ကာ…

'ဟေ့ကောင်ကြီး… ငါတွေ့လိုက်ရလို့ အံ့ဩသွားတယ် မဟုတ်လား'

'အေးပေါ့ကွ၊ မင်းက ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ပေါက်ချလာတာကိုး၊ လာမယ်ဆို အကြောင်းလေးဘာလေး ကြားပေါ့ကွ၊ ငါတို့ လာကြိုမှာပေါ့'

'အေး… တမင်ပဲ အကြောင်းမကြားတာ၊ မင်းအံ့သြသွားအောင်လုပ်ချင်လို့'

'မင်းကတော့ကွာ၊ ကျောင်းတုန်းကအတိုင်းပဲ၊ တစ်ဖက်သားကို ရုတ်တရက်အံ့သြသွားအောင် လုပ်ချင်တဲ့အကျင့်က မပျောက်သေးဘဲကိုးကွ'

တိတ်ဆိတ်သောညဦးယံ၌ သူငယ်ချင်းနှစ်ယောက်၏ ဝမ်းသာအားရ စကားပြောသံ၊ ရယ်သံများက ကျယ်ချင်တိုင်း ကျယ်နေတော့သည်။

ကိုထွန်းမောင်သည် ရယ်နေရာမှ သူတို့အား ရပ်ကြည့်နေသော ဦးရွှေသာကို သတိပြုမိသွားသည်။

'ဟေ့… သောင်းတင်၊ ညီ့သည်လည်းပါတာကိုး၊ ကဲ… လာ… အိမ်ထဲဝင်ကြ၊ မြင်းတွေကို ခြံထောင့်က မြင်းတဲကုပ်မှာ ထားလိုက် ဖိုးနိုင်'



ကိုထွန်းမောင်က သူတို့ကို ပြောရင်းမှ အနားရောက်လာသော ကောင်လေးတစ်ယောက်ကို လှမ်းပြောလိုက်လေ၏။ ဖိုးနိုင်ဆိုသောကောင်လေးက မြင်းများကိုဆွဲကာ အိမ်၏နောက်ဘက်ဆီသို့ ဝင်သွားလေသည်။

သူတို့အိမ်ဘက်ဆီသို့ လျှောက်လာရင်း ကိုထွန်းမောင်က…

'သူငယ်ချင်း မင်းတို့ ခရီးပန်းလာကြရောပေါ့၊ ခြေထောက်လက်ထောက်ဆေးပြီး အနားယူလိုက်ပါဦး၊ မနက်ကျမှပဲ ဆက်ပြောကြတာပေါ့၊ သူငယ်ချင်း ဒီမှာ ရေစည်၊ ရေချိုးချင်လည်း ချိုး'

ကိုထွန်းမောင်က အိမ်အဝင်ရှိ စဉ့်အိုးကြီးကို ညွှန်ပြရင်း ပြော၏။ မောင်သောင်းတင်တို့လည်း ခရီးဝေးက လာရသဖြင့် တစ်ကိုယ်လုံး ဖုန်တွေ၊ သဲတွေ၊ ချွေးတွေနှင့် ငြီးစီစီဖြစ်နေသဖြင့် လန်းသွားအောင် ကိုယ်လက်သန့်စင်ခြင်းအမှုကို ပြုကြလေတော့သည်။

ထို့နောက် ကိုထွန်းမောင် လိုက်ပြသော အိမ်ခန်းတွင်းသို့ ဝင်ကာ အနားယူရန် ခေါင်းအုံးနှင့် ခေါင်းထိုးလိုက်သည်နှင့် ပင်ပန်းလာသောအရှိန်ကြောင့် ခဏချင်းမှာပင် အိပ်ပျော်ခြင်းသို့ ရောက်ရလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူတို့ အိပ်ရာက နိုးတော့ မိုးစင်စင်လင်းလျက်ရှိနေပြီဖြစ်၏။ မောင်သောင်းတင်သည် ဦးရွှေသာဘက်သို့ ခေါင်းငဲ့၍ကြည့်လိုက်မိရာ ဦးရွှေသာမှာ အိပ်ရာထက်တွင် ငူငူကြီးငုတ်တုတ်ထိုင်လျက်သား တွေ့လိုက်ရလေ၏။

'ဦးရွှေသာ ဘာလုပ်နေတာလဲဗျ'

'သြော်… မောင်သောင်းတင် နိုးပြီလား၊ ကျုပ်လည်း ခုပဲ နိုးလို့ အကြောအခြင်ဆန့်ပြီး ထိုင်နေတာ'

'ပင်ပန်းလို့လား မသိဘူး၊ အိပ်လို့ကောင်းလိုက်တာဗျာ၊ တစ်ချိုးတည်းပဲ'

'ဟုတ်ပ မောင်သောင်းတင်ရယ်၊ ကျုပ်လည်း ခေါင်းအုံးနဲ့ ခေါင်းထိလိုက်တယ်ဆိုတာနဲ့ ဘာမှကိုမသိနိုင်တော့ဘူး၊ အိပ်ပျော်သွားလိုက်တာ အသေကောင်ကြီးအတိုင်းပဲ'



နှစ်ယောက်သား စကားတပြောပြောဖြင့် အခန်းတွင်းမှ ထွက်လာခဲ့ကြသည်။

'ဟော့… နိုးလာကြပြီလား၊ ဘယ့်နှယ်လဲ၊ အိပ်လို့ ကောင်းရဲ့လားကွ'

အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်နေသော ကိုထွန်းမောင်က လှမ်းပြောလိုက်ခြင်းဖြစ်သည်။

'အိပ်ကောင်းတာတော့ ပြောမနေနဲ့ ကိုထွန်းမောင်ရေ၊ တစ်ချိုးတည်းအိပ်လိုက်တာ ဘာမှတောင်မသိတော့ဘူး'

'ကဲ… ကဲ… အိပ်ရာထပြီး လန်းဆန်းသွားအောင် ရေလေးမိုးလေးချိုးကြဦး၊ ပြီးမှ ထမင်းစားရင်း စကားပြောကြတာပေါ့'

ကိုထွန်းမောင်က ပြောတော့ နှစ်ယောက်သား အိမ်ဘေးရှိ ရေတွင်းလေးဆီသို့ လျှောက်လာခဲ့ကြသည်။ ရေတွင်းကလေးမှာ အနက်တစ်တောင်ခန့်သာရှိပြီး အဝမှာ စကောသာသာခန့်သာရှိ၏။ ရေတွင်းဘောင်မှာ မီးခတ်ကျောက်များဖြင့်စီ၍ အင်္ဂတေကိုင်ထား၏။ ရေတွင်းကိုငုံ့ကြည့်ရာ အောက်မှ ကျောက်စရစ်ခဲလေးများပါ မြင်ရသည်အထိ ရေမှာ ကြည်လင်သန့်ရှင်းလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စိတ်ကြိုက်ရေမိုးချိုး ကိုယ်လက်သန့်စင်ကြပြီးမှ အဝတ်အစားများ လဲလှယ်ဝတ်ဆင်လိုက်ကြသည်။

ထိုအခိုက် ကောင်လေးတစ်ယောက်က ထမင်းစားလိုက်ရန် ခေါ်လေရာ သူတို့လည်း ကောင်လေးနောက်မှ မဆိုင်းမတွလိုက်ပါလာခဲ့ကြသည်။

'လာ... သူငယ်ချင်း ထိုင်၊ ညှိသည်ရော ထိုင်ပါ'

'ညှိသည်မဟုတ်ပါဘူးကွာ၊ ဒါ ငါ့လူယုံတော်ကြီး ဦးရွှေသာတဲ့'

'ဪ... ဟုတ်ကဲ့၊ ကျွန်တော် ထွန်းမောင်ပါ'

မောင်သောင်းတင်က မိတ်ဆက်ပေးလိုက်သဖြင့် ထွန်းမောင်က ဦးရွှေသာကို ပြုံးပြကာ သူ့ကိုယ်သူ မိတ်ဆက်သည်။

'မောင်သောင်းတင်ပြောပြလို့ သိပြီးပါပြီကွယ်'

ထိုအခိုက် သူတို့ထမင်းဝိုင်းသို့ လူတစ်ယောက် ဝင်ထိုင်လိုက်သည်ကို တွေ့ရသည်။ အသက်အရွယ်အားဖြင့် အသက်နှစ်ဆယ်ထက် များစွာမပိုသော လူငယ်လေးတစ်ဦးမျှသာဖြစ်၏။

သူ့အသားမှာ ဖြူသည်ဟုဆိုရမည်ထက် အသားဝါဟုဆိုလျှင် ပို၍မှန်ပေမည်။ နှုတ်ခမ်းမွှေးရေးရေးနှင့် နဖူးပေါ်တွင် ခပ်ယိုင်ယိုင်ဖွေကျနေသည့် နက်မှောင်သောဆံပင်နှင့် မျက်ခုံး



မျက်တောင်တို့သည် သူ့ကို လူချောတစ်ဦးအဖြစ် ထောက်ခံလျက်ရှိတော့သည်။

ကိုယ်လုံးကိုယ်ထည်မှာ ခပ်နွဲ့နွဲ့ရှိပြီး ရှပ်အင်္ကျီအဖြူရောင်ကို ပိုးလုံချည်နှင့်တွဲဝတ်ထားရာ ကြည့်ရသည်မှာ ဇာတ်မင်းသားလိုလို၊ တက္ကသိုလ်ကျောင်းသားလိုလိုနှင့်။

သူတို့ကသာ ထိုသူငယ်ကို စိတ်ဝင်တစား အကဲခတ်နေကြသော်လည်း ထိုလူငယ်မှာ သူတို့ကို တစ်ချက်မျှ မော်၍ပင်မကြည့်ဘဲ မျက်လွှာကြီးချကာ ထမင်းစားပွဲတွင် ငူငူကြီးလာထိုင်နေသည်။

သူ့ပုံစံမှာ အိပ်မက်မက်နေသူတစ်ယောက်လို၊ သိစိတ်ကင်းမဲ့နေသူတစ်ယောက်လိုပင်ဖြစ်၏။

ကိုသောင်းတင်နှင့် ဦးရွှေသာသည် သူငယ်ကိုအကဲခတ်နေရာမှ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိကြသည်။

ကိုထွန်းမောင်ကမူ သူငယ်ကို သနားကြင်နာစွာကြည့်၍ ဟင်းခွက်ထဲမှ ဟင်းတစ်တုံးကို သူငယ်၏ထမင်းပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။ သူငယ်သည် သူ့ထမင်းပန်းကန်ထဲမှ ဟင်းကို မမြင်ဖူးသည့်နှယ် မျက်လုံးအပြူးသားဖြင့် စိုက်ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'စားလေ သား'

ကိုထွန်းမောင်က ထိုသို့ပြောမှ သူငယ်က ထမင်းကို ခေါင်းငုံ့ပြီး အဆက်မပြတ်စားလေ၏။ နောက်ထပ် ဟင်းထည့်ခြင်းပြုခြင်းလည်း မရှိ၊ ကောင်းသည်ဆိုးသည်လည်း ဘာမှ မပြောဘဲ သူ့ပန်းကန်ထဲရှိတာနဲ့သာ ကျုံး၍ကျုံး၍စားနေလေ၏။ ကိုထွန်းမောင်က ဟင်းတွေခပ်ထည့်ပေးရသည်။ ဟင်းချိုတောင်မှ သူ့ပါးစပ်နားတေ့၍တိုက်မှ သောက်လေ၏။

ကိုသောင်းတင်တို့သည် သူငယ်ကို စိတ်ဝင်တစားအကဲခတ်နေမိသည်နှင့် ထမင်းစားရန်ကိုပင် မေ့လျော့နေမိကြသည်။ ကိုထွန်းမောင်က...

'သူငယ်ချင်းတို့ အားရပါးရစားကြနော်'

ဟုဆိုကာမှ ထမင်းစားဖို့ သတိရကြသည်။

ထမင်းစားရင်းမှလည်း သူငယ်ကို လှမ်း၍ လှမ်း၍ အကဲခတ်ရသေးသည်။ သူငယ်သည် သူ့ပန်းကန်ထဲမှ ထမင်းကုန်သွားတာနှင့် လက်ကို စားပွဲပေါ်တင်၍ ငူငူကြီးထိုင်နေပြန်၏။ အနားရှိ ကောင်လေးတစ်ယောက်က သူ့လက်ကို လက်ဆေးဇလုံထဲထည့်ပြီး ဆေးကြောပေးရသည်။ လက်သုတ်ပဝါနှင့် သုတ်ပေးရသည်။ ဘာမှမလုပ်နိုင် မကိုင်နိုင်တော့သည့် အဘိုးအိုကို ပြုစုယုယပေးသည့်နှယ် ရှိတော့၏။



'သား နားချင်သွားနားတော့လေ'

ကိုထွန်းမောင်က ပြောလိုက်တော့မှ စက်ရုပ်တစ်ရုပ်လို ရုတ်ခနဲထထွက်သွားလေတော့၏။ တအံ့တဩအကဲခတ်နေသော သူတို့ကို နှုတ်တောင်ဆက်မသွားချေ။ မျက်လွှာတောင်ပင့်၍ကြည့်မသွားပေ။

ထမင်းစားခန်းထဲမှ ထိုသူငယ်ထွက်သွားတော့မှ ကိုထွန်းမောင်က စကားစလာ၏။

'အဲဒါ ငါ့သားလေး မောင်ဖိုးဝေတဲ့'

'ဪ'

စာထဲမှာရေးထားတဲ့အတိုင်း ထူးဆန်းတဲ့ကလေးပေပဲဟု ကိုသောင်းတင် မှတ်ချက်ပြုမိသည်။ သို့သော် ဤအရွယ်မျှရှိလိမ့်မည်ဟုတော့ မထင်မိခဲ့ချေ။

'သားတောင် ကြီးလှပြီနော်'

'ငါက အိမ်ထောင်ကျတာ စောတာကိုးကွ၊ သားက အသက် ၂၀ ရှိနေပြီ'

ထွန်းမောင်ပြောမှ သူနှင့် ထွန်းမောင် မတွေ့ရတာ အနှစ် ၂၀ တောင်ရှိနေပြီပဲဟု ကိုသောင်းတင် တွေးလိုက်မိသည်။

'သားက အမြဲ ဒီလိုပဲနေတာလား'

ဦးရွှေသာက ဝင်မေးသည်။ ကိုထွန်းမောင်က သက်ပြင်းကို ဟင်းခနဲချပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ငယ်ငယ်ကတည်းက ဒီလိုပါပဲ၊ မသိတဲ့လူတော့ ရူးနေတယ်လို့ ထင်မှာပဲ။ အမှန်တော့ သားက မရူးပါဘူး၊ သူ့ဘာသာသူ နေတတ်သလိုနေတာ၊ အင်း… သူ အဲဒီလိုဖြစ်နေတာကိုပဲ ကျုပ်က အတော်ကလေး စိတ်မချမ်းမသာဖြစ်နေရတာလေ'

'ဒါနဲ့ နေပါဦး ထွန်းမောင်၊ မင်း ငါ့ကို စာရေးခေါ်တဲ့ ကိစ္စက'

'အဲဒီကိစ္စပြောရမယ်ဆို အရှည်ကြီးပဲ သောင်းတင်ရ၊ ကဲပါလေ… ထမင်းစားလိုက်ပါဦး၊ ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့'

ထမင်းစားကြပြီးတော့မှ အိမ်ရှေ့လသာဆောင်တွင် ထမင်းလုံးစီရင်း စကားပြောဖြစ်ကြသည်။

ကိုထွန်းမောင်၏အိမ်သည် ပတ်ဝန်းကျင်တွင် အမြင့်ဆုံးမို့ အပေါ်လွင်ဆုံးဖြစ်ကာ ဘေးပတ်လည်ရှုခင်းများအား အပေါ်စီးကမြင်နေရသည်။ မနီးမဝေးတွင် မှိုင်းညို့နေသော ပဲခူးရိုးမကြီးကို မျက်စိတစ်ဆုံး မြင်ကြရလေသည်။ ညှင်းလေတဖြူးဖြူးကလည်း တိုက်ခတ်နေသည်ဖြစ်ရာ ရှုမျှော်ခင်းများကို မျှော်ငေးရင်း စကားပြောရသည်မှာ အလွန်အရသာရှိလှလေတော့၏။

ကိုထွန်းမောင် တည်ခင်းညှေ့ခံသော လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို တမြုံ့မြုံ့ဝါးလိုက်၊ သောက်လိုက်နှင့် သူပြောသောစကားတို့ကို စိတ်ဝင်တစား နားထောင်ဖြစ်ကြသည်။



'သောင်းတင်ရေ… ငါကတော့ အင်္ဂလိပ်လက်အောက်မှာ မျက်နှာဖြူတွေကို ဘုရားမထူးချင်တော့လို့ အရေးပိုင်ဖြစ်လုဆဲဆဲရောက်မှ ထွက်ပြီး ဒီဒေသမှာ လာနေနေတာလေ၊ လက်ငုတ်လက်ရင်း ခြံမြေမှာပဲ အေးအေးလူလူ ခြံစိုက်စားတော့မယ်လို့ စိတ်ကူးမိတာနဲ့ အလုပ်ကထွက်လိုက်တာ၊ ခုတော့ နားအေးပါးအေးနေရတာပေါ့ကွာ၊ တို့သားအဖနှစ်ယောက်တည်းရှိတာဆိုတော့ သိပ်တော့မပူပင်ရပါဘူး'

'ကောင်းပါတယ်ကွာ၊ ကိုယ်ပိုင်လုပ်ငန်းဆိုတော့ ခေါင်းရှုပ်ခံစရာလည်း မရှိတော့ဘူးပေါ့'

'ဟုတ်တယ်ကွ၊ တာဝန်ဝတ္တရားတွေနဲ့ တစ်ချိန်လုံးလုံးလည်ချာလည်လိုက်နေတာ ခုမှပဲ ငါ့မှာ စိတ်ချမ်းချမ်းသာသာနဲ့ နေရတော့တယ်ဟေ့'

'ဒါနဲ့ အခု မင်းလုပ်ငန်းရော အဆင်ပြေရဲ့လားကွ'

'ပြေပါတယ်ကွာ၊ ငါ့ခြံမြေက တော်တော်ကျယ်တယ်ကွ၊ အလုပ်သမားချည်းပဲ ၅၀-၁၀၀ လောက် ငှားရတယ်၊ မင်းတို့ ခုမြင်နေရတာ ခြံအဝင်ဝလေးပဲရှိသေးတယ်၊ ဟိုးပဲခူးရိုးမထိတောင် ကျယ်ဝန်းပြီးတော့ ပဲခူးရိုးမနဲ့အပြိုင် တော်တော်လည်း ရှည်သေးတယ်ကွ'

ကိုထွန်းမောင်က ပျပျမြင်ရသော ပဲခူးရိုးမကြီးကို လက်

www.burmeseclassic.com

www.burmeseclassic.com



ညှိုးထိုးရင်းပြောရာ သူတို့မှာ ထွန်းမောင်ညွှန်ပြရာကို မျှော်ကြည့်ရင်း ဦးရွှေသာက တအံ့တသြမှတ်ချက်ပြုသည်။

'တော်တော်ကျယ်သားဗျ'

'ကျုပ်ခြံရဲ့အဆုံးနားမှာ လှိုဏ်လေးတစ်ခုရှိတယ်၊ ငါမင်းကိုခေါ်ရတဲ့ကိစ္စက အဲဒီလှိုဏ်နဲ့ပတ်သက်နေတယ် သောင်းတင်ရေ'

'ဟေ… ဘယ်လို'

ကိုထွန်းမောင်စကားကြောင့် ကိုသောင်းတင်မှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

'အေး… ဖြစ်ပုံက ဒီလိုကွ'

ကိုထွန်းမောင်က ကိုသောင်းတင်၏ မျက်ဝန်းများဆီသို့ တည့်တည့်စိုက်ကြည့်ရင်း စကားစလိုက်၏။

'အဲဒီလှိုဏ်ကလေးထဲမှာ ဘုရားပျက်လိုလို တစ်ဆူရှိတယ်ကွ၊ အရင်ကတော့ အဲဒီဘုရားပျက်နားကို တခြားလူတွေ သွားဖူးကြတာပါပဲ၊ အဲ… တစ်နေ့တော့ အဲဒီဘုရားပျက်နား ငါ့သားမောင်မိုးဝေ ရောက်သွားတယ်ကွ'

ထူးဆန်းလှသော အဖြစ်အပျက်တစ်ခုသည် ကိုထွန်းမောင်၏ စကားမှတစ်ဆင့် ရုပ်လုံးကြွ၍လာလေတော့၏။

■

## အခန်း (၄)

ထိုနေ့က ဘယ်လိုလုပ်ပြီး မိုးဝေ ထိုနေရာရောက်သွားခဲ့သည်ကို ဘယ်သူမျှ မသိလိုက်ကြပါ။

သို့သော် ထူးဆန်းသည်မှာတော့ ဘယ်တုန်းကမှ စကားကို ရေရေလည်လည်မပြောတတ်ခဲ့သော မိုးဝေသည် ထိုနေ့က ထိုနေရာတွင် တွေ့ကြုံခဲ့ရသည်များအကြောင်းနှင့် ထူးဆန်းအံ့သြဖွယ် အခြင်းအရာအစုံကို လုံးစေ့ပတ်စေ့ ပြန်ပြောတတ်ခဲ့ခြင်း ဖြစ်လေသည်။ ပြန်ပြောပြသည်မှာ နားထောင်နေရသူများပင် ထိုစဉ်က ကိုယ်တိုင်ကြုံတွေ့နေရသကဲ့သို့ ရှိလေသည်။

ထိုစဉ်က…

မိုးဝေ စတင်သတိထားမိသည်မှာ မီးခိုးများကို ဖြစ်လေသည်။ စတွေ့တွေ့ချင်းမှာတော့ သူ တောမီးလောင်နေသည်လား

www.burmeseclassic.com

www.burmeseclassic.com



ဟုပင် ထင်လိုက်မိသေးသည်။ ထို့ကြောင့်လည်း အနားသို့တိုးကပ်သွားမိခြင်းဖြစ်လေသည်။ တောမီးသာဆိုပါက အန္တရာယ်ရှိပြီး နီးစပ်ရာကို သတိပေးအကြောင်းကြားရမည် မဟုတ်ပါလား။ သို့သော် သိပ်မသွားရသေးခင်မှာပင် တောမီးမဟုတ်ကြောင်း သတိပြုမိလိုက်လေ၏။ တောမီးသာဆိုပါက တစ်လုံးတစ်ခဲတည်း အူတက်လာမည်ပဲ။ အခုက တစ်မျှင်စ နှစ်မျှင်စ။ မီးခိုးမှန်းတော့ သိသာနေလေသည်။ သို့သော် ပါးပါးလျားလျားမျှသာ။ မီးခိုးများလွင့်တက်သွားရာသို့ လိုက်ကြည့်ရင်း သူ့ရင်ထဲ အံ့ဩခြင်း အရမ်းကြီးသွားခဲ့ရလေ၏။

မီးခိုးများသည် ဘေးနှစ်ဖက်နှစ်ချက်မှ ဖြာတက်နေကြခြင်းဖြစ်လေသည်။ ထိုသို့ဖြာတက်သွားရာမှ တစ်ဖန် ကောင်းကင်တစ်နေရာတွင် ပြန်လည်စုဆုံနေကြပြန်၏။ ကောင်းကင်ပေါ်မှ မီးခိုးမျှင်တန်းများအား လိုက်ကြည့်မိသောအခါ…

'ဟင်… လူနှစ်ယောက်ပါလား'

မိုးဝေနှုတ်မှ အာမေဋိတ်သံပင် သိသိသာသာထွက်မိလေ၏။

မီးခိုးများလွင့်ပါးနေပုံမှာ လူနှစ်ယောက်၏အသွင်ကို ဖော်ထုတ်နေလေ၏။ လူနှစ်ယောက်မှာ ကျားနှင့်မစုံတွဲဖြစ်သော နှစ်ယောက်။ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားကြသည့်



ဟန်မျိုးဖြစ်လေသည်။ မီးခိုးတွေသည် ထိုသို့ လူပုံထင်ထင်ရှားရှားဖော်လျက် လွင့်ပျံတက်နေသည်ကို သူ တစ်ခါမျှမမြင်ဖူးခဲ့။

ဘယ်လိုနေရာကများ ထိုသို့ မီးခိုးတွေတက်လာသလဲ။

စူးစမ်းလိုစိတ်ဖြင့် ရှေ့ဆက်လျှောက်မိလေသည်။

သိချင်စိတ် စေ့စော်လွန်းအားကြီး၍သာ ရှေ့က မြင်နေရသည့် လှိုဏ်ကလေးထဲ သူဆင်းလာခဲ့မိသည်။ အတန်ကြာလျှောက်လာခဲ့ပြီးသည့်နောက် ဘုရားပျက်တစ်ဆူကို တွေ့လိုက်ရသည်။ ဘုရားပျက်၏ အောက်ခြေတွင် ဂူဝတစ်ခု။

ထိုဂူထဲသို့ သူဝင်လာခဲ့မိသည်။ ဂူထဲသို့ ဝင်လျှင် ဝင်ချင်းပင်…

ဖုန်နံ့နှင့် မီးခိုးနံ့များကြောင့် မိုးဝေ အသက်ရှူကျပ်လာမိသည်။ မီးခိုးများသည် ဂူထဲမှလွင့်ထွက်နေသလားဟုပင် ထင်ရသည်။

အထဲမှာ ဘာတွေရှိနေမည်လဲ။

မိုးဝေသည် ကြောက်လန့်စိတ်များ ကင်းစင်၍နေကာ ဂူတွင်းသို့သာ သဲသဲမဲမဲစူးစိုက်ကြည့်နေမိသည်။

မီးခိုးများ ရစ်သိုင်းကာဆီးနေသဖြင့် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရပေ။ အလင်းရောင်ကလည်း အားနည်းမှိန်ဖျော့လွန်းလှလေ၏။ ထိုစဉ် ဂူတွင်းပိုင်းမှနေ၍ ထူးဆန်းသော လေအေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဇွေ့ယမ်းတိုက်ခတ်လိုက်လေရာ မိုးဝေမှာ လန့်ပြီး ထအော်မိမလိုပင် ဖြစ်သွားခဲ့ရလေသည်။

လေက အေးစိမ့်လွန်းလှသည်။ ပြီးတော့ တိုက်ပုံကလည်း ဆန်းကြယ်၏။ အမှန်ဆို သူက အပြင်က ဝင်လာသူမို့ နောက်ကျောက လေတိုက်ရမှာမဟုတ်လား။ ခုတော့ ရှေ့ဘက်က တိုက်နေလေသည်။ တိုက်တာကလည်း မျက်နှာဆီတည့်တည့်၊ လေတိုက်သည်ထက် တစ်ယောက်ယောက်က တမင်မျက်နှာဆီတည့်တည့် လေဖြင့်မှုတ်လိုက်သည်နှင့် တူနေလေ၏။

သို့သော် ပါးစပ်ဖြင့်မှုတ်သလို ပူနွေးမနေဘဲ ရေခဲငွေ့တမျှ အေးမြလွန်းနေခြင်းကသာ မအပ်မရာဖြစ်နေခြင်းပါ။ ထိုထူးဆန်းသောလေအေးကြောင့် တစ်ချက်တွန့်ခနဲဖြစ်သွားရပြီးမှ သိချင်စိတ်က ကြီးစိုးနေသဖြင့် ဆက်ဝင်လာခဲ့လေသည်။

မျက်စိကျင့်သား မရသေးသဖြင့် ဘာကိုမှ သေချာမမြင်ရသေး။ အရာရာ ပိန်းပိတ်မည်းမှောင်၍နေလေ၏။ ခြေနှစ်လှမ်းမျှ ရှေ့ကို ဆက်လှမ်းလိုက်၏။ ထိုစဉ်မှာပင် မျက်နှာပေါ် အမှေးအမျှင်များကျလာသဖြင့် ရုတ်တရက်လန့်သွားရသည်။ အသေအချာကြည့်တော့မှ ပင့်ကူမှေးတွေဖြစ်နေမှန်း သိလိုက်လေ၏။

'ငါ့နှယ် ကြောက်တတ်ရန်ကော'



ဟု ကိုယ့်ကိုယ်ကို မလုံမလဲရေရွတ်ရင်း အတွင်းပိုင်းသို့ ပို၍သာတိုးဝင်လာခဲ့ပါလေသည်။ တဖြည်းဖြည်း မျက်စိကလည်း ကျင့်သားရခဲ့လေ၏။

ဂူလေး၏အတွင်းပိုင်းမှာ ရှင်းလင်း၍နေပါသည်။ အတွင်းဆုံးအလယ်ဗဟိုတည့်တည့်ဆီတွင် နတ်ရုပ်လိုလို ရုပ်တုလေးတစ်ဆူရှိနေသည်။ နတ်ရုပ်ရှေ့၌ အမွှေးတိုင်ထည့်ထွန်းရန် ခွက်လိုလိုတစ်ခုတော့ တွေ့၏။ ပန်းကနုတ်များဖော်ထားကာ ရှေးလက်ရာမှန်း သိသာလှသော်လည်း အတော်ဟောင်းမြည်းလှပေပြီ။ နှစ်ပရိစ္ဆေဒကြာမြင့်လှဟန်ရှိပြီး မြေသားခွက်ဖြစ်သဖြင့်လည်း ထိကိုင်လိုက်မိသည်နှင့်ပင် ကွဲကျကြေမွသွားလုမတတ် ဆွေးမြည့်နေလေတော့သည်။

သို့သော် ထိုခွက်ထဲမှ အမွှေးတိုင်၊ ဖယောင်းတိုင်စသည့် မီးခိုးထွက်လောက်စရာ လောင်ကျွမ်းနေသောအရာ တစ်ခုမျှမတွေ့ရပါ။

အသုံးမပြုသည်မှာ ကြာလှပြီဖြစ်ဟန်တူသော ခွက်အဝသည်ပင် ပင့်ကူမှေးများ တက်လျက်ရှိလေသည်။

ဒါဆို မီးခိုးထွက်တာ ဒီထဲကမှ ဟုတ်ရဲ့လား။

ဒီနေရာတစ်ဝိုက်မှာလည်း တခြားဆန်းဆန်းပြားပြား တစ်ခုမျှ မရှိ။ တွေးရခက်လှသည်နှင့် နေရာတွင်ပင် အငိုင်သားရပ်နေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မျက်စိက ထူးထူးခြားခြားဖြစ်နေသော အရာတစ်ခုဆီ အကြည့်ရောက်သွားခဲ့လေ၏။ ဂူထောင့်စွန်းတွင် အမှိုက်သရိုက်များ စုပုံထားသလို နေရာတစ်ခုဆီမှ ဖျတ်ခနဲလက်သွားသော အလင်းရောင်တစ်စကို မြင်လိုက်ရခြင်းဖြစ်သည်။ ရှေ့သို့တိုးသွားပြီး သေချာကြည့်သောအခါ အမှိုက်သရိုက်တို့ကြားမှ တစ်စွန်းတစ်စပေါ်ထွက်နေသော ရွှေရောင်တောက်တောက် အရာတစ်ခု။

သိချင်စိတ်ဖြင့် ဆွဲထုတ်ကြည့်လိုက်လေသည်။ ပြားပြားရှည်ရှည်အရာကလေးသည် ရင်ခုန်ဖွယ် တဖြည်းဖြည်းထွက်ပေါ်လာခဲ့၏။ ရွှေပိန်းချထားသော ပုရပိုက်တစ်ခု။ ပုရပိုက်ကို မျက်နှာနားကပ်ကာ ဆွဲယူကြည့်ရှုလိုက်၏။

အလင်းရောင်အားနည်းသဖြင့် မသဲကွဲသော်လည်း ရှေးခေတ်သုံးဘာသာစကားတစ်မျိုးဖြင့် စာများရေးသားထားသည်ကိုတော့ တွေ့ရလေ၏။ အပြင်ရောက်မှ သေချာကြည့်တော့မည်ဟု ယင်းပုရပိုက်အား ယူကာ ထွက်လာခဲ့လိုက်သည်။

အပြင်ရောက်သည့်အခါ မီးခိုးများကို သတိတရနှင့်ကြည့်သေးသည်။ ခုတော့လည်း လောကဝန်းကျင်တစ်ခုလုံးမှာကြည်စင်လင်းဖြာလျက်။ မီးခိုးဟူ၍ တစ်စမျှပင် မမြင်ရတော့။



ယင်းမှာ ပဟေဠိတစ်ခု၏ အစဆိုပါက လက်ထဲပါလာခဲ့သော ပုရပိုက်လေးမှာ ပဟေဠိကြီး၏ နောက်ထပ် ပိုမိုရှုပ်ထွေးလှစွာသော အတွင်းအနက်ရှိုင်းဆုံးသို့ ဝင်ရောက်လိုက်ခြင်းပင်ဖြစ်ပါလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'ဒါပါပဲ သောင်းတင်ရေ၊ ထူးခြားတာက အဲဒီပုရပိုက်လေးရလာပြီးကတည်းက ငါ့သားဟာ အသက်ဝင်လာသလိုပဲ၊ တခြားအချိန်တွေမှာ မင်းတို့တွေ့တဲ့အတိုင်း ရူးသွပ်နေသူတစ်ယောက်လို အသက်ဝိညာဉ်ကင်းမဲ့နေသလို ရှိနေပေမယ့် အဲဒီပုရပိုက်လေးကို ကြည့်နေတဲ့အချိန်မျိုး၊ ပုရပိုက်လေး လက်ထဲထားပြီး အဲဒီအကြောင်း တိုင်ပင်ဆွေးနွေးနေတိုင်းမှာ သူဟာ မင်းတို့ ငါတို့လို ပုံမှန်ဖြစ်လာသလိုပဲ၊ သူ့မျက်လုံးတွေက အရောင်တောက်လာပြီး အသက်ဝင်လာသလို တဖျတ်ဖျတ်နဲ့၊ ငါ့ဘဝမှာ ငါ့သားလေး အဲဒီလိုဖြစ်လာတာကို မြင်ရတာ စိတ်ချမ်းသာစရာအကောင်းဆုံးပဲ။ သူ အဲဒီလိုပုံမှန်ဖြစ်လာဖို့အတွက်



ငါ မျှော်လင့်တကြီးစောင့်ခဲ့ရတာ၊ ဒါကြောင့် အဲဒီပုရပိုက်ဟာ ဘာပဲဖြစ်ဖြစ် ငါ အဲဒီကိစ္စကို ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒီအချိန်မှာ ငါသတိရလိုက်တာက မင်းကိုပဲ၊ မင်းက ဒီလို ထူးထူးဆန်းဆန်းကိစ္စတွေမှာ အတွေ့အကြုံရှိသလို ဝါသနာလည်းပါတယ်၊ ပြီးတော့ စွန့်စွန့်စားစားလုပ်စရာကြုံရင်လည်း မင်းက အားကိုးရတယ်ဆိုတော့ ခုလို စာရေးပြီးခေါ်ရတာပဲကွ'

ရှည်ရှည်လျားလျားပြော၍ ဆုံးသွားသောအခါ ကိုထွန်းမောင်မှာ မောသွားဟန်ရှိသော်လည်း သူ့သားအတွက် မျှော်လင့်ချက်ဖြင့် ကိုသောင်းတင်ကို လှမ်းကြည့်နေလေ၏။ လက်ချောင်းအဖျားနှစ်ဖက်ကို ပတ္တာဆက်ရင်း တည်ငြိမ်စွာနားထောင်နေရာမှ ကိုသောင်းတင်က မျက်ခုံးတစ်ချက်ပင့်ကာ မေးလိုက်လေသည်။

'အဲဒီပုရပိုက်ကရော ဘယ်မှာလဲ'

'ဟော့… ဖိုးနိုင်၊ ဘုရားစင်ပေါ်က ပုရပိုက်လေး သွားယူစမ်း'

ကိုထွန်းမောင်က အနားတွင်ရှိသော လက်တိုလက်တောင်းခိုင်းထားသော ကောင်လေးအား ခိုင်းလိုက်လေ၏။

ကောင်လေးပြန်လာသောအခါ လက်ထဲတွင် ရွှေပိန်းချ ပုရပိုက်တစ်ခု ပါလာသည်ကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ရုံနှင့်ပင် အလွန်ရှေးကျသော ပုရပိုက်မှန်း သိသာနေလေ၏။ ကိုင်လိုက်လျှင်ပင် အက်ကွဲကြေကျသွားလုမတတ်ပင်။

ကိုသောင်းတင်က ညင်သာစွာကိုင်တွယ်ကြည့်ရှုရင်းမှ အလွန်စိတ်ဝင်စားဟန်ဖြင့် ခါးကို ဆန့်မတ်လိုက်ကာ ပုရပိုက်အား စူးစူးစိုက်စိုက် ကြည့်နေလေ၏။ ကျန်သူများလည်း စိတ်အားထက်သန်လာကာ ကိုသောင်းတင်၏ လှုပ်ရှားမှုများအား မျက်တောင်မခတ်တမ်းမျှ စောင့်ကြည့်နေမိလေတော့သည်။

ကိုသောင်းတင်က ကိုထွန်းမောင်ကို လှမ်းမေးလိုက်သည်။

'ဒါနဲ့ ဒီပုရပိုက်ရတဲ့နေ့က မင်းသား လှုပုံထွက်နေတဲ့ မီးခိုးငွေ့တွေ တွေ့သေးတယ်နော်၊ ဟုတ်လား'

'အင်း… အဲဒီလိုပြောတာပဲ၊ ဒါပေမဲ့ ဂူပြင်မှာတုန်းက တွေ့တာပါ၊ ပုရပိုက်ရပြီး ထွက်လာတဲ့အခါကျတော့ ဘာမှမတွေ့ရတော့ဘူးတဲ့'

'ဆန်းတာကတော့ အတော်ဆန်းနေပြီ၊ မီးခိုးငွေ့တွေ့တယ်၊ လှုပုံပေါ်တဲ့ မီးခိုးပါးပါး၊ အင်း… ဘယ်ကလာတာများ ဖြစ်မလဲ၊ အဲဒီနေရာကို သွားကြည့်ရရင် ကောင်းမယ်နဲ့တူတယ်'



ကိုသောင်းတင်မှာ သူ့ဟာသူ ရေရွတ်နေရင်းမှ ဆုံးဖြတ်ချက်ချလိုက်သလို ရှိသည်။

'ဟုတ်တယ်၊ သွားကြည့်ရမယ်၊ အဲဒီမီးခိုးငွေ့တွေ့တယ်ဆိုတဲ့နေရာ လိုက်ပြပါလား'

ကိုထွန်းမောင်အား လှမ်းပြောလိုက်ရင်း လူကလည်း တစ်ဆက်တည်း ထိုင်ရာမှ ထလိုက်လေသဖြင့် အားလုံးလိုက်သွားရလေတော့၏။

မောင်မိုးဝေ မီးခိုးငွေ့များတွေ့ရသည်ဆိုသော ဘုရားပျက်လေးဆီ အလာလမ်းတွင် ကိုထွန်းမောင်မှာ သိလိုစိတ်ဖြင့် မေးသေး၏။

'ပုရပိုက်မှာ ဘာတွေရေးထားလို့လဲဟင်၊ အဲဒါက မီးခိုးငွေ့တွေ တွေ့တယ်ဆိုတာနဲ့ ဆက်စပ်နေလို့လား'

ကိုထွန်းမောင် အမေးကြောင့် ကိုသောင်းတင်က မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုရင်း…

'အင်း… ခုတော့ မဆုံးဖြတ်နိုင်သေးဘူး၊ ရေးထားတာ သိပ်ရှေးကျတဲ့ ဘာသာစကားတစ်မျိုးနဲ့မို့လို့ ကျုပ်လည်း မှန်းဆအဓိပ္ပာယ်ဖော်ကြည့်ရုံပဲ ရှိသေးတယ်၊ ဒါပေမဲ့ ဟိုနေရာကို ကြည့်ပြီးရင်တော့ အကြမ်းဖျင်း ပြောလို့ရလောက်မယ် ထင်ပါရဲ့ဗျာ'

ကိုထွန်းမောင်၏ ခြံများမှာ အတော်ကျယ်ဝန်းလှသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ လှိုဏ်ကလေးဆီသို့ရောက်အောင် အတော်ကလေးလျှောက်ခဲ့ကြရသည်။

လမ်းလျှောက်လာကြရင်း ကိုထွန်းမောင်၏ အောင်မြင်ဖြစ်ထွန်းနေသော သီးပင်စားပင် ခြံဝင်းများကို တအံ့တသြကြည့်ရင်း အားကျနေမိကြသေးသည်။

အမြင့်နီးသော်လည်း ခရီးဝေးလှသည်။

နေရောင်မထိုး၊ နေစွယ်ညိုးနေ၍သာ တော်ပေသေးတော့သည်။ မှိုင်းညို့ညို့ ပဲခူးရိုးမကြီးကား မျှော်ကြည့်လေသော်လည်း မမြင်ရတော့ပေ။ သူတို့သည် တောအုပ်လေးသဖွယ်ဖြစ်နေသော ခြံဝင်းကျယ်ကြီးများထဲမှ မပြေးရုံတမယ် ခြေလှမ်းများဖြင့် ခပ်သွက်သွက်နှင်လာခဲ့ကြလေ၏။

'ဟိုရှေ့နားဆို ရောက်ပါပြီ'

ကိုထွန်းမောင်က အားပေးရှာသည်။ လူကြီးဖြစ်သည့် ဦးရွှေသာ မဆိုထားဘိ၊ အကူအညီ လိုရမည်ရခေါ်လာသော ဖိုးနိုင်ဆိုသော ကောင်လေးပင် လျှာထွက်မောဟိုက်နေပေပြီ။

ရောက်ခါနီးပြီဖြစ်၍ သူတို့ခြေလှမ်း ပိုသွက်သွားကြသည်။

ဦးဆုံး လှိုဏ်မြောင်လေးတစ်ခုကို မြင်ကြရသည်။ လှိုဏ်မြောင်လေးအတွင်းသို့ ဆင်းမိကြသည့်အခါ ဘုရားပျက်ကြီးကို



တွေ့ကြရလေသည်။ ဘုရားပျက်၏ အောက်ခြေဂူလေးကို ကိုထွန်းမောင်က 'ဒါပဲ'ဟု မေးဆတ်ပြ၍ သူတို့ ဝင်လာခဲ့ကြတော့သည်။ အလင်းရောင်သည် ဂူတွင်းပိုင်းလောက်ထိ မြင်သာရုံရှိသည်။ ဘုရားပျက်ဂူထဲသို့ ရောက်သည်နှင့် ကိုသောင်းတင် ဆိုက်ဆိုက်မြိုက်မြိုက်သွားမိသည်မှာ နတ်ရုပ်တည့်တည့်ဆီသို့ ဖြစ်လေသည်။

အမိကအားဖြင့် ထိုနတ်ရုပ်၏ရှေ့၌ရှိသော အမွှေးတိုင်ခွက်လိုလိုအရာကို သေချာကျနစွာ အကြာကြီးလေ့လာ၍နေလေ၏။

ကျန်သူများမှာ အသံပင်မပြုဝံ့သလို စိတ်ဝင်တစားစောင့်ကြည့်နေကြလေသည်။ အတန်ကြာမှ ကိုသောင်းတင်က အားရသွားသလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း···

'ဒီအတိုင်းပဲဖြစ်ရမယ်'

ဟု တီးတိုးရေရွတ်လေ၏။

အပြင်ပြန်ထွက်လာကြတော့မှ ကိုသောင်းတင်အား ဝိုင်းမေးကြသည်။ ကိုသောင်းတင်က တွေးတွေးဆဆဖြင့်···

'ပုရပိုက်မှာ ရေးထားတာက ကမ်းယံစာဗျ၊ ရှေးကပျူ၊ ကမ်းယံ၊ သက်ဆိုတဲ့လူမျိုးတွေ ရှိတယ်ဆိုတာ ခင်ဗျားတို့ ကြားဖူးမှာပေါ့၊ ဒါပေမဲ့ သုံးတဲ့စာက အင်မတန်ရှေးကျနေပြီမို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း အထင်နဲ့မဆုံးဖြတ်ဘဲ ပိုသေချာအောင် ဒီနေရာကို လာကြည့်လိုက်တာ၊ သေချာပါတယ်၊ ဒီကိစ္စဟာ အမွေးတိုင်လို ပစ္စည်းမျိုးနဲ့ လုံးဝပတ်သက်နေရမယ်'

'စာထဲမှာ ဘာရေးထားလို့လဲ'

ဦးရွှေသာက ဝင်မေးသည်။ ကိုထွန်းမောင်ကလည်း သိချင်ဇောဖြင့် ကိုသောင်းတင်မျက်နှာကို တစူးတစိုက်ကြည့်၏။

'အဓိပ္ပာယ်တော့ ဝေဝေဝါးဝါးပဲ၊ အမွေးတိုင်ထဲက ဝိညာဉ်၊ အမွေးတိုင်များကို ထိန်းသိမ်းသူများ၊ မုန္တကရာဇ်ရှေးဟောင်းမြို့တော်လို့ ရေးတယ်ဗျ'

'မုန္တကရာဇ်ရှေးဟောင်းမြို့တော် ဟုတ်လား၊ အဲဒါက ဘယ်နေရာမှာလဲ'

ကိုထွန်းမောင်အမေးကြောင့် ကိုသောင်းတင်က စဉ်းစားရခက်သောမျက်နှာဖြင့်…

'ရှေးတုန်းက ရှိခဲ့တာပေါ့ဗျာ၊ အခု ချင်းပြည်နယ်ထဲ ရောက်နေတဲ့ ယောဒေသတစ်ကြောမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့တော့ ယောဒေသဘက်ကို သွားရဖို့ ကျိန်းသေပြီဗျို့'

ပြောသည့်အတိုင်းပြုလုပ်ရန် စိတ်နှလုံးဒုန်းဒုန်းချလိုက်သော ကိုသောင်းတင်၏ မျက်နှာထားကို မြင်လိုက်ရသောအခါ ကိုထွန်းမောင်မှာ အားရဝမ်းသာဖြင့်…



'သူငယ်ချင်းရယ်၊ ဒီကိစ္စကို မင်းအစအဆုံးကူညီပေးမယ်ဆိုတာ ငါယုံပါတယ်၊ ငွေရေးကြေးရေးကိစ္စအတွက်ကတော့ ဘာမှမပူနဲ့၊ ငါအားလုံးစီစဉ်ပေးမယ်၊ ဒါပေမဲ့ ခရီးထွက်ရင်တော့ ငါမလိုက်နိုင်ဘူးကွာ၊ ဒီမှာ ငါမရှိလို့မဖြစ်ဘူးကွ၊ ငါ့သားလေးကိုတော့ ခေါ်သွားပါ၊ မင်းလက်ထဲ စိတ်ချလက်ချ ငါအပ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီပုရပိုက်တွေက ငါ့သားနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတယ်လို့ ငါထင်တယ်၊ ဒီကိစ္စ ရှင်းရှင်းလင်းလင်း သိရအောင် မင်းပဲကူညီပေးပါတော့ကွာ၊ နော်'

'စိတ်ချပါကွာ၊ ငါကူညီပေးပါ့မယ်၊ ငါတို့ ခရီးထွက်ဖို့သာ စီမံပေးပါတော့'

'အေးပါကွာ… ကျေးဇူးပဲ သူငယ်ချင်း'

ကိုထွန်းမောင်သည် သူငယ်ချင်းသောင်းတင်၏ လက်ကိုဆွဲ၍ လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ချင်းတွင်းမြစ်နှုတ်ခမ်း တောင်တန်းများနှင့် ချင်းတောင်တန်းများကြားရှိ လွင်ပြင် (သို့မဟုတ် ချိုင့်ဝှမ်းဒေသ)ဖြစ်သည့် ကလေးမြို့သို့ ကျွန်ုပ်တို့အဖွဲ့ ရောက်ရှိလာခဲ့ကြပြီဖြစ်၏။

ကျွန်ုပ်တို့အဖွဲ့ဟုဆိုရာတွင် ပါဝင်သူများမှာ ကျွန်ုပ်နှင့် ဦးရွှေသာ ပြီးတော့ ဒီခရီးမှာ အဓိကွရာဖြစ်သည့် မောင်မိုးဝေ၊ လက်တိုလက်တောင်းခိုင်းစေရန် ထွန်းမောင်ထည့်ပေးလိုက်သည့် ဖိုးနိုင်ဆိုသော ကောင်လေး၊ အားလုံးလေးယောက်နဲ့ ကျွန်ုပ်တို့ရဲ့ ခရီးအစကလေးမှသည် (ဗုဒ္ဓကရာဇ် ရှေးဟောင်းမြို့တော်ရှိသည်ဟု ကြားဖူးနားဝရှိခဲ့ဖူးသည့်) ချင်းတောင်တန်းများဆီသို့ အရောက်သွားကြမည်ဖြစ်သည်။

တစ်ခုထူးခြားသည်က ခရီးစထွက်လာကတည်းက



မောင်မိုးဝေမှာ ခါတိုင်းလို ငေးငိုင်တွေဝေနေခြင်းမရှိတော့ဘဲ တက်ကြွသွက်လက်နေတာကို အံ့သြဖွယ်ရာ တွေ့ရလေ၏။

ကလေးမြို့တွင် တစ်ညတာ နားနေတည်းခိုပြီးနောက် တောင်ပေါ်သို့တက်ကြလေသည်။

(ဖလမ်း၊ ဟားခါး စသော ချင်းတောင်မြို့များသို့သွားလျှင် ဤအရပ်က လူများသည် တောင်ပေါ်တက်သည်ဟု ပြောကြသည်။)

ကလေးမြို့မှ ထွက်သည်ဆိုလျှင် တာဟန်းရွာကြီးကို ဝင်ကြရသည်။ ထိုရွာတွင် မြင်းများဝယ်၍ မြင်းစီး၍ တောင်ပေါ်သို့ခရီးဆက်ကြရပြန်သည်။ ကျွန်ုပ်တို့သည် တောင်တန်းများဆီသို့ တဖြည်းဖြည်းတက်လာရာ တောသည် ပို၍နက်လာ၏။

တောတောင်ရေမြေအခြေအနေသည် မြန်မာပြည်မတွင် တွေ့ရလေ့ရှိသောအခြေအနေနှင့် မခြားလှချေ။

'ဦးရွှေသာ ရှေ့မှာ အမှတ်သုံး စကော့ကီဘင်တဲ့ဗျ၊ ကျုပ်တို့ကို စစ်မေးဦးမယ်ထင်တယ်'

ကျွန်ုပ်က ပြောလိုက်လျှင် ဦးရွှေသာ ခေါင်းညိတ်ပြရင်း . . .

'ကြည့်ပြောတာပေါ့ဗျာ'

ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စတော့ဂိတ်သို့ ရောက်သောအခါ အစောင့်ပုလိပ်က ကျွန်ုပ်တို့အား လှမ်းမေးလေ၏။

'ဟေ့… ဘယ်သွားမလို့လဲ'

'ထန်တလန်ကို သွားချင်လို့ပါ'

ပုလိပ်သားသည် ကျွန်ုပ်တို့အဖွဲ့အား စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသည်။ နောက် ဘာကိစ္စလဲ၊ ဘာလဲ၊ ညာလဲနှင့် အားရအောင်စစ်မေးပြီးမှ ကျွန်ုပ်တို့အား သွားခွင့်ပြုလိုက်သည်။ တော်သေးသည်မှာ ကျွန်ုပ်သည် ချင်းစကားကို မတောက်တခေါက်ပြောတတ်နေခြင်းက ကံကောင်းသည်ဟု ဆိုရပေမည်။ ထန်တလန်မှာ ရှိသည့် အစ်ကိုဖြစ်သူထံ သွားမည်ဟု ဖြီးဖြန်းပြောဆိုလိုက်သည့်အတွက် အစောင့်ပုလိပ်က ကျွန်ုပ်တို့အား အလွယ်တကူ ဖြတ်သန်းသွားခွင့်ပေးလိုက်ခြင်းပင်ဖြစ်၏။

စတော့ဂိတ်သည် လမ်းဆုံလမ်းခွဖြစ်၏။ ညာဘက်လမ်းသို့လိုက်သော် တီးတိန်သို့ရောက်မည်။ ဘယ်ဘက်လမ်းသို့လိုက်သော် ဖလမ်း၊ ဟားခါးသို့ ရောက်မည်။ ပေ ၃၀၀၀ ကျော်လာပြီထင်သည်။ ကျွန်းပင်များကို သိပ်မတွေ့ရတော့ပြီ။

ချင်းတောင်များသည် မြန်မာနိုင်ငံ အခြားအရပ်များက တောင်များနှင့် မတူ။ လွန်စွာမတ်စောက်ပြီး တစ်လုံးနှင့်တစ်လုံး ကပ်နေသည်။ တောင်တန်းများကြားတွင် ချိုင့်ဝှမ်းဒေသဟူ၍ မရှိဘဲဖြစ်နေတယ်။



တောင်ပတ်လမ်းသည် အလွန်ကွေ့ကောက်လှပေ၏။ လမ်းမှာ အလွန်လည်းကျဉ်းမြောင်းလှသည်။ တောင်ကမ်းပါးများမှာ မတ်စောက်လှသဖြင့် ကျွန်ုပ်တို့မှာ အောက်ကို ရဲရဲပင်မကြည့်ရဲကြချေ။

ကျွန်ုပ်တို့သည် တောင်ကြီးတစ်ခုပေါ်သို့ရောက်တိုင်း လာလမ်းအဝေးကြီးကို ပြန်ကြည့်နိုင်သည်။ မျက်စိတစ်ဆုံး မြင်ရသော စိမ်းညို့တောင်တန်းပေါ်တွင် ဖြူဖြူဖွေးဖွေး အကွေ့အကောက်များက ထင်းခနဲပေါ်နေသည်မှာ အံ့ဩဖွယ်ရှုခင်းသာ ဖြစ်တော့၏။ ထိုရှုခင်းသာကို ကြည့်ပြီး ကျွန်ုပ်တို့မှာ ကြည်နူးကြရသည်။

'တော်တော်သာယာတာပဲနော် ဦးလေး'

ဖိုးနိုင်က ရှုခင်းများကိုကြည့်ရင်း မှတ်ချက်ပြုကာ ကျွန်ုပ်ကိုပါ ထောက်ခံစေ၏။

'အေး… ကြည့်လို့တော့ ကောင်းတာပေါ့ကွာ၊ သွားလို့လာလို့ မကောင်းတာတော့ ဆိုးတယ်ဟေ့'

ဟု ကျွန်ုပ်က ပြန်ပြောလိုက်ရာ အားလုံးမှာ တခစ်ခစ် ရယ်ကြလေတော့၏။ ရှေ့ဘက်သို့ ဆက်တက်လာခဲ့ကြရာ တစ်နေရာတွင် တောင်ပြိုနေသည်ကို တွေ့ကြရလေတော့သည်။

'ဟာ… ဒုက္ခပဲ မောင်သောင်းတင်ရေ၊ ဒီဟာကိုတို့ ဘယ်လိုဖြတ်ကြမလဲ'

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ လွန်စွာမတ်စောက်သော တောင်ကမ်းပါးယံကို ကပ်ပြီးဖောက်ထားသောလမ်းဖြစ်ပေရာ အပေါ်က ပြိုကျသမျှသော မြေနှင့် ကျောက်တုံးကျောက်ခဲများသည် အောက်သို့ တောက်လျှောက်လျှောဆင်းသွားလေသည်။ ရေတံခွန်ကျဆင်းသလို ဒလဟောကျဆင်းနေသည်။

'တောင်ထိပ်ပေါ်တက်ပြီး ပြိုနေတဲ့နေရာကို ရှောင်ရှားသွားရင်တော့ ရမယ်တူတယ်၊ ဒါပေမဲ့ တစ်နေကုန်ကြာလိမ့်မယ်၊ အန္တရာယ်လည်း များတယ် ဦးရွှေသာရေ၊ ကျုပ်တို့တော့ အပေါ်က ပြိုတာ ရပ်တဲ့အထိ ခဏလောက်စောင့်ကြည့်ပြီးမှ သွားကြတာပေါ့'

ကျွန်ုပ်အကြံကို အားလုံးက လက်ခံကြသည်။ အတော်ကြာအောင် စောင့်ဆိုင်းနေကြပြီးနောက် နေ့လယ်လောက်မှ စီးဆင်းခြင်း ရပ်စဲသွားခဲ့သည်။

သို့သော် လေကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ တောင်တုန်ခါမှုရှိလျှင် ရှိသလောက် မြေများ၊ ကျောက်ခဲများ အရှိန်မပြေဘဲ လျှောကျနေဆဲဖြစ်သည်။ ဖြတ်ကူးရန် အတော်ခက်နေသည်။

ဘယ်လိုပင် ခက်နေပါစေ ကျွန်ုပ်တို့မှာ အခက်အခဲတွေကျော်လွှားပြီးသွားကြမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။



ထိုအခိုက် မောင်မိုးဝေက ဘာမပြော ညာမပြောနှင့် ပြိုနေသောနေရာတွင် မြေကိုဘေးတိုက်နင်း၍ လျှောက်ကာဖြတ်ကူးလေရာ ကျွန်ုပ်တို့မှာ တားမြစ်ချိန်ပင်မရဘဲ ရင်တထိတ်ထိတ်ဖြင့် ကြည့်နေကြရတော့သည်။

သူဖြတ်ကူးနေခိုက်မှာပင် ကျောက်ခဲတုံးကြီးတစ်ခု လိမ့်ကျလာပြီးနောက်က မြေကြီးနှင့် ခဲကလေးများ လိမ့်ဆင်းသွားကြသဖြင့် ကျွန်ုပ်တို့က အော်၍သတိပေးကြသည်။

'မောင်မိုးဝေ သတိထား၊ ပြန်လာခဲ့··· ပြန်လာခဲ့'

မောင်မိုးဝေလည်း ကျွန်ုပ်တို့အော်သံကြောင့် ထိတ်လန့်တကြား ပြန်လှည့်လာခဲ့ရသည်။

ပြိုနေသောနေရာသည် အတန်ကြာမှ ငြိမ်သက်သွားလေ၏။

ကျွန်ုပ်တို့လည်း မောင်မိုးဝေကို အတုယူကာ ခြေကို ဘေးတိုက်နင်း၍ လျှောက်ခဲ့ကြသည်။ တစ်ခါတစ်ရံ လေးဖက်ထောက်သလို ဖြစ်သွားကြသည်။ သည်လိုနှင့် လူတွေရော မြင်းတွေပါ ကူးဖြတ်မိလေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ချင်းရွာကလေးများကို အကဲခတ်ခွင့်ရသည်။ ချင်းတောင်ပေါ်တွင် ရွာတည်ကြသောအခါ တောင်အမြင့်ကြီး တွေကြားမှ တောင်ခပ်နိမ့်နိမ့် ခပ်ပြေပြေများပေါ်တွင် တည်လေ့ ရှိကြသည်။ ခပ်နိမ့်နိမ့်ဆိုသော်လည်း ပေ ၄၀၀၀ (သို့) ၅၀၀၀ လောက်တော့ ရှိလိမ့်မည်။

လမ်းသည် တက်လမ်းမဟုတ်တော့ဘဲ ဆင်းလာချည်း ဖြစ်လာသည်။ အကွေ့အကောက်လည်း များလှ၏။ ကျွန်ုပ်တို့ သည် ချိုင့်ဝှမ်းဒေသတစ်ခုထဲသို့ ဆင်းနေကြခြင်းဖြစ်သည်။

လမ်းတွင် ထင်းစည်းထမ်းလာသော ချင်းအမျိုးသား တစ်ယောက်ကို တွေ့၍ မေးရာ ရှေ့တွင် ဗားရ်ပှု(သူတို့အခေါ်) မထိပ္ပရ်မြစ်ကို ရောက်တော့မည်ဖြစ်ကြောင်း၊ ထန်တလန်ရောက် ဖို့ တော်တော်ဝေးသေးကြောင်း ပြောပြလေ၏။

နေဝင်ချိန်သို့ရောက်သောအခါ ချိုင့်ဝှမ်းကြီးသို့ရောက် လာရာ ထိုနေရာတွင် မြင်းများကို တစ်ခဏမျှ အနားပေးကြပြီး လျှင် လထွက်ချိန်၌ ခရီးဆက်ရန် စိတ်ကူးထားကြ၏။ ရှေ့တွင် တောင်ကြီးတစ်လုံးက ဆီးခံနေပြန်၏။

သို့သော် ညအချိန်မတော် တောင်ပေါ်တက်ရန်ဆိုသည် ကား လွယ်သည့်ကိစ္စမဟုတ်ပေရာ။

'ကဲ… ကဲ… တို့ ဒီမှာပဲ စခန်းချတာပေါ့၊ မနက်ကျ မှ ခရီးဆက်ကြမယ်'



ဟု ကျွန်ုပ်က ပြောရာ…

'အေး… ဒီနေရာလေးက တောင်ကွယ်နေလို့ လေဒဏ် လည်း သက်သာမယ်ထင်ရဲ့'

ဟု ဦးရွှေသာကလည်း သဘောတူစွာ ထောက်ခံလိုက် လေ၏။

ကျွန်ုပ်တို့လည်း ထိုနေရာမှာပင် တဲထိုး၍နားကြရ သည်။ အချိန်မှာ မှောင်လာပြီဖြစ်၍ ကျွန်ုပ်တို့လည်း ညစာစား သောက်ကြလေသည်။ ထို့နောက် အလွန်အမင်းခရီးပန်းလာပြီ ဖြစ်၍ မီးဖိုကြီးဘေးမှာပင် ကျွန်ုပ်မှာ အိပ်ပျော်၍သွားလေတော့ သည်။

ညဦးသန်းခေါင်လောက်တွင် ကျွန်ုပ်မှာ တစ်စုံတစ် ယောက်က အိပ်ရာမှနှိုးသဖြင့် လန့်နိုးလာ၏။ ကြည့်မိတော့ ဖိုးနိုင်ဖြစ်နေ၏။

'ဘာလဲကွ'

'ဦးလေး… အစ်ကိုမိုးဝေ အဖျားတက်နေလို့ ကျွန်တော် လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ဦးလေးကိုနှိုးလိုက်ရ ၁'

'ဟေ… ဟုတ်လား'

ကျွန်ုပ်လည်း ကမန်းကတန်းထ၍ မောင်မိုးဝေရှိရာသို့ ဆီသို့ ဖိုးနိုင်နှင့်အတူ လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဝေမှာ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလျက် အဖျားတက်ကာ ကယောင်ကတမ်းညည်းလျက်ရှိနေ၏။

ကျွန်ုပ်တို့မှာ ပါလာသည့်ဆေးများကို တိုက်ကာ မောင်မိုးဝေသက်သာစေရန် အမျိုးမျိုးပြုစုကြသော်လည်း သက်သာမလာသည့်အပြင် တစ်ချက်တစ်ချက် စူးစူးရှရှ ယောင်ယမ်းအော်လျက်ရှိနေလေ၏။

ကျွန်ုပ်တို့လည်း ဘာလုပ်လို့ လုပ်ရမည်မသိဘဲ စိတ်အိုက်လျက်ရှိနေကြစဉ် ဦးရွှေသာက ကျွန်ုပ်အား လက်ယပ်ခေါ်လျက်…

'လာ… လာ… မောင်သောင်းတင်၊ မောင့်ကို ပြစရာရှိလို့'

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ၄င်းနောက်သို့ လိုက်ပါသွားတော့၏။ တဲပြင်သို့ထွက်မိသောအခါ သူသည် ကျွန်ုပ်အား တောင်ထိပ်ဘက်ဆီသို့ ညွှန်ပြ၍ ကြည့်မိရာ တောင်ထိပ်ပေါ်တွင် မီးရောင်ခပ်မှိန်မှိန်တစ်ခုကို မြင်ရလေသည်။

'တောင်ပေါ်မှာ အိမ်ရှိတယ်ထင်တယ် မောင်သောင်းတင်'

'ဒါပေမဲ့ ညကြီးမင်းကြီး တောင်ပေါ်ဘယ်လိုတက်မလဲ ဦးရွှေသာရဲ့'



'ဘာပဲဖြစ်ဖြစ် စွန့်စားရမှာပေါ့ မောင်သောင်းတင်ရယ်၊ ကောင်လေးအခြေအနေက စိုးရိမ်ရတယ်မဟုတ်လား'

ဦးရွှေသာစကားကြောင့် ကျွန်ုပ်မှာ တွေခနဲဖြစ်သွားရသည်။ သူငယ်ချင်းထွန်းမောင်၏ မျက်နှာကို ကွက်ခနဲမြင်ယောင်မိသည်။ သူ့သားကို ကျွန်ုပ်လက်ထဲ စိတ်ချလက်ချအပ်ထားခဲ့တာမဟုတ်လား။

'ကဲ… ဦးရွှေသာရေ၊ ဒီလိုပဲ စွန့်စားရတော့မှာပေါ့'

'ဒါနဲ့ မောင်မိုးဝေကို ဘယ်လိုခေါ်မှာတုံး'

'မြင်းပေါ် ဒီအတိုင်းတင်ပြီး သွားရတော့မှာပေါ့'

ယို့နောက် ကျွန်ုပ်တို့သည် တဲကိုဖြုတ်၍ အခြားပစ္စည်းများနှင့်အတူ မြင်းများပေါ်တင်၍ တောင်ပေါ်သို့ ခြေလျင်တက်လာခဲ့ကြတော့သည်။ မောင်မိုးဝေကိုတော့ မြင်းကုန်းနှီးပေါ်တွင် မှောက်လျက်သားအနေအထားဖြင့် တင်လာရလေသည်။

မောင်မိုးဝေမှာ သတိရတစ်ချက် မရတစ်ချက်ဖြစ်နေ၏။

တောင်ပေါ်တွင် တိုက်သည့်လေမှာ ရေခဲတမျှ ချမ်းအေးလှသဖြင့် ကျွန်ုပ်မှာ တစ်ကိုယ်လုံးထုံကျဉ်၍ပင်လာတော့၏။

'ဒီနေ့လည်း တယ်အေးပါလားကွယ်'

ဦးရွှေသာထံမှ ညည်းညူသံကြားရသည်။ ဖိုးနိုင်ဆို

www.burmeseclassic.com

www.burmeseclassic.com



မေးများပင်ရိုက်နေပြီ။ ကျွန်ုပ်တို့လို လူကောင်းများပင် အအေးဒဏ်ကို အလူးအလဲခံနေရသည်ဖြစ်ရာ မောင်မိုးဝေဆို သာ၍ဆိုးပေတော့မည်။

'ကဲ… မြန်မြန်လေးလျှောက်ကြပါ၊ လူနာအခြေအနေစိုးရိမ်ရတယ်'

ကျွန်ုပ်က လောဆော်လိုက်ပြီး ရှေ့မှ ခပ်သွက်သွက်လျှောက်လိုက်သည်။ မီးရောင်နှင့် တစ်စတစ်စ နီးကပ်လာချေပြီ။

အတန်ကြာသော် ဘွားခနဲ ရှုံ့တဲကလေးတစ်ခုကို တွေ့ရ၏။ ၁၅ ပေပတ်လည်မျှရှိမည့် နံရံလေးဖက် မြေကြီးသရွတ်ကိုင်ပြီး သက်ငယ်မိုးထားသော တဲကလေးပင်ဖြစ်သည်။ ထိုတဲထဲမှ မီးရောင်ဖြာနေခြင်းဖြစ်သည်။

'အိမ်ရှင်တို့၊ အိမ်ရှင်တို့'

တဲရှေ့ဝမှ နှစ်ခါသာခေါ်လိုက်ရသည်။ တဲထဲမှ မီးအိမ်ကိုင်၍ထွက်လာသော လူတစ်ယောက်။

အို… ရသေ့တစ်ပါးပါလား။

ကျွန်ုပ်တို့မှာ အံ့သြခြင်းကြီးစွာဖြင့် ကပျာကယာ လက်အုပ်ချီဦးချလိုက်ကြရသည်။

'ဘယ်သူတွေလဲကွယ့်'



'တပည့်တော်တို့ ခရီးသွားတွေပါ ဘုရား'

ရသေ့ကြီးမှာ အံ့သြသွားပုံရကာ မီးအိမ်ကိုမြှောက်ကာ ကျွန်ုပ်တို့လူစုကို သေသေချာချာအကဲခတ်နေလေ၏။

'အရှင်ဘုရား… တပည့်တော်တို့မှာ အရေးကြီးလူနာတစ်ယောက်ပါလာပါတယ်၊ အရှင်ဘုရားကယ်နိုင်ရင် ကယ်ပါဦးဘုရား'

ရသေ့ကြီးသည် မြင်းကုန်းနှီးပေါ်က မောင်မိုးဝေကို လှမ်းကြည့်လိုက်ပြီးနောက် ခေါင်းတစ်ချက်ဆတ်ကာ ကျွန်ုပ်တို့အား တဲတွင်းသို့ ဝင်ခွင့်ပြုလိုက်လေ၏။

ကျွန်ုပ်တို့ ဝင်သွားသောအခါ အထဲတွင် ထိုင်စရာဟူ၍ ကွပ်ပျစ်တစ်လုံးသာရှိပြီး ထိုကွပ်ပျစ်တွင် ရသေ့ကြီးက ဝင်ထိုင်လိုက်လေရာ ကျွန်ုပ်တို့မှာ မြေကြီးပေါ်တွင် ထိုင်ရတော့မည်ကဲ့သို့ရှိနေစဉ် ရသေ့ကြီးက တဲထောင့်မှ ဖျာတစ်ချပ်ကို လက်ညှိုးထိုးပြ၍ ကျွန်ုပ်တို့ဘာသာ ဖျာကိုခင်းကာ ထိုင်လိုက်ကြပြီး ဦးချလိုက်ရလေသည်။

'အသင်တို့ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားကြမလို့လဲကွယ့်'

'တပည့်တော်တို့ ရန်ကုန်ကလာတာပါ ဘုရား၊ [illegible]တလန်ရွာကလေးကို သွားကြမလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဒါနဲ့ ဒီဒကာလေးက ဘာဖြစ်တာလဲ'

ဖျာပေါ် ပက်လက်သားလဲနေသော မောင်မိုးဝေကို ကြည့်ပြီး ရသေ့ကြီးက မေး၏။

'အဖျားကြီးပြီး သတိရတစ်ချက် မရတစ်ချက်ဖြစ်နေပါတယ် ဘုရား၊ ကယ်နိုင်ရင် ကယ်ပါဦး ဘုရား'

ရသေ့ကြီးသည် မောင်မိုးဝေကို တစ်ချက်မျှစူးစိုက်ကြည့်ပြီးနောက် တဲတိုင်တွင် ထောင်ထားသော လွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်လိုက်သည်။

'နတ်ဆေးဂမုန်းကွယ့်၊ ဒါကို ဆုံမှာထောင်းပြီး ဒကာရဲ့ပါးစပ်ထဲ အရည်ညှစ်ချပေးလိုက်'

ဟုဆိုကာ ကျွန်ုပ်အား လက်သန်းဆစ်လောက်ရှိသည့် အတုံးလေးတစ်တုံးကို ပေးသည်။ ကျွန်ုပ်လည်း ကွပ်ပျစ်ပေါ်တွင် အသင့်တွေ့ရသော ဆေးကြိတ်ဆုံတွင် ထိုနတ်ဆေးဂမုန်းကို ကပျာကယာထောင်းပြီးလျှင် မောင်မိုးဝေပါးစပ်ထဲသို့ အရည်ညှစ်ချ၍ တိုက်လိုက်လေ၏။

မောင်မိုးဝေသည် လည်ချောင်းမှ တဂွပ်ဂွပ်မြည်သံပြု၍ ဆေးရည်ကို ခဲယဉ်းစွာသောက်ရှာ၏။ ခဏကြာလျှင် ခပ်ပြင်းပြင်းအသက်ရှူလိုက်သံနှင့်အတူ မောင်မိုးဝေ၏ မျက်နှာတွင် သွေးရောင်များ တဖြည်းဖြည်းလွှမ်းလာသည်ကို မြင်ရ၏။ ထို့



နောက် မောင်မိုးဝေသည် 'အင်း'ခနဲ တစ်ချက်ညည်းညူပြီး ကိုယ်ကို စောင်းလိုက်လေ၏။ မျက်လုံးများတော့ မဖွင့်နိုင်သေးချေ။

'လူနာ အိပ်ပါစေ၊ အိပ်ရာက နိုးရင် သူ့ အဖျားပျောက်သွားပါလိမ့်မယ်'

ရသေ့ကြီးက ထိုသို့ပြောတော့မှ ကျွန်ုပ်တို့မှာ ဟင်းခနဲ သက်ပြင်းချနိုင်လေတော့သည်။

'ကဲ… ဒကာတို့လည်း ခရီးပန်းလာပြီမဟုတ်လား၊ နားကြချေတော့၊ ကျွန်ုပ်လည်း သတ္တဝါတွေကို မေတ္တာပို့ အမျှဝေလိုက်ဦးမယ်ကွယ့်'

'တင်ပါ့ဘုရား'

ရသေ့ကြီးသည် ကြေးစည်လေးတနှောင်နှောင်ထု၍ တဲပြင်သို့ ထွက်သွားသည်။ မကြာမီ မေတ္တာပို့အမျှဝေသံ ကြားရသည်။

နောက် ကျွန်ုပ်တို့လည်း ခင်းထားသောဖျာပေါ်တွင်ပင် ကိုယ်လက်ကြောဆန့်ရင်း ဘယ်လိုက ဘယ်လို အိပ်ပျော်သွားသည် မသိတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကြေးစည်သံတနောင်နောင်ကို ကြားလိုက်ရ၍ ကျွန်ုပ်သည် အိပ်ရာမှ ဖျတ်ခနဲနိုးလာသည်။ ကျွန်ုပ်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် ဦးရွှေသာလည်း လန့်နိုးလာလေ၏။

မောင်မိုးဝေနှင့် ဖိုးနိုင်မှာကား ကျွန်ုပ်တို့ဘေးတွင် ခွေခွေကလေး အိပ်ကောင်းနေတုန်းပင်။

ကျွန်ုပ်သည် မောင်မိုးဝေနဖူးကို အဖျားရှိ၊ မရှိ စမ်းကြည့်လိုက်ရာ အံ့သြစရာကောင်းလောက်အောင် အဖျားသွေးတို့ ကင်းစင်နေသည်ကို တွေ့ရလေ၏။ ထိုစဉ်မှာပဲ မောင်မိုးဝေတစ်ယောက် နိုးလာချေ၏။

'ဦးလေး… ကျွန်တော်တို့ ဘယ်ရောက်နေတာလဲဟင်'

မောင်မိုးဝေသည် အိပ်ရာမှကုန်းထကာ တဲအတွင်း ဟိုဟိုသည်သည် ဝေ့ကြည့်ပြီး မေး၏။ ညက အဖျားတက်နေသဖြင့် သူ့ခမျာ ဘာကိုမျှ မှတ်မိပုံမရပေ။



'တို့ ရသေ့ကြီးတစ်ပါးရဲ့ ကျောင်းသခ်မ်းကို ရောက်နေတာ၊ ရသေ့ကြီးတိုက်တဲ့ နတ်ဆေးဂမုန်းအစွမ်းကြောင့် မင်းမြန်မြန်နေပြန်ကောင်းလာတာပဲ မောင်မိုးဝေ'

'ဟင်… ဟုတ်လား၊ ဟုတ်ပါရဲ့၊ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေတာပဲ ဦးလေးရေ၊ မနေ့က ကျွန်တော်ဘာမှမသိနိုင်တော့အောင် ဖျားနေတာပဲ၊ တကယ်စွမ်းတဲ့ နတ်ဆေးဂမုန်းပဲ'

'စွမ်းတာတော့ ပြောမနေနဲ့ ဒကာတို့ရေ၊ ဖျားရည်ထောပတ်တို့နဲ့ ဖျော်ပြီးမှီဝဲရင် ၉၆ ပါးရောဂါတွေတောင် ပျောက်နိုင်တယ်ကွယ့်'

ရသေ့ကြီးသည် တဲဝမှပေါ်လာပြီး ကျွန်ုပ်တို့ကို လှမ်းပြောလိုက်သည်။ ကျွန်ုပ်တို့လည်း ရသေ့ကြီးအား ကြည်ညိုလွန်းစွာ လက်အုပ်ချီ၍ ကန်တော့လိုက်ကြသည်။ ရသေ့ကြီးသည် ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်ရင်း မောင်မိုးဝေကို စူးစိုက်ကြည့်ရှုနေ၏။

'ကျိန်စာသင့်နေတဲ့သူငယ်ပဲ'

ရသေ့ကြီးထံမှ မထင်မှတ်သော စကားကို ကြားလိုက်ရာ ကျွန်ုပ်တို့မှာ အံ့အားတသင့် ပါးစပ်အဟောင်းသားဖြစ်သွားကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးကိုတစ်လှည့် မောင်မိုးဝေကို တစ်လှည့်ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေမိသည်။

'အကြောင်းတရားတွေကြောင့် အကျိုးတရားတွေဖြစ်လာကြရတာပဲ၊ ကံစီမံရာအတိုင်း လိုက်နာကြရပေမပေါ့'

ရသေ့ကြီး၏ ထူးဆန်းသောစကားတွေကြောင့် ကျွန်ုပ်တို့မှာ အူလည်လည်ဖြစ်ကုန်ကြသည်။

'အရှင်ဘုရား... မိန့်တာတွေ တပည့်တော်တို့ နားမလည်နိုင်အောင်ဖြစ်ရပါတယ်၊ တပည့်တော်တို့ကို အရှင်ဘုရားမြင်သမျှ တည့်တည့်သာမိန့်ကြားတော်မူပါ ဘုရား'

ကျွန်ုပ်က သိချင်စိတ်မအောင့်နိုင်တော့ဘဲ မေးလိုက်မိသည်။ ရသေ့ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ မောင်မိုးဝေကို စိုက်ကြည့်ရင်း...

'ဤသူငယ်ဟာ ကျိန်စာသင့်ခြင်းခံနေရတယ်ကွယ့်၊ အဲဒီကျိန်စာက လွတ်မြောက်အောင် အမွေးတိုင်ကို ဖျောက်ဖျက်ပစ်ရမယ်'

'ဘယ်လို... အရှင်ဘုရားပြောတာ တပည့်တော်တို့ နားမလည်'

'ကဲ... ကဲ... လောကီရေးရာတွေမှာ ရသေ့ဝင်စွက်ဖက်လို့ မကောင်းပေဘူး၊ ဒီလောက်ပဲ ပြောပါရစေတော့'



ရသေ့ကြီးသည် ဆက်မပြောလိုတော့ဟန်ဖြင့် မျက်လွှာချ၍ ဆိတ်ဆိတ်နေလေ၏။ ကျွန်ုပ်တို့မှာ ဘာဆက်လုပ်လို့ရမည်မသိဘဲ ကြောင်အမ်းအမ်းနှင့် ထိုင်နေမိသည်။ နောက်မှပါလာသည့် ရိက္ခာခြောက်ထုပ်တွေထဲမှ အနည်းငယ်ယူ၍ ရသေ့ကြီးအားလှူဒါန်း၍ ဝတ်ပြုပြီးမှ ထိုနေရာမှ တစ်ဖန် ခရီးဆက်လာခဲ့ကြပြန်တော့သည်။

နွားလပို့နှင့်တူသော တောင်ကြီးတစ်တောင်ကို ဖြတ်ကျော်ပြီးသောအခါ ထန်တလန်ကို မြင်ရလေပြီး တောင်ကြီးများဝိုင်းရံထားသော တောင်ပူစာတစ်ခုပေါ်တွင် တည်နေသောရွာကြီးတစ်ရွာဖြစ်၏။

ရွာကိုမြင်ရပြီဖြစ်သော်လည်း မနီးလှသေးချေ။ နှစ်မိုင်ကျော်ကျော်လောက်သွားရန် ကျန်သေးသည်ထင်၏။

တောင်ဆင်းလည်းဖြစ်၊ မြင်းများမှာလည်း မောနေပြီဖြစ်၍ ကျွန်ုပ်တို့မှာ မြင်းပေါ်က ဆင်း၍ လျှောက်ကြလေ၏။ လှမ်းကြီးက ကောက်ကွေ့သွားရာ လျှောက်ရင်းဖြင့် ထန်တလန်ရွာကို မျက်ခြည်ပြတ်သွားလေ၏။

အတန်ကြာလျှောက်လာခဲ့ပြီးသောအခါ ထန်တလန်ရွာထဲသို့ ဝင်မိကြသည်။ လူနေအိမ်ခြေများကို ဖြတ်ကျော်လာမိကြစဉ် ရွာသားများမှာ ကျွန်ုပ်တို့အား အထူးအဆန်းသဖွယ် ဝိုင်း၍ကြည့်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ရွာ၏အတွင်းပိုင်းထဲထိ လျှောက်လာခဲ့ကြပြီးလျှင် အိမ်ကြီးတစ်အိမ်ရှေ့တွင် ရပ်လိုက်ကြလေ၏။

အိမ်မှာ သက်ငယ်မိုးထားသော ရိုးရိုးအိမ်ကြီးပင်ဖြစ်၏။ အိမ်ဝင်းထဲတွင် သစ်ထွင်းပန်းချီပုံများပါသော ကြမ်းပြားတိုင်ကြီးများ အများအပြားစီတန်းစိုက်ထားသည်ကို တွေ့ရသည်။ ကြမ်းပြားထိပ်ပိုင်းကို လူဦးခေါင်းသဏ္ဍာန် ခုတ်ထားပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ် စသည်များကို သစ်ထွင်းပန်းချီဖြင့် သရုပ်ဖော်ထား၏။ အောက်ပိုင်းတွင်ကား အင်းကွက်နှင့်တူသော အကွက်များ၊ ကနုတ်ပန်းနှင့်တူသော ကောက်ကြောင်းများ ထွင်းထားလေသည်။

'ဦးလေး ဒါဘာတွေလဲဗျ'

ဖိုးနိုင်က ကြမ်းပြားတိုင်ကြီးများကို ညွှန်ပြရင်း မေး၏။

'ဒါ နတ်ပွဲပေးမှတ်တိုင်တွေလေ၊ နတ်ပွဲတစ်ခါပေးရင် တိုင်တစ်တိုင်ထူရတယ်'

'တိုင်တွေအများကြီးပဲ၊ ဒီအိမ်က နတ်ပွဲများများပေးလို့ပေါ့၊ ဟုတ်လား ဦးလေး'

'အေးပေါ့ကွ… နတ်ပွဲများများပေးနိုင်တဲ့လူက ဂုဏ်ရှိတယ်၊ ပြောရရင် အရာရောက်တယ်ပေါ့ကွာ၊ ဒါ သူကြီးအိမ်လေ'



'သြော်… ဒါကြောင့် တိုင်တွေ ဒီလောက်များနေတာကိုး၊ ကျွန်တော်ဝင်လာတဲ့ လမ်းတစ်လျှောက်မှာလည်း တိုင်ထူတဲ့အိမ်တွေ ထူထားတာတွေ့ရတယ်နော်'

'ဒါ သူတို့ရိုးရာပဲ၊ ပိုက်ဆံရှိမှ နတ်ပွဲပေးနိုင်တာဆိုတော့ တိုင်မထူတဲ့အိမ်က မျက်နှာငယ်ရတာပေါ့ကွာ၊ မြို့မှာ ချမ်းသာတဲ့လူတွေက အထက်စီးနိုင်သလိုပေါ့'

'သြော်… သြော်…'

ကျွန်ုပ်အဖြေစကားကြောင့် ဖိုးနိုင်က သဘောကျသလို ပြုံးစိစိလုပ်ရင်း ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

'ဗျို့… သူကြီး ဦးကျင်သာလျှန်'

ကျွန်ုပ်က အော်၍ခေါ်လိုက်ရာ တစ်အောင့်ကြာလျှင် အိမ်ထဲမှ လူတစ်ယောက်ထွက်လာပြီး ကျွန်ုပ်တို့အား စူးစမ်းအကဲခတ်လေ၏။ နောက် ကျွန်ုပ်ကို မှတ်မိသွားဟန်ဖြင့် ပြေးလာဆီးကြိုလေတော့သည်။

'ဘယ်သူတွေလဲမှတ်တယ်၊ မိတ်ဆွေကြီး ကိုသောင်းတင်ကိုး'

ဦးကျင်သာလျှန်သည် ဥပမိရုပ်ကောင်းကောင်း၊ သျှောင်ထုံးကြီး ထိပ်မှာတင် ထုံးထားပြီး သျှောင်ထုံးဖော်၍ ပဝါဖြူပေါင်းထားသည်။ ရုပ်အင်္ကျီလက်ရှည်၊ ကာကီဘောင်းဘီတို၊

www.burmeseclassic.com

www.burmeseclassic.com



ရွက်ထည်ဖိနပ်များဝတ်ဆင်ထားပြီး ချင်းစောင်ကြီးတစ်ထည်ကို သိုင်းခြုံထား၏။

'မလာစဖူး အလာထူးလှချည်လား'

'အလာထူးဆို အကြောင်းထူးလည်း ရှိပြီကိုး ဦးကျင်သာလျှန်ရဲ့'

'ကဲ… ကဲ… အကြောင်းထူးသည် မထူးသည် အသာထားဦး၊ ကျုပ်ဆီလာတာ ဝမ်းသာတယ်ဟေ့၊ ကောင်းကောင်းဧည့်ခံရမယ်၊ လာ… လာ… အိမ်ပေါ်တက်၊ ဧည့်သည်တွေလည်း လာ'

ဦးကျင်သာလျှန်သည် ကျွန်ုပ်တို့အား သူ့အိမ်ပေါ်သို့ ခေါ်သွားသည်။ သူ့အိမ်ပေါ်တက်မိသည်နှင့် အိမ်ရှေ့တွင် ကျွဲချိုနွားနောက်ချိုများကို တခမ်းတနားချိတ်ဆွဲထားသည်ကို တွေ့ရ၏။

'အတော်ပဲ မိတ်ဆွေကြီးရေ၊ ဒီနေ့ ကျုပ်တို့ရွာမှာ ပျော်ပွဲသဘင်လုပ်ဖို့ရှိတယ်၊ ဧည့်သည်တွေကို ကောင်းကောင်းဧည့်ခံရမယ်၊ ကဲ… ခုတော့ ခရီးပန်းလာတယ်မဟုတ်လား၊ ကောင်းကောင်းအနားယူလိုက်ကြပါဦး၊ ညနေကျမှ ကောင်းကောင်းပျော်ကြတော့'

ဦးကျင်သာလျှန်သည် အလွန်သဘောမနောကောင်းသူဖြစ်သည်။ ကျွန်ုပ်တို့အား နားနေအိပ်စက်ရန် အခန်းတစ်ခန်းစီ



ပေးပြီး လိမ္မော်သီးနှင့် ခေါင်ရည်များဖြင့် တည်ခင်းဧည့်ခံလေ၏။

ထို့နောက် ဦးကျင်သာလျှန်က ညနေတွင် ပျော်ပွဲသဘင်ကျင်းပရန်အတွက် စီစဉ်စရာရှိသည်များကို စီစဉ်ဦးမည်ဆို၍ ကျွန်ုပ်တို့အားနှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျွန်ုပ်တို့ အိပ်ရာကနိုးလာကြသောအခါ ရေမိုးချိုးအဝတ်အစားလဲပြီး အေးအေးလူလူ ထိုင်နေကြစဉ် ကျွန်ုပ်တို့အား ဦးကျင်သာလျှန်က အခေါ်လွှတ်လိုက်ကြောင်း လူတစ်ယောက်က လာပြော၍ သူနှင့်အတူလိုက်ပါလာခဲ့ကြသည်။

တောင်ပူစာလေးပေါ်ရှိ အတော်အတန်ကျယ်ဝန်းသော မြေကွက်လပ်လေးတွင် ပျော်ပွဲသဘင်ကို ကျင်းပကြခြင်းဖြစ်သည်။

ဧည့်သည်တော်များဖြစ်သည့် ကျွန်ုပ်တို့ကို သစ်ခက်မိုးထားသော မဏ္ဍပ်တစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။ မဏ္ဍပ်ထဲတွင် စားပွဲများ၊ ခုံတန်းလျားများ၊ ကုလားထိုင်များနှင့် အကျအန စီစဉ်ထား၏။ ထိုင်မိ၍မှ မကြာမီ ခေါင်ရည်များကို ဖန်ခွက်များနှင့် လာချပေးကြသည်။



အတန်ကြာသော် အရှယ်အလတ်ပိုင်း မိန်းမများသည် ဘူးသီးခြောက်ရေဘူးများနှင့်လည်းကောင်း၊ ပုလင်းများနှင့်လည်းကောင်း ကျွန်ုပ်တို့ထံ ရောက်လာကြသည်။ အမွှန်အမြတ်၊ သူတို့အိမ်အသီးသီးမှ ချက်ယူခဲ့သော အရက်များဖြစ်၏။

ကျွန်ုပ်တို့လည်း ခေါင်ရည်သောက်လိုက်၊ အရက်ဖြူသောက်လိုက် ရောမိလျှက် မူးသွားမည်ကို ကြောက်သောကြောင့် မိန်းမများလာတိုက်သော အရက်ကိုသောက်ရန် ငြင်းဆန်မိသည်။ သို့သော် သူတို့က အတင်းတိုက်လေသည်။

'သောက်လိုက်ပါ၊ ကျွန်တော့်တို့ထုံးစံမှာ အိမ်ရှင်က တိုက်ရင် ဧည့်သည်က ငြင်းခွင့်မရှိဘူး'

ဟု ဦးကျင်သာလျှန်က ပြောတော့မှ ကျွန်ုပ်တို့လည်း အားနာပါးနာနှင့် သောက်ကြရလေတော့သည်။

ပွဲခင်းထဲတွင် အမျိုးသား၊ အမျိုးသမီးများမှာ သူတို့ချင်းရိုးရာဝတ်စုံကို ဝတ်ဆင်ထားကြသည်။

အမျိုးသားများမှာ အတွင်းက ဘောင်းဘီတို သို့မဟုတ် လုံချည်များဝတ်ထားပြီး အပေါ်က နီညိုရောင်စောင်ကို သိုင်းခြုံထားသည်။

ချင်းအမျိုးသမီးများ ဝတ်ထားသော ဝတ်စုံမှာ နီညိုရောင်ထဘီနှင့် နီညိုရောင်တဘက်စောင်များဖြစ်သည်။ အမြိတ်

www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ပန်းပြောက်များပါသော အဖြူစင်းရှိသည်။ အချို့သော လုံမင်ယိမျာသည် ခါးမှအောက် တင်တစ်ခုလုံးကိုဖုံးသော ငွေကြိုးများ အထပ်ထပ်ရစ်ပတ်ထားသည်။ နီညိုရောင်ထဘီနှင့် နီညိုရောင်စောင်များမှာ ပိုးဖြင့်ရက်လုပ်ထားခြင်းဖြစ်သည်။

ချင်းမကလေးများသည် မျက်နှာတွင် ပါးမဲထိုးထားသည်။ ပါးပြင်၊ နဖူးပြင်နှင့် မေးပေါ်မှာ လခြမ်းပုံသဏ္ဍာန်ကလေးများ၊ တစ်ခုနှင့်တစ်ခု အရေးအကြောင်းကလေးများနှင့် ဆက်စပ်ကာ ထိုးထားခြင်းဖြစ်သည်။

တချို့ကလည်း မျက်နှာတွင် ကောက်ကြောင်းများ ထိုးခြယ်ထားကြသည်။ နဖူး၊ နှာခေါင်းတစ်ဖက်တစ်ချက် ပါးပြင်၊ ပါးစပ်ဘေး စသည်တို့တွင် ကောက်ကြောင်းကလေးများ ထိုးထားရာ မုတ်ဆိတ်ကျင်စွယ်နှင့် တူသေးတော့သည်။

'မိန်းကလေးတွေက သေချာကြည့်ရင် လှပါတယ်ဗျာ၊ သူတို့မျက်နှာပေါ်က မည်းမည်းကြီးတွေက သူတို့အလှကို ဖျက်နေတယ်'

ဟု ဖိုးနိုင်ကပင် မချင့်မရဲ ကောက်ချက်ချလေ၏။

'ဦးလေး… သူတို့ ဘာလို့ ဒီမည်းမည်းကြီးတွေ မျက်နှာပေါ်ထိုးထားတာလဲဟင်၊ ကြည့်စမ်းပါဦး၊ ပါးစပ်မှာလည်း ဆေးတံကြီးတွေ ကိုက်ထားကြသေးတယ်'



ဖိုးနိုင်က ချင်းမလေးများကို ကြည့်၍ အထူးအဆန်း ဖြစ်နေပုံရကာ ကျွန်ုပ်အား မေးလေတော့၏။ ကျွန်ုပ်လည်း ချင်းမများ ပါးမည်းထိုးတာနှင့်ပတ်သက်ပြီး ကြားဖူးနားဝရှိတာကို ပြန်ပြောရလေတော့သည်။

'အဲဒါ ပါးမည်းထိုးတာလို့ ခေါ်တယ်ကွ၊ ချင်းမတွေ ဘာလို့ ပါးမည်းထိုးတာလဲဆိုတော့ သူတို့အပြောအရ ရှေးမြန်မာ ဘုရင်တွေလက်ထက်က နယ်စွန်နယ်ဖျားကရောက်လာတဲ့ မင်းညီမင်းသားတွေ၊ စော်ဘွားတွေ၊ မြို့စားမှူးကြီးမတ်ကြီးတွေဟာ ချင်းမလေးတွေရဲ့ အလှကို စွဲမက်ပြီး အလွယ်တကူကောက်ယူကြတယ်၊ ပြီးတော့ မယားမှတ်မှတ်၊ သားမှတ်မှတ်မထားဘဲ လျစ်လျူရှုတတ်တယ်၊ အချို့ချင်းမလေးတွေဟာ စိတ်နာနာနဲ့ ချင်းတောင်ပြန်လာကြတယ်တဲ့၊ မြန်မာမင်းစိုးရာဇာတွေ လုပ်ပုံကို စိတ်နာလို့ သူတို့ကို မကောက်ချင်အောင် ပါးမည်းထိုးထားတယ်လို့ ဆိုကြတာပဲကွာ၊ သူတို့ခေါ်တာက ပါးရဲထိုးတာတဲ့'

'သြော်… သူတို့အလှကို သူတို့ ဖျက်ထားကြတာကိုး'

ဖိုးနိုင်က ကရုဏာသက်သလို ရေရွတ်ရင်း စုပ်သတ်နေ၏။

ကျွန်ုပ်တို့ ကြည့်နေတုန်းမှာပင် အကအဖွဲ့များ ရောက်လာကြသည်ကို တွေ့ရသည်။ သူတို့တွင် အတီးအမှုတ်တူရိယာများအပြင် ပန်းဖြူ ကြံရိုးနှင့် ခေါင်ရည်များကို ယူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အလယ်ခေါင်တွင် လူတစ်ယောက် ပက်လက်လဲအိပ်နေပြီး သူ့ကိုဝိုင်းကာ တီးမှုတ်ကခုန်နေကြခြင်းဖြစ်သည်။

'အဲဒါ ဘာအကလဲ ဦးကျင်သာလျှန်'

'အဲဒါ မသာအိမ်မှာ ကကြတဲ့ အကပေါ့၊ ကျွန်တော်တို့ထုံးစံက လူသေရင် သေတဲ့သူ သေပျော်အောင် ကျန်ရစ်သူပူဆွေးမှုသက်သာအောင် ချီးကျူးအားပေးစကားကိုဆိုတဲ့ သီချင်းတွေနဲ့ သီဆိုကခုန်ပေးကြတယ်လေ'

စိတ်ကူးကောင်းလေးပဲဟု ကျွန်ုပ် တွေးလိုက်မိသည်။

အကအဖွဲ့သည် ပန်းဖြူများကို ကျဲလွင့်ကြ၏။ ကြံစုပ်ရန် ပေးသည့်သဘောနှင့် ကြံချောင်းများကို ရိုက်ချိုးကြ၏။ ခေါင်ရည်များကို ပက်ဖျန်းကြသည်။ ထိုအကပြီးတော့ နောက်အကတစ်ခုမှာ ဝါးညှပ်အကဖြစ်သည်။

ချင်းတောင်တွင် ဝါးညှပ်အကကို မသာအိမ်မှာသာလျှင် ကလေ့ရှိသည်ဟု သိရပြန်၏။

သူတို့ထုံးစံဓလေ့များမှာ အလွန်အံ့သြဖွယ်ကောင်းလှပေတော့သည်။

အကများကိုကြည့်နေစဉ် ရှပ်အင်္ကျီ၊ ကာကီဘောင်းဘီရှည်ဝတ်ထားသော ဥပဓိရုပ်ကောင်းကောင်းနှင့် ညည်ရခံလူကြီးတစ်ဦးသည် ကျွန်ုပ်တို့ထံလာပြီး ချင်းဘာသာစကားဖြင့် ခေါင်



ရည်သောက်လိုက်ရန် ဖိတ်ခေါ်လေ၏။ ကျွန်ုပ်တို့လည်း ဖိတ်ခေါ်သူနောက်သို့ လိုက်သွားကြရတော့၏။ ခေါင်ရည်အိုးများကို စီတန်း၍ချထား၏။ ခေါင်ရည်အိုးရှေ့သို့ ရောက်သောအခါ ကျွန်ုပ်တို့က မိုးတိုးမတ်တတ်နှင့် ရှိနေရာ သူတို့က ထိုင်၍ပုံစံပြလေ၏။

ထိုင်မချဘဲ ဒူးကွေး၍ ကိုယ်ကို အိုးပေါ်သို့ ကိုင်းညွှတ်ချကာ စုတ်တံဖြင့် စုပ်ယူရခြင်းဖြစ်သည်။

ပြီးတော့ သည်အတိုင်းလည်း လွှတ်မထားချေ။ အိုးနှင့်ကျွန်ုပ်၏ လည်ကုပ်ကို နှီးကြိုးဖြင့် တည်းထားသည်။ အောက်ငုတ်တိုင်ကလေး ပေါ်မလာမချင်း ထိုင်လည်း မထိုင်ရ၊ ဒူးလည်းမဆန့်ရ၊ စုတ်တံနှင့် ပါးစပ်လည်း မခွာရ၊ တစ်ရှိန်တည်းသောက်နိုင်က သောက်၊ မသောက်နိုင်လျှင် တစ်ကျိုက်ပြီးတစ်ကျိုက်နားပြီးသောက်ရ၏။

ကျွန်ုပ်မှာ တစ်ရှိန်တည်း ကျိုက်ခနဲ ကျိုက်ခနဲ ထွက်သက်ဝင်သက်နှင့် စည်းဝါးကိုက်ကာ အောက်က ဝါးငုတ်တိုင်ကလေးပေါ်သည်အထိ သောက်ပြလိုက်သည်။ ဘေးက ချင်းလူထုသည် ကျွန်ုပ်အား လက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။ လည်ကုပ်နှင့် ခေါင်ရည်အိုးတည်းပေးထားသော နှီးကြိုးကိုလည်းဖြေပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဝေနှင့် ဖိုးနိုင်မှာမူ ကျွန်ုပ်နည်းတူ သောက်နိုင်ကြ၏။ ဦးရွှေသာမှာကား နားနားပြီးသာ သောက်နိုင်ရှာလေ၏။

ကပွဲပြီးနောက် ခဏနားကြလေသည်။

ထို့နောက် ထမင်းစားပွဲကြီး စလေ၏။

သစ်တုံးများဖြင့် စားပွဲရှည်ကြီးနှင့် ထိုင်ခုံရှည်ကြီးများ လုပ်ထား၏။ စားပွဲရှည်ပေါ်တွင် နီးဗန်းများ ချထား၏။ ထမင်းနှင့် ဟင်းများကို ပုံထည့်ထားသည်။

ထမင်းမှာ လုံးကီးဆန်နှင့် ချက်ထားဟန်ရှိပြီး နီနေသည်။ ကျွဲသား၊ နွားနောက်သားနှင့် ဝက်သားဟင်းများမှာ အရောင်အဆင်းမရှိချေ။ အတုံးကြီးတွေကတော့ အားရပါးရ ရှိလှ၏။

သူတို့သည် အသားဟင်းများတွင် ဆားနှင့် ချင်းလောက်သာ ထည့်ကြသည်။ ဆီများနှင့် အမွှေးအကြိုင်များ မပါ၊ ငရုတ်သီး ကြက်သွန်လည်း မထည့်၊ ဟင်းသီးဟင်းရွက် တို့စရာများလည်း မတွေ့ရချေ။ ထမင်းနှင့် အသားကို အားရပါးရဖြင့် စားလိုက်ကြခြင်းပင်ဖြစ်၏။ မနင်အောင် အားရည်ကို ကြိုက်သလောက်သောက်နိုင်ကြသည်။

တစ်ခုထူးခြားသည်မှာ ကျွန်ုပ်တို့ အထူးဧည့်သည်တော်များအား ထမင်းခွံ့ခြင်းတည်း။ ကျွန်ုပ်တို့ကလည်း ပြန်ခွံ့ကြရ၏။



မိန်းမနှင့် ယောကျ်ား တစ်ယောက်ခြား ကိုယ့်အတွဲနှင့်ကိုယ် ကပ်ပြီးထိုင်ကြရ၏။ အမျိုးသမီးနှင့် အမျိုးသား အပြန်အလှန် ထမင်းခွံ့ခြင်းမှာ ရင်းနှီးမှု၊ ဧည့်ဝတ်ကျေမှုကို အပြည့်အဝပြသည်။

လူကြီးများက ကျွန်ုပ်တို့နှင့် သင့်လျော်လိုက်ဖက်မည့် မိန်းမများကို စီစဉ်ပေးသည်။ ကျွန်ုပ်နှင့် တွဲဖက်မိန်းကလေးမှာ အသက် ၃၀ လောက် ရှိလိမ့်မည်ထင်သည်။ ရုပ်ရည်မှာ အလှကြီးမဟုတ်သော်လည်း ကြည့်ပျော်ရှုပျော်ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားစိုပြည်သည်။

ကျန်သူများကိုလည်း သူ့အတွဲနှင့်သူ လိုက်ဖက်အောင် တွဲပေးထားသည်။ ထူးခြားသည်မှာ မောင်မိုးဝေနှင့် တွဲပေးထားသော မိန်းကလေးပင်တည်း။

မိန်းကလေးမှာ အသက် ၂၀ အရွယ်လောက်ပင်ရှိလိမ့်မည်ထင်သည်။ အသားအရေစိုပြည်ရုံမက ဝါဝင်း၍နေ၏။ ပါးမည်းကြားမှ မျက်လုံးများက တောက်ပနေကြသည်။ မျက်နှာလေးက ဝိုင်းဝိုင်းစက်စက်နှင့် ချိုပြုံးလှပပါပေ၏။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ရိုးရာဓလေ့အတိုင်း ခိုင်းနှိုင်းရသော် မျှစ်စို့ကြီးနှင့်တူသည်။

မောင်မိုးဝေမှာ သူငယ်မကို တောက်ပသောမျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကြီးများဖြင့် တွေတွေကြီးကြည့်ရှုလျက်ရှိနေ၏။ မိန်းကလေးကလည်း လှပသောမျက်လုံးရွဲကြီးများဖြင့် မခို့တရို့လေး တန်ပြန်စိုက်ကြည့်နေသည်။

သူတို့နှစ်ဦးကို ကြည့်ရသည်မှာ ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး ချစ်ခင်စုံမက်စွာ စိုက်ကြည့်နေကြသည်နှင့် တူနေသေးတော့၏။

'အဲဒီမိန်းကလေးက သူကြီး ကျင်သာလျှန်ရဲ့ သမီးလေ၊ ကျင်စွမ်းမန်းတဲ့'

ကျွန်ုပ် အကဲခတ်နေသည်ကို သတိပြုမိသွားပုံဖြင့် ကျွန်ုပ်နှင့်တွဲရသော မိန်းကလေးက လှမ်းပြောသည်။

'မင်းက မြန်မာစကားပြောတတ်သားပဲ'

'နည်းနည်းပါးပါးပဲ တတ်ပါတယ်'

အသံဝဲဝဲဖြင့် တစ်လုံးချင်းပြန်ပြောသည်။ မြန်မာစကားကို သိပ်ပြောလေ့ပြောထ ရှိဟန်မတူချေ။

'မင်းနာမည် ဘယ်သူလဲ'

ကျွန်ုပ်က မေးလိုက်ရာ မိန်းကလေး မျက်လုံးရွဲကြီးများဖြင့် မော်ကြည့်ရင်း...

'အာရ်ပိုလိန်း'

ဟု ပြုံး၍ပြောလေ၏။



'မင်းနာမည်က ခေါ်ရခက်တယ်၊ မအေးပိုလို့ပဲ မင်းကို ခေါ်မယ်၊ ကြိုက်ရဲ့လား'

ကျွန်ုပ်က မေးလိုက်ရာ မိန်းကလေး ပြုံး၍ခေါင်းညိတ်ပြသည်။ မအေးပိုသည် အသားတုံးကြီးများကို ဖဲ့ကာဖဲ့ကာ ထမင်းထဲမြှုပ်ထည့်၍ ကျွန်ုပ်အား ခွံ့လေသည်။ ကျွန်ုပ်ပါးစပ်က မရဲရုံသာမက မအေးပို၏ လက်ကလည်း မရဲချေ။ ကျွန်ုပ်က ပြန်ခွံ့သောအခါမှာလည်း ထိုနည်းလည်းကောင်းပင်။ ကျွန်ုပ်တို့မှာ အပေါက်အလမ်းမတည့်ဖြစ်နေရာ ကျန်သူများကို အကဲခတ်ကြည့်တော့ သူ့ဟာနှင့်သူ ဟုတ်နေကြသည်။ ဦးရွှေသာမှာ သွားအဖြီးသားနှင့် သူ့ရှေ့က မိန်းကလေးကို တပြန်တလှန်ခွံ့ရင်း စကားပြောနေကြ၏။ ဖိုးနိုင်မှာကား သူနှင့် သက်တူရွယ်တူ မိန်းကလေးနှင့် ထမင်းခွံ့ရင်း ဟန်ကျနေသည်။

မောင်မိုးဝေမှာမူကား ဆိုဖွယ်ရာမရှိတော့ချေ။

ထမင်းမြိန်၊ မမြိန်မသိသော်လည်း ကျွန်ုပ်တို့ ပျော်ပါတယ်။ ထမင်းစားပွဲပြီးတော့ ဝိုင်းကကြရန် နေရာယူကြရသည်။ ပွဲခင်းထဲတွင် မီးဖိုကြီးများဖိုထား၏။

ညဦးနက်လေ တစိမ့်စိမ့်အေးတက်လာလေဖြစ်ရာ မီးဖိုကြီးများ၏ တန်ဖိုးသည် ကြာလေ ကြီးလေလေဖြစ်သည်။

ကကြမည့်သူများမှာ မိန်းမနှင့် ယောကျ်ား တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ခြားစီ လက်ချင်းပတ္တာဆက် ဆက်ကာဝိုင်းရသော်လည်း ကိုယ့်အတွဲဘက်ကိုကား စွဲမြဲထားရသည်။ အတွဲဘက်ကို ပြောင်းလေ့မရှိ။ အကကို ရပ်နားလျှင် အတူတူ မီးလှုံသော်လည်းကောင်း၊ ခေါင်ရည်သော်လည်းကောင်း သောက်ကြရသည်။

ချင်းတို့၏ အက အဆိုနှင့် အတီးတို့ သိပ်မခက်ပါ။ အစုအဝေးထဲမှာ ပါဝင်ပြီး ခဏသင်ကြားလေ့လာရင်း လိုက်ကသွားလျှင် ကတတ်သွားတော့သည်။ လက်ချင်းဆက်၍ ဝိုင်းကကြသည်ဖြစ်ရာ ခြေကို သူက လှမ်းလျှင် ကိုယ်က လှမ်း၊ လက်ကို သူကမြှောက်လျှင် ကိုယ်ကမြှောက်၊ သူက ချလျှင် ကိုယ်က ချ၊ သူကရွှေ့လျှင် ကိုယ်က ရွှေ့ လွန်စွာညီဖို့တော့ လိုပေသည်။

'ကပွဲကို ချင်းလို ဘယ်လိုခေါ်လဲ မအေးပို'

'ပေါလောတလော့လို့ ခေါ်ပါတယ်၊ အဓိပ္ပာယ်က ပျော်ပျော်ရွှင်ရွှင်ကခြင်းတဲ့'

မအေးပိုက ကျွန်ုပ်အား မြန်မာလို တစ်လုံးချင်းပြောပြသည်။

က၍မောလာလျှင် အမောပြေ ခေါင်ရည်သောက်ရသည်။ ခေါင်ရည်မှာ သိပ်မပြင်းချေ။ သို့သော် တယစ်ယစ်မူးသည်။



ကရခုန်ရပြီး မောသဖြင့် အမူးပြေပြေသွားသည်။ အမူးပြေချိန်မှ ထပ်သောက်ရခြင်းဖြစ်ပြီး နောက်ထပ် တယစ်ယစ်မူးရသည်။

ခေါင်ရည်အိုးမှာ အတော်ခန်းသွားသောအခါ ရေထပ်ဖြည့်သည်။ တောအလှူ ဟင်းချိုအိုးထဲသို့ ရေဖြည့်ဖြည့်ပေးသကဲ့သို့ပင်တည်း။

ကြာတော့ ကရခုန်ရတာ မောလာလေပြီ။ ကိုယ်လက်တွေ နာနေလေပြီ။ ကျွန်ုပ်သည် ဦးရွှေသာကို လှမ်းကြည့်မိသည်။

ဦးရွှေသာသည် အသက်နှင့်မလိုက်အောင် သန်စွမ်းသူတစ်ယောက်ဖြစ်သော်လည်း ငယ်စဉ်တုန်းကလောက် သက်လုံမကောင်းတော့သဖြင့် အလွန်ပင်မောဟိုက်နေပုံရသည်။ မဏ္ဍပ်ထဲတွင် ငုငုလေးသွားထိုင်နေသည်။ သူ့ဘေးမှ မိန်းကလေးမှာ စိတ်မကြည်မသာဖြစ်နေဟန်မျိုးဖြင့် ကပွဲဝိုင်းဘက် လှမ်းငေးနေသည်ကို တွေ့ရသည်။

လူငယ်ဖြစ်သည့် မောင်မိုးဝေနှင့် ဖိုးနိုင်တို့မှာ မောရကောင်းမှန်း သိဟန်မတူကြချေ။ သူတို့မျက်နှာတွင် အပြုံးတွေဝေနေသည်။

ကျွန်ုပ်သည် မောင်မိုးဝေကို တစေ့တစောင်း အကဲခတ်မိသည်။ သူ့မျက်နှာတွင် တစ်ခါမျှ မတွေ့မမြင်ခဲ့ဖူးသည့်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသော အရောင်တချို့ကို တွေ့နေရသည်။ သူ့ပုံစံကို သူ့အဖေ ထွန်းမောင်များမြင်ရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ ဟု ကျွန်ုပ် တွေးမိသည်။

ကျွန်ုပ်မှာ ကပွဲကထွက်ရန် ကြိုးစားလိုက်သည်။ သို့သော် မအောင်မြင်ချေ။ ဘေးလူများနှင့် ကျွန်ုပ်၏မအေးပိုက ထွက်မရအောင် ဆွဲထားကြသည်။ ကျွန်ုပ်မှာ စိတ်ညစ်ညစ်နှင့် တစ်ပြန်ကရပြန်၏။

ရာသီဥတုကလည်း အေးလျက်ရှိရာ ခေါင်ရည်သောက်ထားတာကလည်း များထားသောကြောင့် ဆီးသွားချင်လာ၏။ သို့သော် အခက်အခဲက ရှိနေသည်။ ဝိုင်းထဲမှထွက်လျှင် မအေးပိုက လိုက်လာသည်။ ဘေးလူများက ကြည့်နေကြသည်။

ကျွန်ုပ်မှာ အစတွင် အကြံအိုက်နေ၏။ နောက်ဆုံးတော့ သူတို့၏ထုံးစံအတိုင်း ဝိုင်းနှင့်မဝေးသော နေရာတွင် မိုးတိုးမတ်တတ်သွားလိုက်ရ၏။

သည်လိုလုပ်လိုက်တော့ မအေးပိုသည်လည်းကောင်း၊ ဘေးလူများသည်လည်းကောင်း မျက်ကွယ်ပြုနေကြလေသည်။

တဖြည်းဖြည်း ညဉ့်နက်လာသောအခါ ကျွန်ုပ်တို့မှာ ပန်းလာသည်။ နောက်ဆုံး လူကြီးများကို တောင်းပန်ပြီး တည်းခိုရာအိမ်သို့ ပြန်လာကြရလေတော့သည်။

■

## အခန်း (၁၀)

နံနက်တွင် ကျွန်ုပ်တို့ အိပ်ရာမှ နိုးလာကြသည်။ ဦးကျင်သာလျှန်က တစ်ညလုံးအိပ်ရေးပျက်ထားရသဖြင့် နိုးသေးဟန်မတူချေ။ ကျွန်ုပ်တို့လည်း ကိုယ့်ဘာသာကိုယ် ရေမိုးချိုး အဝတ်အစားလဲပြီး အိမ်ရှေ့ခန်းတွင် ငုတ်တုတ်လေးထိုင်နေလိုက်ကြသည်။

ခဏကြာတော့ ဦးကျင်သာလျှန်၏ မိန်းမက ကျွန်ုပ်တို့အား လက်ဖက်ရည်အချိုနှင့် ကောက်ညှင်းပေါင်းများ ဧည့်ခံကျွေးမွေးလေ၏။

ကျွန်ုပ်မှာ ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည် စားသောက်ရင်းက ရှေ့ဆက်ရမည့်ခရီးကို စဉ်းစားနေမိတော့သည်။

မကြာမီ ဦးကျင်သာလျှန် နိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ညည့်သည်တွေ ဘယ်နှယ်လဲ၊ ညက တော်တော်မှပျော်ကြရဲ့လား'

ဟု အမေးစကားနှင့် ကျွန်ုပ်တို့ရှေ့တွင် ဝင်ထိုင်လိုက်လေသည်။

'ခင်ဗျားတို့ ပျော်ပွဲသဘင်က ပျော်ဖို့ကောင်းပါတယ်ဗျ၊ တစ်ခုပဲ'

ကျွန်ုပ်က စကားကိုဆက်ရန် အားနာလှသဖြင့် တစ်ဝက်တစ်ပျက် ရပ်တန့်လိုက်သည်။

'ဘာတစ်ခုလဲဗျ'

ဦးကျင်သာလျှန်က သိချင်စိတ်စောစွာ မေးလေ၏။ ကျွန်ုပ်ကလည်း အားနာနာဖြင့် ပြောမိတော့သည်။

'အပေါ့အပါးသွားရတာ တယ်ခက်သကိုး ဦးကျင်သာလျှန်ရဲ့'

ကျွန်ုပ်စကားကြောင့် အားလုံး ပြုံးစိစိဖြစ်သွားကြသည်။

'ကျုပ်တို့ထုံးစံမှာ ဒီလိုပဲ၊ အပေါ့အပါးသွားချင်ရင် ချုံဘေးသွားလိုက်တာပဲ၊ မိတ်ဆွေကြီးတို့အတွက်တော့ အကျင့်မဖြစ်သေးတော့ အခက်တွေ့နေမှာပေါ့၊ ဟား... ဟား... ဒီတစ်ချက် ကျုပ်မေ့သွားတယ်၊ ခွင့်လွှတ်တော့ ညည့်သည်တို့ရေ'



ဦးကျင်သာလျှန်က စကားကို ဘွင်းဘွင်းပြောတတ်ပုံရသည်။ ပြောပြီး သူ့ဘာသာသူ ရယ်နေ၏။

'ဒါနဲ့ မိတ်ဆွေကြီးတို့က ဒီကို အလည်သက်သက်ပဲလား၊ အကြောင်းထူးရှိတယ်ဆို'

ဦးကျင်သာလျှန် အမေးကြောင့် ကျွန်ုပ်မှာ မောင်မိုးဝေမျက်နှာကို လှမ်းကြည့်မိသည်။ မပြောမဖြစ် ပြောရတော့မည်။

'အင်း... ထူးပါသကောဗျာ၊ ကျုပ်တို့လာတာ မုန္တကရာဇ်ရှေးဟောင်းမြို့တော်ကို သွားမလို့ဗျ၊ အဲဒီမြို့တော်က ဒီအနီးတစ်ဝိုက်မှာပဲရှိတယ်လို့ ကြားဖူးလို့၊ အဲဒါ ဘယ်နားမှာလဲဟင်'

ကျွန်ုပ်စကားအဆုံးဝယ် ဦးကျင်သာလျှန် အပါအဝင် အနားတွင် လာဝိုင်းထိုင်နေကြသော ရွာသားများနှင့် အိမ်သူအိမ်သားများအားလုံး မျက်စိမျက်နှာပျက်သွားကြလေ၏။

မိန်းမများမှာ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကြ၏။

သူတို့အားလုံးလိုလို၏ မျက်နှာထက်တွင် ကြောက်ရွံ့တုန်လှုပ်နေဟန်တွေ အထင်းသားပေါ်လွင်နေသည်။

'အဲဒီကိုမသွားလို့ မရဘူးလား'

ဦးကျင်သာလျှန်က တားချင်ပုံရသည့်လေသံဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ သူကြီးမင်းရဲ့'

ဦးရွှေသာက ဝင်မေးသည်။

'အင်မတန်ကြောက်စရာကောင်းတဲ့နေရာပဲ၊ ခင်ဗျားတို့ကို ကျုပ် စိုးရိမ်လို့ပြောတာ'

'မသွားလို့မဖြစ်လို့ပါ သူကြီးမင်းရယ်၊ ကျုပ်တို့ကိုနေရာသာ ပြောပြပါ၊ ဖြစ်လာသမျှ အန္တရာယ်တွေ ကျုပ်တို့ရင်ဆိုင်နိုင်ပါတယ်'

မောင်မိုးဝေကလည်း စိတ်အားထက်သန်စွာဖြင့် ဝင်ပြော၏။

'ဟုတ်တယ် ဦးကျင်သာလျှန်ရေ၊ ကျုပ်တို့သွားမှကိုဖြစ်မှာမို့လို့ပါ'

ကျွန်ုပ်၏မျက်နှာပေါ်မှ ပြတ်ပြတ်သားသားထားဟန်ကို တွေ့သောအခါ ဦးကျင်သာလျှန်က ခေါင်းကိုယမ်း၍ သက်ပြင်းချလိုက်သည်။

'အေးလေ… တားမရတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ အဲဒီနေရာကိုသွားရင် ခင်ဗျားတို့ချည်းမသွားနဲ့၊ အဖော်ထည့်ပေးလိုက်မယ်'

'အဲဒီမြို့ဟောင်းက ဘယ်နားမှာလဲဟင်'

'ယောချောင်းဘက်မှာလို့ ကြားဖူးတာပဲ'



သူကြီးကျင်သာလျှန်က မတင်မကျဆို၏။

'အဲဒီမြို့ဟောင်းကို သွားဖူးတဲ့သူတွေ ရှိလား'

'အင်း… မုဆိုးတချို့ကတော့ လမ်းမှားပြီးရောက်ဖူးကြတယ်၊ ဒီပြင် ဘယ်သူမှ မရောက်ဖူးကြဘူး၊ အဲဒီမြို့ ဘယ်မှာရှိတယ်ဆိုတာ ဂဃနဏမသိဘူး၊ အဲဒီမြို့က မြို့ပျောက်ကြီးလေ'

'ဘာရယ်… မြို့ပျောက်ကြီး၊ ဟုတ်လား'

ကျွန်ုပ်၏ အံ့သြတကြီးအသံကြောင့် ဦးကျင်သာလျှန်က မဲ့ပြုံးတစ်ချက်ပြုံး၍ ခေါင်းဆတ်သည်။

'ဘယ်သူမှမမြင်ဖူးလို့ မြို့ပျောက်ကြီးလို့ ခေါ်တာ၊ ဝင်တဲ့လမ်းရှိတယ်လို့တော့ ပြောတာပဲ၊ ကျောက်တောင်ကြားက ဝင်ရတာတဲ့၊ အဲဒီလမ်းကို အဲဒီမြို့က လူတွေပဲ သိတယ်'

'အဲဒီမြို့ဟောင်းမှာ လူတွေနေကြသေးလို့လား'

'အင်း… နေသေးတယ်၊ ဒါပေမဲ့ အရမ်းလျှို့ဝှက်တဲ့ လူတွေ ပြင်ပကမ္ဘာနဲ့လည်း အဆက်အသွယ်မရှိဘူး၊ သူတို့ကိုယ်သူတို့ မဟာပါလလူမျိုးလို့ခေါ်တယ်၊ မြန်မာလိုပြောရရင်တော့ အစောင့်တွေပေါ့၊ ဘာကိုစောင့်နေတာလဲတော့ မပြောတတ်ဘူး၊ တို့ဒေသခံတွေတော့ သူတို့ကို ကြောက်ကြတယ်၊ သူတို့က လောကီအတတ်လို ဆန်းဆန်းပြားပြားအတတ်တွေ တတ်ကြတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အခု လမ်းပြလိုက်ပေးမယ်ဆိုတာ အဲဒီမြို့ကို မတော်တဆရောက်ခဲ့ဖူးတယ်ဆိုတဲ့ လူတွေလား'

ကျွန်ုပ်က ဖြတ်မေးလိုက်သည်။

'ဟင့်အင်း… ရှေးတုန်းကပဲ ရောက်ဖူးခဲ့ကြတာ၊ အဲဒီလိုရောက်ဖူးတဲ့သူတွေကလည်း ရောက်ပြီးမကြာခင် ထူးထူးဆန်းဆန်းသေသွားတာပဲ၊ အခုလိုက်ပို့မှာကလည်း အဲဒီမြို့ရှိမယ်ထင်တဲ့နေရာနားကို သိတဲ့သူတွေပဲ၊ မဟာပါလလူမျိုးတွေနဲ့ တောထဲမှာ မတော်တဆ ရင်ဆိုင်တိုးဖူးတဲ့သူတွေပေါ့၊ သူတို့တွေ့ဖူးတဲ့နေရာကိုပဲ လိုက်ပြနိုင်မှာလေ၊ ကျုပ်တို့အထင်အရတော့ အဲဒီနေရာတစ်ဝိုက်မှာ သူတို့မြို့ကိုဝင်တဲ့ လမ်းပေါက်ရှိမယ်လို့ ယူဆရတာပဲ'

ဘာပဲဖြစ်ဖြစ် ဦးကျင်သာလျှန်စကားက အားတက်ချင်စရာကောင်းလှသည်။ ကျွန်ုပ်တို့ကလည်း မဖြစ်ဖြစ်အောင်သွားမည်ဟု ဆုံးဖြတ်ထားကြသည်မို့ ဘယ်လိုအတားအဆီးကြုံကြုံ နောက်သို့မဆုတ် ရှေ့သို့သာ တိုးရပေတော့မည်။

မန္တလေးရာဇ် ရှေးဟောင်းမြို့တော်နှင့် ပတ်သက်ဆက်နွယ်မှုကို အဖြေရှာရန်အတွက် ကျွန်ုပ်က စွန့်စားရန် အသင့်ရှိနေသည်ဆိုက မောင်မိုးဝေအတွက်မှာမူ ပြောစရာမရှိတော့ချေ။

■

## အခန်း (၁၁)

နောက်တစ်နေ့မနက်တွင် သူကြီးကျင်သာလျှန်သည် ရတ်တရက် ကောက်ကာငင်ကာဖျားနာလာသဖြင့် အိမ်သားများ ပျာယာခတ်နေကြသည်။

ကျွန်ုပ်တို့လည်း ဘာလုပ်ပေးလို့ လုပ်ရမည်မသိရှိနေစဉ် သူကြီးကတော်က လူတစ်ယောက်ကို ခေါ်လာသဖြင့် ကျွန်ုပ်က မေးကြည့်ရာ ဗေဒင်ဆရာဟု သိရသည်။

ဗေဒင်ဆရာကား သျှောင်ထုံးကြီးနှင့် ရှေးဆန်ဆန်ဝတ်စားဆင်ယင်ထားသော လူရွယ်လူလတ်တစ်ယောက်ပင်ဖြစ်၏။ မျက်လုံး၊ မျက်ဆန်ကောင်းကောင်း၊ နှာတံလှလှ၊ နှုတ်ခမ်းမွေးရေးရေးနှင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဖွယ်ကောင်းသည်မှာ ကြက်ဥနှင့် ဗေဒင်ဟောကြားခြင်းဖြစ်သည်။

ကြက်ဥဗေဒင်ဟူ၍ ဤတစ်ခါသာကြားဖူးသေးသဖြင့် ကျွန်ုပ်တို့လည်း အလွန်စိတ်ဝင်စားနေမိကြတော့သည်။

ဗေဒင်ဆရာအား သူကြီးကတော်က မေးလိုက်၏။

'ကျန်းမာမည်လော၊ ဘေးဥပဒ်ရှိသည်လော'

ဗေဒင်ဆရာသည် ထင်းရှူးသားအစကလေးများနှင့် မီးဖိုကလေးတစ်ခု ဖိုလိုက်၏။ ပြီးနောက် ဖူးကလေးတစ်ခုကို မီးကင်၏။ မီးကင်ထားသော ဝါးဖူးဖြင့် ကြက်ဥကို အက်ကြောင်းပေးလိုက်သည်။ ထို့နောက် ကြက်ဥကို မန်းမှုတ်ပေးသည်။ ကြက်ဥနှင့် နှစ်ယောက်သား နားလည်နိုင် ကြားနိုင်သော စကားများကို တိုးတိုးတိတ်တိတ်နှင့် ပြောနေလေသည်။ ကြက်ဥထဲမှ အနှစ်အကာများ ယိုထွက်လာအောင် လေမှုတ်ထည့်သည်။ ပြီးနောက် မေးသည်တို့ကို ဟောပြောလေတော့၏။

'နတ်ပွဲပေးရမယ်၊ နတ်ပွဲပေးမှ ကျန်းမာတယ်'

ဗေဒင်ဆရာသည် ဟောပြောပြီး ရုတ်တရက် မျက်လုံးပင့်ကာကြည့်လိုက်ရာ မောင်မိုးဝေကို တွေ့လျှင် မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားလေ၏။ နောက် တုန်တုန်ယင်ယင်ဖြင့် ဟောပါလေတော့၏။



'ဒီသူငယ်ဟာ မရဏတရားထဲ ခြေတစ်ဖက်ဝင်နေတာပဲ၊ မကောင်းဘူး၊ မကောင်းဘူး၊ လုံးဝမကောင်းဘူး၊ မင်းရဲ့ အနာဂတ်မှာ သွေးညှီနံ့တွေ လှိုင်နေတယ်၊ အဲဒါကို ပြောင်းလဲလို့လည်း မရဘူး၊ အို… နတ်ဘုရားများ စိတ်ဆိုးတော်မမူပါနဲ့၊ သူငယ်… မင်းရဲ့ကြမ္မာဆိုးလှချည်ရဲ့၊ ဘယ်လိုအပြစ်များ အလူးလွန့်ထားလို့လဲ၊ အင်အားကောင်းလှတဲ့ တန်ခိုးအစွမ်းတွေကို သင်အတိုက်အခံပြုခဲ့တာပဲ၊ ကြီးမားလှတဲ့ စွမ်းအင်ကြီးဟာ သင်တို့ကို ကျိန်ဆိုထားတယ်၊ သင်တို့ဟာ အပြစ်သားတွေပဲ၊ အဲဒီစွမ်းအင်ကြီးရဲ့ နှစ်သိမ့်မှုကိုသာ မရခဲ့ရင် သင့်အတွက် ချမ်းမြေ့စရာ တစ်ကွက်မှမရှိတော့ဘူး၊ ဒီလိုနှစ်သိမ့်စေဖို့ကလည်း မဖြစ်နိုင်ဘူး'

ဗေဒင်ဆရာသည် ပါးစပ်မှ ကရားရေလွှတ်သလို တတွတ်တွတ်ပြောပြီး စိတ်မချမ်းသာသည့် အမူအရာဖြင့် ခေါင်းယမ်းလိုက်လေ၏။

မောင်မိုးဝေမှာ ဗေဒင်ဆရာကို မျက်လုံးအပြူးသားဖြင့် ကြောင်ကြည့်နေသည်။ ဖိုးနိုင်ကမူ ကျွန်ုပ်အား တိုးတိုးကပ်၍ မေး၏။

'ဦးလေး သူဘာတွေပြောနေတာလဲ'

ကျွန်ုပ်က အသာနေဟု အသံတိတ်ပြောလိုက်ပြီး ဗေဒင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာနှင့် မောင်မိုးဝေကို တစ်လှည့်စီအကဲခတ်နေမိတော့သည်။

သူကြီးကတော်က ဗေဒင်ဆရာနားကပ်ကာ တိုးတိုးပြောလိုက်သည်။

ကျွန်ုပ်နားက တစ်စွန်းတစ်စ ကြားလိုက်ရသလိုရှိသည်။

ညည်းသည်တွေ စိတ်မချမ်းသာအောင် မလုပ်ပါနဲ့ဆိုလား။

ဗေဒင်ဆရာအား နတ်ပွဲပေးပါမည်ဟု သူကြီးကတော်က ကတိပေးလိုက်လေ၏။

■

## အခန်း (၁၂)

နတ်ပွဲပြီးမှ သွားကြပါဟုဆို၍ ကျွန်ုပ်တို့လည်း သူကြီးအိမ်မှာ တစ်ရက်ထပ်နေကြရပြန်သည်။

နတ်ပွဲသို့ လာရောက်ကြသော ဧည့်ပရိသတ်များမှာ အိမ်အောက်မြေကြီးပေါ်တွင်လည်းကောင်း၊ အိမ်ပေါ်ကြမ်းပြင်ပေါ်တွင်လည်းကောင်း၊ အိမ်ခြေရင်းရှိ မီးဖိုတဲလိုလို အဆောက်အအုံတွင်လည်းကောင်း ထိုင်နေကြ၏။

ကျွန်ုပ်တို့လူစုမှာ အိမ်ပေါ်ထပ်တွင် ထိုင်နေလိုက်ကြသည်။ အတန်ကြာသော် နတ်ပူဇော်သော အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း၊ ကြည့်လိုလျှင်လိုက်ခဲ့ရန်ဖြစ်ကြောင်း အခေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေရာ ကျွန်ုပ်တို့သည် နတ်ပူဇော်ရာနေရာသို့ လိုက်သွားကြတော့သည်။

ထိုနေရာမှာ ရွာထက်ပိုမြင့်သော တောင်ကုန်းကလေးတစ်ခုပေါ်တွင် ဖြစ်သည်။

မတ်စောက်သော တောင်ကုန်းကလေးဖြစ်၍ အတော်ပင်တက်ကြရလေသည်။ သစ်ပင်ကြီးများက အုပ်မိုးနေကြသည်။ ပုစဉ်းရင်ကွဲအော်သံများလည်း ဆူညံလျက်ရှိနေ၏။

တောင်ကုန်းပေါ်တွင် နတ်ဆရာသုံးယောက်သည် ယစ်ပူဇော်မှုဆိုင်ရာ အဆောင်အယောင်များကို စီမံနေကြ၏။

နတ်ဆရာဆိုသူတို့ကား ကျွန်ုပ်တွေ့ဖူးသလို တောက်တောက်ပြောင်ပြောင်အဝတ်အစားတွေနှင့် ဟိတ်ဟန်တစ်ခွဲသားရှိမနေကြချေ။ သုံးယောက်စလုံး ဝတ်လစ်စလစ်တစ်ပိုင်းဖြစ်ရုံမက ဝတ်ထားသမျှမှာ ညစ်ပတ်လှ၏။ ရုပ်ရည်ကလည်း မွဲခြောက်ခြောက်နိုင်လှပြီး ဆံပင်စုတ်ဖွားများနှင့် ဖြစ်ကြသည်။

ယစ်ပူဇော်ရာ ဝတ္ထုပစ္စည်းများမှာ စားဖွယ်သောက်ဖွယ်နှင့် အခြားလူ့အသုံးအဆောင်အနည်းငယ်ဖြစ်သည်။ စားဖွယ်သောက်ဖွယ်တို့မှာ ဝက်နားရွက်၊ ဝက်နှုတ်သီး၊ ကြက်ခေါင်း၊ ကြက်ကလီစာ စသည်တို့ဖြစ်၏။

အလွန်ကဲ့ရဲ့တတ်၊ စပ်စုတတ်သော ဖိုးနိုင်က စားသောက်ဖွယ်ရာများကို ကြည့်၍ ကျွန်ုပ်အား တိုးတိုးကပ်ပြောချေသေး၏။

'ချင်းတွေက တော်တော်ပါးတယ် ဦးလေး၊ လူမစားချင်တာတွေ နတ်ကိုကျွေးတယ်၊ တွေ့လား'

ဖိုးနိုင်အပြောကြောင့် ကျွန်ုပ်မှာ သဘောကျပြီး ကျိတ်ရယ်မိသည်။ နတ်ဆရာတစ်ဦး ခေါင်ရည်ကို ပါးစပ်နှင့်ငုံ၍ငုံ၍ ယစ်ပူဇော်သော ဝတ္ထုပစ္စည်းများပေါ်သို့ တဖူးဖူးမှုတ်ပေးနေ၏။

အခြားတစ်ယောက်ကမူ မန်းမှုတ်ပြီး ကြက်ဥသုံးလုံးကို ပစ်ခွဲနေသည်။ ထို့နောက် သူကြီးကတော်နှင့် အိမ်သားများက ပရိသတ်ကို ခေါင်ရည်လိုက်တိုက်ကြသည်။

တစ်ခုသတိထားမိသည်မှာ သူကြီးသမီး ကျင်စွမ်းမန်းဆိုသည့် မိန်းကလေး မပါခြင်းပင်။

ကပွဲပြီးကတည်းက ထိုမိန်းကလေးကို မမြင်ရတော့ပေ။ တစ်အိမ်တည်းအတူနေပြီး မတွေ့ရသည်မှာ အတော်ကလေးထူးဆန်းနေ၏။ သူကြီးအိမ်မှာ ထိုမိန်းကလေးမှ ရှိရဲ့လား၊ ဧည့်သည်တွေလာလို့များ တခြားပို့ထားသလား။

နတ်ပွဲပြီးတော့ အောက်ကိုပြန်ဆင်းလာကြ၏။

သူကြီးအိမ်ရောက်တော့ တီးမှုတ်ကခုန်ကြပြန်၏။

နောက် စားသောက်ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး နတ်ပွဲလာသူ ဧည့်သည်ပရိသတ်များ အကြားတွင် ကျွန်ုပ်တို့လူစုလည်း မျက်စိသူငယ် နားသူငယ်နှင့် ရှိနေခဲ့ရတော့သည်။

■

## အခန်း (၁၃)

နောက်တစ်နေ့မနက်စောစောတွင် ကျွန်ုပ်တို့မှာ ခရီးထွက်ရန် ပြင်ဆင်ကြရတော့သည်။ ကျွန်ုပ်တို့အတွက် သူကြီးကျင်သာလျှန်က လမ်းပြနှစ်ယောက် ထည့်ပေးလိုက်သည်။

လမ်းပြနှစ်ယောက်မှာ တစ်ယောက်က အသက်လတ်၊ ပုပြတ်ပြတ်ဂင်တိုတို၊ တစ်ယောက်က ထောင်ထောင်မောင်းမောင်း၊ အသက်ကြီးကြီး အဘိုးအိုဖြစ်၏။

နှစ်ယောက်စလုံး တစ်ပိုင်းဝတ်လစ်စလစ်ဖြစ်သည်။ အပေါ်ပိုင်းကို ကျကျနနဆင်ယင်ထုံးဖွဲ့ထား၏။ ကြက်ဖကြီးများ အမောက်နှင့် လည်ဆံမွေးများနှင့် လုပ်ကြသည်ကို အတွင်း ဝတ်ဆင်ထားသည်နှင့် တူပေသည်။ ဆံထုံးကို ကောင်းစွာထုံး

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှည်ပန်းထည်အနီ စည်းထား၏။ ပြီးတော့ ငှက်တောင်လည်း စိုက်ထားသေးသည်။ နားမှာလည်း နားတောင်းကြီးများ ပန်ထား၏။ ကိုယ်ပေါ်မှာမူ စောင်တစ်ထည်ကို လက်ကတော့ထိုးပြီး သိုင်းခြုံထားသည်။ ပုတီးလက်ကောက်များလည်း ဝတ်ဆင်ထားသည်။ ဘေးမှာ ဓားတစ်ချောင်းပါသော ပုလိုင်းတစ်လုံးကို လွယ်ထားသည်။ အောက်ပိုင်းမှာမူ အထုပ်တစ်ထုပ်မှတစ်ပါး ဘာမျှဝတ်ဆင်မထားတော့ချေ။

သူကြီးကျင်သာလျှန်နှင့် ရွာသားများက ကျွန်ုပ်တို့ကို ရွာထိပ်အထိ လိုက်ပို့ပေးကြသည်။

ရွာမှထွက်ကာနီးတွင် သူကြီးကျင်သာလျှန်က စိတ်မချနိုင်စွာ မှာလိုက်ချေသေး၏။

'ယောချောင်ဘက်မှာ ပဋ္ဌလက်အတတ်၊ စုန်းအတတ်၊ မှော်အတတ်တို့ အရမ်းပေါတာ၊ သတိလည်းထားဦး မိတ်ဆွေတို့ရေ'

သူကြီးစကားကြောင့် ကျွန်ုပ်တို့မှာ ရယ်ချင်ပက်ကျိဖြစ်သွားသော်လည်း စေတနာနှင့်သတိပေးတာကို စော်ကားသည် ထင်မည်စိုး၍ မရယ်မိအောင် ထိန်းလိုက်ရသည်။

'ဟုတ်ကဲ့ပါ... ကျုပ်တို့ သတိထားပါ့မယ်၊ ကျုပ်တို့ကို ဧည့်ခံကျွေးမွေးတဲ့အတွက်ရော၊ တည်းခိုခွင့်ပြုတဲ့အတွက်



ဦးကျင်သာလျှန်ကျေးဇူးကို မမေ့ပါဘူး၊ ဒီက ရွာသားတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ'

'မဟုတ်တာ၊ ဧည့်သည်လာရင် အိမ်ရှင်က ဧည့်ခံရမှာ ထုံးစံပဲလေ၊ လူသူမပေါက် ခေါင်ခိုက်တဲ့ ကျုပ်တို့ရွာကလေးကို ခုလိုလာကြတာကိုပဲ ကျုပ်တို့ ဝမ်းသာလှပါပြီ၊ နောက်များကြုံရင်လည်း လာကြပါဦးလေ'

'စိတ်ချပါဗျာ၊ နောက်တစ်ခါလာရင် ဦးကျင်သာလျှန်အတွက် မြေပြန့်က လက်ဆောင်များများယူလာခဲ့ရမယ်'

'မလိုပါဘူးဗျာ၊ ကျုပ်တို့ဆီလာလည်ရင်ပဲ ကျေနပ်လှပါပြီ'

'ကိုင်း... ကျုပ်တို့လည်း အချိန်မလင့်ခင်လေး သွားလိုက်ကြဦးမယ်ဗျို့'

'လမ်းခရီးမှာ ဘေးမသီ ရန်မခပါစေနဲ့၊ နတ်ဒေဝါများ စောင့်ရှောက်တော်မူပါ'

ဦးကျင်သာလျှန်က ကျွန်ုပ်တို့အတွက် ဆုတောင်းပေးရင်း ငေးမျှော်ကာ ကျန်ရစ်ခဲ့သည်။

မောင်မိုးဝေမှာမူ တစ်စုံတစ်ယောက်ကို ရှာသလို ဟိုဟိုဒီဒီဝေ့ဝဲကြည့်လျက်ရှိနေရာ ကျွန်ုပ်က ရိပ်မိသလိုရှိသည်နှင့် မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်မိုးဝေ ဘယ်သူ့ကိုရှာနေတာလဲ'

မောင်မိုးဝေ မလုံမလဲဖြစ်သွားဟန်ဖြင့် ပြုံးပြ ခေါင်းယမ်းပြသည်။

'မရှာပါဘူး'

ကျွန်ုပ်တို့ ထန်တလန်ရွာလေးမှ ထွက်ခွာလာခဲ့ပြီ။

မောင်မိုးဝေမှာ နောက်သို့လှည့်တကြည့်ကြည့်နှင့် ရှိနေပြန်၏။

ကျင်စွမ်းမန်းဆိုသော မိန်းကလေးကို ရှာဖွေနေခြင်းဖြစ်မည်ဟု ကျွန်ုပ် အတပ်သိနေသည်။ သို့သော် မောင်မိုးဝေကို ဘာမှမပြောလိုတော့ပေ။

လူငယ်တွေ၏ နှလုံးသားရေးရာကို ဝင်မစွက်တာပဲ ကောင်းပေလိမ့်မည်။

* * *

မြင်းများကို ထန်တလန်ရွာမှာပဲ ထားခဲ့ကြသဖြင့် ကျွန်ုပ်တို့ ခြေလျင်လျှောက်လာခဲ့ကြရတော့သည်။

အတက်အဆင်းမကြမ်းလှသည်မို့ ခပ်ပြေပြေပင် လျှောက်ကြရ၏။ လမ်းတွင် ကျွန်ုပ်က သူကြီးဦးကျင်သာလျှန် ပြောလိုက်သည်ကို အမှတ်ရပြီး လမ်းပြနှစ်ယောက်ကို မေးမိသည်။



'သူကြီးကျင်သာလျှန်ပြောတဲ့ ယောချောင်ဘက်မှာ စုန်းကဝေတွေပေါ်တယ်ဆိုတာ တကယ်လားဗျ'

'အဟုတ်ပဲ'

အသက်ကြီးကြီးလမ်းပြကြီးက ထောက်ခံသည်။ သူ့အမည်မှာ ဦးထန်ခိုးဖြစ်သည်။

'လုပ်စမ်းပါဦး ဦးထန်ခိုးရဲ့၊ ကြားဖူးနားဝတွေများ ရှိလို့လား'

'ရှိတာပေါ့ ဆရာကြီးရဲ့၊ ကျုပ်တို့ ဘိုးဘွားစဉ်ဆက်ကတည်းက ပြောလာကြတာ အများကြီးပဲ'

ဦးထန်ခိုးမှာ မြန်မာစကားကို ရေရေလည်လည်ပြောတတ်သူဖြစ်သည်။ ချင်းသံဝဲဝဲနှင့် ပြောခြင်းဖြစ်ရာ အလွန်နားထောင်ကောင်းလှလေ၏။

'ကျုပ်တို့လည်း ဗဟုသုတရအောင် ပြောပြပါဦးဗျ'

'ကျွန်တော်တို့အဘွားလက်ထက်ကဆို အဲဒီယောချောင်ဘက်မှာ ညညဆို မီးလုံးကြီးတွေ လိမ့်လိမ့် လိမ့်လိမ့်နဲ့ တွေ့ရတယ်တဲ့၊ စုန်းမတွေ တိမ်ညွန့်စားတာပေါ့၊ နောက်ပြီး သူတို့ရွာကို ဧည့်သည်တစ်ယောက်လာလို့ ချစ်ပြီကြိုက်ပြီဆိုရင်လည်း သူတို့က ပြုစားတတ်တယ်၊ ဧည့်သည်ထပြန်ရင် ဖင်မှာ ဖျာကြီး ကပ်ပါသွားတယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဦးထန်ခိုးက သူကြားဖူးထားသမျှတွေ စီကာပတ်ကုံး ပြောပြနေ၏၊ ကျွန်ုပ်တို့မှာ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရင်း တော်တော်လေးခရီးပေါက်လာခဲ့ကြပြီဖြစ်၏။ ထန်တလန်ရွာလေးမှာ အတော်ဝေးဝေးပင် ကျန်ရစ်ခဲ့လေပြီ။

ကျွန်ုပ်သည် ထန်တလန်ရွာနှင့် မည်မျှဝေးလာခဲ့ပြီမှန်း သိရန် နောက်သို့လှည့်ကြည့်လိုက်ရာ အတော်ခပ်လှမ်းလှမ်းတွင် ပြေးလာနေသောလူတစ်ယောက်ကို တွေ့လိုက်ရသည်။

'အို… မန်းလိုက်လာတယ်'

မောင်မိုးဝေထံမှ တအံ့တသြရေရွတ်သံ ကြားရသည်။

ပြေးလာနေသူမှာ မိန်းကလေးတစ်ယောက်။ သေချာကြည့်မိမှ သူကြီးသမီး ကျင်စွမ်းမန်းဖြစ်နေသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရလေ၏။

မောင်မိုးဝေသည် သူငယ်မထံသို့ လှစ်ခနဲပြေး၍သွားလိုက်သည်။ သူတို့နှစ်ဦး လမ်းခုလတ်တွင် ဆုံမိကြသည်။ ထို့နောက် နှစ်ယောက်သား တစ်ဦးကိုတစ်ဦး အားရဝမ်းသာ ပွေ့ဖက်လိုက်ကြလေ၏။

'ဒီမိန်းမ ဘာလို့လိုက်လာတာလဲ၊ အို… ဘယ့်နှယ်ဟာလဲ'

ဖိုးနိုင်ထံမှ ကဲ့ရဲ့သံကြားရသည်။ ဦးရွှေသာကမူ သူတို့နှစ်ဦးအပြုအမူကို အံ့သြနေဟန်ဖြင့်…



'မိန်းကလေးက ဘယ်သူလဲ မောင်သောင်းတင်'

'သူကြီးကျင်သာလျှန်ရဲ့သမီး ကျင်စွမ်းမန်းလေ'

'သူနဲ့ မောင်မိုးဝေက ဘယ်လိုများ…'

ဦးရွှေသာစကား လမ်းခုလတ်တွင် ရပ်သွားသည်။ မောင်မိုးဝေနှင့် ကျင်စွမ်းမန်းမှာ နှစ်ယောက်သား လက်ချင်းတွဲ၍ ကျွန်ုပ်တို့ဆီသို့ လျှောက်လာနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

'မောင်မိုးဝေ… မင်းတို့က'

ကျွန်ုပ်သည် နှစ်ယောက်စလုံးကို စေ့စေ့အကဲခတ်ရင်း ပြောရမည်ကို ပါးစပ်က မထွက်ဝံ့ဘဲရှိနေသည်။ ကျွန်ုပ်အခက်အခဲကို မောင်မိုးဝေက ပါးနပ်စွာပင် အဖြေပြန်ပေးလာ၏။

'ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော်တို့နှစ်ယောက်က ချစ်သူတွေပါ၊ သူက ကျွန်တော်နဲ့မခွဲနိုင်လို့ ကျွန်တော့်နောက် အပြီးလိုက်လာတာပါ'

'ဟော…'

ကျွန်ုပ်မှာ ကြောင်အမ်းအမ်းပင်ဖြစ်သွားသည်။ ဘယ်တုန်းက ဘယ်လိုများ ချစ်သူဖြစ်သွားကြလေသလဲ မသိ။ တယ်လည်းမြန်ဆန်ကြပါလားနော်။

'ကလေးမလိုက်လာလို့ ဘယ်ဖြစ်မလဲ မောင်မိုးဝေရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



တို့ခရီးက ဘယ်လိုအခြေအနေမှန်း မသိသေးဘူး၊ ပြီးတော့ သူ့မိဘတွေကရော သဘောတူပါ့မလားကွယ်'

ကျွန်ုပ်စကားကြောင့် မောင်မိုးဝေမှာ တွေဝေသွားသည်။ သူချစ်သူကိုလည်း ထားလည်း မထားခဲ့ချင်၊ ခေါ်လည်း မခေါ်သွားရက်ဖြစ်နေပုံဖြင့် စိတ်ရှုပ်ထွေးသွားဟန် အထင်းသား ပေါ်လွင်နေသည်။

သူငယ်မသည် သူ့ကိုမထားခဲ့ပါရန် သနားစဖွယ် မျက်လုံးများနှင့် တောင်းပန်သလိုကြည့်နေသည်။ မောင်မိုးဝေမှာ ဆုံးဖြတ်ရခက်နေဟန်ဖြင့် မိန်းကလေးကို တွေတွေကြီးစိုက်ကြည့်နေသည်။

ကျွန်ုပ်လည်း ကြားဝင်၍မဖြစ်တော့တဲ့ အခြေအနေမို့…

'ကဲ… ကလေးမ အိမ်ပြန်ပါကွယ်၊ တို့ခရီးကို မင်းလိုက်လို့မရဘူးကွယ့်၊ ပြန်ပါတော့ကွယ်'

သူငယ်မသည် ကျွန်ုပ်စကားကို ဂရုမစိုက်ဟန်ဖြင့် မောင်မိုးဝေလက်ကို တင်းတင်းဆုပ်ကိုင်ကာ မျက်နှာဆီမခွာတမ်း မော်ကြည့်နေသည်။ သူမပါးပြင်တွင် မျက်ရည်များ တပေါက်ပေါက်လိမ့်ဆင်းကျနေလေ၏။

ဩော်… ခက်ရချည်သေးရဲ့။ ဒီအတိုင်းဆို ဘယ့်နှယ်လုပ်ရပါတော့မလဲဟု ကျွန်ုပ်လည်း မကြံတတ်အောင် ရှိနေမိတော့သည်။



'ဆရာကြီး'

လမ်းပြအဘိုးအို ဦးထန်ခိုးက လှမ်းခေါ်သည်။

'ဆရာကြီး ကျွန်တော် တစ်ခုလောက်ပြောပါရစေ'

'ပြောလေ'

'ဒီကလေးမလေးဟာ ငယ်ငယ်ကတည်းက ဘယ်သူနဲ့မှလည်း စကားမပြောဘူး၊ အမြဲတမ်း တစ်ယောက်တည်း ငေးငေးငိုင်ငိုင်နေတတ်တာ၊ သူကြီးဆို သူ့သမီးကို အမြဲတမ်း အားမလိုအားမရဖြစ်နေတာ၊ သူများကလေးတွေလို တက်တက်ကြွကြွနေစေချင်တာလေ၊ အခု သူ့ပုံစံကိုကြည့်ရတာ ကျွန်တော်ဖြင့် သိပ်အံ့ဩတာပဲ ဆရာကြီးရယ်'

သူလည်း မောင်မိုးဝေလိုပါပဲလား။ အသွင်စရိုက်ချင်း တူသူတွေမို့ တစ်ယောက်အပေါ်တစ်ယောက် နားလည်ပြီး ချစ်မိကြတာများလားဟု မဆီမဆိုင်တွေးလိုက်မိသည်။

'ကဲ… ဦးထန်ခိုး၊ ကျုပ်တို့ ဘာလုပ်ရမလဲ၊ အကြံပေးပါဦး'

ကျွန်ုပ်လည်း မဆုံးဖြတ်တတ်တော့သည့်အဆုံး သူတစ်ပါးအကြံကို တောင်းရတော့သည်။

'ကျွန်ုပ်တို့ထုံးစံမှာ အပျိုနဲ့လူပျို ချစ်ကြိုက်မိရင်တော့ မယူမဖြစ် ယူကြရပါတယ်၊ သူတို့နှစ်ယောက်က ချစ်ကြိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတော့ မဖြစ်မနေ လက်ထပ်ကြရမှာပေါ့၊ ဒါပေမဲ့ ခုလောလောဆယ် ဆရာကြီးတို့ကိစ္စကလည်း ရှိသေးတော့ ဒီကလေးမကို ဆရာကြီးတို့နဲ့အတူ ခေါ်သွားလိုက်ပါ၊ ကိစ္စပြီးလို့ ပြန်လာမှပဲ သူကြီးကို အကျိုးအကြောင်းပြောပြပြီး လက်ထပ်ဖို့ကိစ္စစီစဉ်ကြတာပေါ့ ဆရာကြီး'

'ကောင်းပြီလေ၊ ဦးထန်နိုးပြောသလိုပဲ လုပ်ရတော့မှာပေါ့၊ တော်ပါသေးရဲ့၊ ဦးထန်နိုး သက်သေရှိပေလို့၊ နို့မို့ ကျုပ်တို့လူကို သွေးဆောင်ဖြားယောင်းပါတယ်ဆိုပြီး စွပ်စွဲရင် ခက်ရချည်ရဲ့'

'အဲလိုတော့ မလုပ်ပါဘူး ဆရာကြီးရဲ့၊ သူကြီးကို သေချာရှင်းပြရင် နားလည်မှာပါ'

ဦးထန်နိုးစကားကြောင့် ကျွန်ုပ်မှာ တစ်ဝက်ရင်အေးသွားရသည်။ ရှေ့ဆက်ရမည့်ခရီးတွင် ဘယ်လိုဖြစ်လိမ့်ဦးမည်မသိသေးချေ။

မောင်မိုးဝေနှင့် မိန်းကလေးကတော့ ကျွန်ုပ်ကို ကျေးဇူးတင်မဆုံးဟန်ဖြင့် လှိုက်လှိုက်လှဲလှဲ ပြုံး၍ကြည့်နေလေသည်။

■

## အခန်း (၁၄)

သူ့နှာဝမှာ မွှေးပျံ့ချိုအီသော ရနံ့တစ်မျိုး ရူးရူးရှရှတိုးဝင်လာ၏။ လောကတခွင် မွှေးရနံ့များ ပျံ့လှိုင်သင်းမွှေးနေသည်ဟု ထင်ရသည်။ မွှေးလိုက်တာ။ မွှေးလိုက်တာ။

မွှေးရနံ့ကို သူက နှစ်ခြိုက်မက်မောစွာ ရှူရှိုက်နေမိပါ၏။

မျှော်ကြည့်မိသောအခါ ရှေ့ဆီတွင် လှပဝေဆာသော ပန်းခင်းတစ်ခင်း။ အို… မွှေးရနံ့က အဲဒီကနေ လာနေတာပဲဖြစ်ရမည်။

အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်ကြီးငယ် ဝန်းရံသိုင်းဝိုင်းနေသော နေရာ၊ မြင့်မြင့်လေရာရှူခင်းတွေသည် လှပဆန်းကြယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်တော့ ဒီနေရာ ဥယျာဉ်လေးတစ်ခုပဲ ဖြစ်ရမည်။

အရောင်အသွေးစုံ လှပစွာ ပွင့်ဖူးနေသော ပန်းပင်ခင်းကြီးဆီသို့ သူ့ခြေလှမ်းများက မပြေးရုံတမယ် လှမ်းလာမိသည်။

ပန်းခင်းကြီးပေါ်တွင် ဝတ်ရည်စုပ်ရန် လူးလားခေါက်တုံ့ ရစ်သီဝဲပျံနေကြသော ကိုရွှေလိပ်ပြာ၊ မောင်မောင်ပိတုန်းတို့မှာလည်း ဟိုတစ်စု သည်တစ်စု ကူးချည်သန်းချည် အလုပ်ရှုပ်နေကြသည်။

ပန်းခင်းကြီး၏ တစ်ဖက်အကွယ်လေးတွင် တစ်စွန်းတစ်စ မြင်လိုက်ရသည့် အရိပ်သဏ္ဌာန်လေးတစ်ခု။

သူပြုံးလိုက်မိသည်။ နောက်ခြေလှမ်းကို ခပ်ဖွဖွနင်း၍ ထိုအရိပ်သဏ္ဌာန်လေးဆီသို့ လျှောက်လာခဲ့မိသည်။

ဟော… မြင်ရပြီ။

ပန်းခင်းကြီးကို အကာအကွယ်ပြု၍ ပုန်းကွယ်နေသော မိန်းမလှလေး။

'ဟိတ်'

သူက မြည်သံပြု၍ ထိုမိန်းမလှလေးကို ဖျတ်ခနဲပွေ့ဖက်လိုက်သည်။

'အို… လန့်လိုက်တာ မောင်မောင်ရယ်'

မိန်းမပျိုလေးက တခစ်ခစ်ရယ်သံပြု၍ သူ့ကို လက်သီးဆုပ်လေးနှင့် ကျီစယ်သလို ခပ်ဖွဖွထုသည်။



'ကဲ… မိပြုံ၊ မိအောင်ဖမ်းနိုင်ပြီနော်၊ ဒီတစ်ခါ မလွှတ်ပေးတော့ဘူး'

'အို… မလွှတ်ပေးရင် နှမလေးက ဒီအတိုင်းပဲနေရတော့မှာလား'

'နေပေါ့'

'မနေနိုင်ပါဘူး'

'ကဲ… မနေနိုင်ဦးဟာ'

'အိုး… မောင်မောင် ဟိုမှာကြည့်နေတယ်'

မိန်းမပျို၏ အလန့်တကြားအော်သံကြောင့် သူကယောင်ကတမ်း လက်ကိုဖြေလွှတ်မိသည်။ တောင်မြောက်လေးပါးကို ရှက်ကိုးရှက်ကန်းဖြင့် မျှော်ကြည့်လိုက်သည်။

'ဘယ်သူလဲ၊ ဘယ်သူကြည့်လို့လဲ'

'ဟိုမှာလေ'

မိန်းမပျိုညွှန်ပြရာကို ကြည့်မိလိုက်သည်။ သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းနားတွင် ပြူတစ်ပြူတစ်နှင့် ချောင်းကြည့်နေသော အမြီးစုတ်ဖွား ရှဉ့်ကလေးနှစ်ကောင်။

'ကြည့်စမ်း… ကြည့်စမ်း၊ သန်လှချည်လား'

ရုတ်တရက် သူ့ရင်ခွင်ထဲမှ လှစ်ခနဲထွက်ပြေးသွားသော မိန်းမပျိုနောက်သို့ သူက အပြေးကလေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မီလုမီခင်ရောက်လာ၏။ ရုတ်တရက် မိန်းမပျိုလေး၏ လက်ကို သူ ဖမ်းဆုပ်လိုက်မိသည်။

အိထွေးသောခန္ဓာကိုယ်လေး သူ့ရင်ခွင်ထဲ ညင်သာစွာ ပြိုကျလာသည်။ ထိုစဉ်မှာပင်...

သူတို့နှစ်ဦး၏ ခန္ဓာကိုယ်များမှ အငွေ့တွေတလူလူထွက်လာသည်ကို ထိတ်လန့်အံ့သြဖွယ် တွေ့မြင်လိုက်ရသည်။

စက္ကူစကို မီးရှို့လိုက်သကဲ့သို့ပင် သူတို့၏ခန္ဓာကိုယ်နှစ်ခုမှာ တဖြည်းဖြည်း အငွေ့အဖြစ် ကျွမ်းလောင်ပျောက်ကွယ်သွားတော့သည်။

လွင့်ပျံတက်သွားသော အငွေ့စီးကြောင်းနှစ်ခုသည် တုတ်ရှည်ရှည်(အမွှေးတိုင်) အရာနှစ်ခုတည်း ပြောင်းပြန်စီးဝင်သွားလေ၏။

အငွေ့တွေအားလုံး စီးဝင်သွားပြီးသောအခါ ပတ်ဝန်းကျင်သည် စောစောက ဘာမှမရှိခဲ့သလို ပကတိရှင်းလင်းငြိမ်သက်လျက်။

သူတို့ ဘာဖြစ်သွားကြတာလဲ။

ဘယ်ကိုရောက်သွားကြတာလဲ။

သူတို့ခန္ဓာကိုယ်တွေ...

ထိတ်လန့်တကြား အော်သံနှင့်အတူ မျက်လုံးအစုံသည် ဖျတ်ခနဲပွင့်လာ၏။



ရုတ်တရက် အမှောင်ထုမှလွဲ၍ ဘာမျှမမြင်ရ။

နောက် အပေါ်စီးမှ ငုံ့မိုးကြည့်ရှုနေသော ကောင်းကင်ပြင်ကျယ်ကြီး၊ စိုးရိမ်တကြီးမျက်နှာများ။

'ဘာဖြစ်တာလဲ မောင်မိုးဝေ'

မျက်လုံးမှိတ်ပြီး ပြန်စဉ်းစားစရာမလိုဘဲ အဖြစ်အပျက်ကို သူပြန်မှတ်မိလာသည်။

စိုးရိမ်တကြီးဖြင့် တစ်စုံတစ်ယောက်ကို ကယောင်ကတမ်း ရှာမိလိုက်သည်။

'မန်း... မန်းရော'

'ကလေးမအနားမှာ ရှိပါတယ် မောင်မိုးဝေရဲ့၊ ဒီမှာလေ'

ဦးလေးသောင်းတင်အသံကို ကြားရသည်။ သူ့ခြေရင်းတွင် ငုတ်တုတ်လေးထိုင်၍ သူ့အား စိုးရိမ်တကြီး ကြည့်နေသော ချစ်သူလေးကို တွေ့ရသည်။

'ဟူး... တော်ပါသေးရဲ့'

သူ သက်ပြင်းမောကို မှုတ်ထုတ်ရင်း ညည်းလိုက်မိသည်။

'ခုနက အသံကျယ်ကြီးနဲ့ အော်လိုက်တယ်၊ ဘာဖြစ်လို့လဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အိပ်မက်မက်ပြီး လန့်အော်မိတာ ဦးလေးရ'

ချောက်ချားဖွယ်အိပ်မက်ကို မျက်စိထဲ ပြန်မြင်လာသည်။

'အိပ်မက်ထဲမှာ ကျွန်တော်နဲ့ မန်းနဲ့ ဥယျာဉ်တစ်ခုထဲမှာ ရောက်နေတယ်၊ ပြီးတော့ ကြည့်နေရင်းမှာပဲ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ ခန္ဓာကိုယ်က အငွေ့တွေပျံပြီး အမွေးတိုင်လို ဟာမျိုးနှစ်ခုထဲကို ဝင်သွားတယ် ဦးလေး'

'ဟင်… အိပ်မက်ကြီးကလည်း'

ဖိုးနိုင်က သူ့ဝသီအတိုင်း သဘောမတွေ့သလို ရေရွတ်၏။

'ဦးလေး… ကျွန်တော့်အိပ်မက်က ရသေ့ကြီးပြော လိုက်တာနဲ့ တိုက်ဆိုင်နေတယ်'

'ဘာကိုလဲ မောင်မိုးဝေ'

'ကျွန်တော့်ကို ကျိန်စာကလွတ်အောင် အမွေးတိုင်ကို ဖျောက်ဖျက်ပစ်ရမယ်ဆိုတာ၊ ခု အိပ်မက်ထဲမှာလည်း အမွေးတိုင် ပါနေတယ်၊ ပြီးတော့ အဲဒီအမွေးတိုင်ထဲ ကျွန်တော်တို့ အငွေ့ တွေဝင်သွားတယ်၊ ဒါဟာ တိုက်ဆိုင်မနေဘူးလား'

ကျွန်ုပ်က မောင်မိုးဝေ ရသေ့ကြီးပြောတာ စွဲလမ်းပြီး ဥပါဒါန်ကြောင့် ဥပါဒ်ရောက်မည်စိုး၍ ကပျက်ကယက်ပြော လိုက်ရသည်။



'မဟုတ်နိုင်ပါဘူးကွာ၊ ခရီးပန်းသွားလို့ ကယောင် ချောက်ချားအိပ်မက်တွေ မက်တာနေမှာပါ၊ ခေါင်းထဲမထားနဲ့။ ကဲ… မနက်မလင်းသေးဘူး၊ ပြန်အိပ်ချေတော့၊ ကျုပ်တို့သူတွေ လည်း ကိုယ့်နေရာကိုယ်ပြန်အိပ်ကြ၊ သွား… သွား…'

ကျွန်ုပ်က လူစုကိုပြန်ခွဲပြီး အိပ်ရာဝင်ခိုင်းလိုက်သည်။

လူစုခွဲသွားကြသော်လည်း မောင်မိုးဝေမှာ ပြန်၍အိပ် ပျော်နိုင်သေးပုံမရဘဲ မျက်လုံးအပြူးသားဖြင့် အဆုံးမရှိ ကျယ် ဝန်းလှသော ကောင်းကင်ကြီးကို မော့်၍ကြည့်နေပြန်လေ၏။

အိပ်မက်အကြောင်း စဉ်းစားဟန်တူနေလေသည်။

ကျွန်ုပ် သက်ပြင်းကို မျဉ်းမျဉ်းချမိသည်။

မောင်မိုးဝေကို ဘယ်လိုဖျောင်းဖျနှစ်သိမ့်ရမည်မှန်း မသိ နိုင်တော့ပေ။ အကြောင်းမှာ ကျွန်ုပ်လည်း ရသေ့ကြီးပြောခဲ့သည့် စကားနှင့် မောင်မိုးဝေ အိပ်မက်ဆက်နွယ်မှုကို သံသယဝင်လျက် ရှိနေချေပြီဖြစ်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကျွန်ုပ်တို့သည် မနက်လင်းသော် စခန်းချနားနေရာမှ ခရီးဆက်ကြရပြန်သည်။ ရှေ့တွင် တောင်ကတုံးတစ်ခုကို မြင်ကြရသည်။

တောင်ထိပ်ပေါ်တွင် တောထူထပ်ခြင်းမရှိပေ။ တောင်ဇလပ်အနီပင်များ ခပ်ကျဲကျဲပေါက်နေကြ၏။

နေရောင်သည် ဝင်းပမြဲဝင်းပနေသော်လည်း မပူချေ။ ရာသီဥတုသည် သစ်ပင်ရိပ်မှာဆိုလျှင် အေးမြနေပြီး နေပူထဲမှာဆိုလျှင် ချိုသာလှသည်။

နေချိုသည် မပူသော စကားမှာ ဤနေရာမျိုးအတွက် ဖြစ်ဟန်တူသည်။ ကျွန်ုပ်တို့မှာ တောင်ပေါ်သို့ တပင်တပန်းတက်ရ၍ မောဟိုက်နေကြသော်လည်း မောင်မိုးဝေနှင့် မိန်းကလေးမှုကား တစ်ဦးကိုတစ်ဦး ဖေးဖေးမမဖြင့် ပြုံးရွှင်ချိုကြည်ကာ ရှိနေကြသည်။



သူတို့အတွက် ဤခရီးသည် ပျားရည်ဆမ်းခရီးထွက်လာသည်ဟု ထင်နေကြသည်လား မသိ။

မိန်းကလေးသည် လမ်းတစ်လျှောက်၌ တွေ့ရသောပန်းများကို ခူးဆွတ်လျက်ရှိနေရာ ကျွန်ုပ်တို့မှာ မကြာခဏစောင့်၍နေရချေသေးတော့သည်။ မကြာမီ မတ်စောက်လှသောတောင်အဆင်းကြီးကို ဆင်းကြရပြန်၏။ လမ်းပေါ်တွင် ထင်းရှူးရွက်များ ထူထပ်စွာဖုံးနေသောကြောင့် ခြေထောက်ရော၊ လက်မှတုတ်ကိုရော သတိကြီးစွာထားပြီး ခက်ခဲစွာဆင်းကြရ၏။

တောင်အတက်နှင့် အဆင်းမှာ အဆင်းက ပို၍ပင်ပန်းသည်။ အတက်တုန်းက ခေါင်းငိုက်စိုက်ချ၍ အောက်ကြည့်သွားရသည်များရာ မတ်စောက်မှုကို သိပ်မမြင်ရသဖြင့် စိတ်သက်သာရာရ၏။ အဆင်းမှာကား မတ်စောက်မှုကို မမြင်ချင်လည်း မြင်နေရသည်။

လိမ့်ဆင်းမသွားအောင် အရှိန်လွန်ကျမသွားအောင်လည်း ထိန်းရသေးသည်။

အတန်ကြာသောအခါ တောင်တန်းကြီးတစ်ခုကို ကျော်လွန်ဖြတ်သန်းမိပြီဖြစ်ကြောင်း သိသာလာ၏။ မတ်စောက်သောကမ်းပါးယံများ ပျောက်ကွယ်သွားသည်။ ထင်းရှူးတောမှ ထွက်လာသည့် လမ်းသည် လွင်ပြင်ပေါ်ဖြစ်သွားသလို ထင်ရသည်။ သို့သော် လွင်ပြင်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းပြန့်ပြူးသော တောင်ကုန်းတစ်ခုသာဖြစ်သည်။ ထိုနေရာမှလွန်လေသော် တောအုပ်ကြီးတစ်ခုကို တွေ့ကြရပြန်သည်။ သစ်ပင်ကြီးများ ထူထပ်ပေါများစွာ ပေါက်နေသော တောအုပ်၏ အလယ်သို့ ကျွန်ုပ်တို့ ရောက်လာခဲ့ပြီ။

မကြာမီ နေဝင်ပေတော့မည်။

'ဆရာကြီး… မဟာပါလတွေကို ကျွန်ုပ်တို့တွေ့ခဲ့တာ ဒီနေရာပဲ'

ဟု ဦးထန်ခိုးက ပြောသည်။

'ကဲ… ဒါဆိုရင် ဟောဟိုသစ်ပင်ပေါ်မှာ လင့်စင်ထိုးပြီး စောင့်ကြတာပေါ့'

ဟု ကျွန်ုပ်က သစ်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုး၍ ပြလိုက်သည်။

ကျွန်ုပ်တို့လူစုလည်း လင့်စင်ထိုးရန် ပြင်ကြဆင်ကြရင်း အလုပ်ရှုပ်သွားလေတော့သည်။

■

## အခန်း (၁၆)

ဦးထန်ခိုးသည် ရှေ့မှီနောက်မှီ ဗဟုသုတကြွယ်သော သူတစ်ယောက်ဖြစ်သည်။ လင့်စင်ပေါ်တွင် စခန်းချ၍နေကြစဉ် ဦးထန်ခိုးပြောပြသည့် အကြောင်းအရာတို့ကို စိတ်ဝင်တစား နားထောင်ခဲ့ရလေ၏။

'မုန္တကရာဇ် ရှေးဟောင်းမြို့တော်နဲ့ပတ်သက်တဲ့ ဒဏ္ဍာရီပုံပြင်တစ်ခုတော့ ရှိတယ် ဆရာကြီးရဲ့'

'ဘယ်လိုများလဲ ဦးထန်ခိုးရဲ့၊ ကျုပ်တို့ကိုလည်း ပြောပြပါဦး'

ကျွန်ုပ်နှင့်တကွ အားလုံးကလည်း စိတ်ဝင်တစားရှိကြသဖြင့် ဦးထန်ခိုးသည် ချောင်းကို တစ်ချက်ဟန့်ရင်းမှ 'ဒီလို' ဟု အစချီကာ စကာပတ်ကုံးပြောပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထန်ခိုး ပြောစကားမှတစ်ဆင့် အတိတ်ဇာတ်လမ်းတစ်ပုဒ်သည် ကျွန်ုပ်တို့၏နှလုံးသားအာရုံဝယ် ကွင်းကွင်းကွက်ကွက်ပေါ်လွင်ထင်ဟပ်လာပါလေတော့သည်။

* * *

မုန္တကရာဇ်မြို့တော်။

တောင်အထပ်ထပ် တောမြောင်အသွယ်သွယ်တို့၏အလယ်၌ တည်ရှိခဲ့သော မြို့တော်ဟောင်း။

ရှေးအခါက အလွန်တရာ စည်ကားလှသောမြို့တော်ကြီးဖြစ်ခဲ့ဖူးသည်ဆို၏။ မုန္တကရာဇ်မြို့တော်ကို စိုးစံသူက စန္ဒဂေါဏီဟူသော ဘုရင်မတစ်ပါးပင်ဖြစ်သည်။

စန္ဒဂေါဏီကားတုမမီသော ရုပ်ရည်ရူပကာအဆင်းအင်္ဂါနှင့် ပြည့်စုံသလို စူးရှထက်မြက်သော ဉာဏ်ပညာ၊ အတတ်ပညာများကို ပိုင်ဆိုင်သည်သာမက ဘုန်းတန်ခိုးသြဇာမှာလည်းလွန်စွာကြီးမားသည်ဆို၏။

သူရဇလဟူသော ဘုရင်မ၏ ကိုယ်ရံတော်တပ်မှူးလေးသည်ကား ဘုန်းလက်ရုံးစွမ်းရည်နှင့် ပြည့်စုံသော သူရဲကောင်းလုလင်ဖြစ်ရုံသာမက ထူးခြားသောအင်္ဂါရုပ်ဖြင့် တင့်တယ်ချောမောသူဖြစ်ပေရာ ဘုရင်မ၏ အထူးအရေးပေး၊ အားထားခံရသူတစ်ယောက်ဖြစ်ပေတော့သည်။



တပ်မှူးလေး သူရဇလတွင် မယ်ဝသုန်ဟူသော ချစ်သူကလေးရှိ၏။ မယ်ဝသုန်သည် ဥယျာဉ်တော်မှူးကြီး၏ သမီးလေးပင်ဖြစ်သည်။ မယ်ဝသုန်လေးသည် ဆင်းရဲသူမ အနိမ့်စားထဲကဖြစ်သော်လည်း ချောမောပြေပြစ်သော နှစ်လိုဖွယ်အဆင်းအင်္ဂါနှင့် ပြည့်စုံသည့်မိန်းကလေးမို့ တပ်မှူးသူရဇလမှာ မိန်းကလေး၏မျိုးရိုးအနွယ်ကို လျစ်လျူရှု၍ မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေရှာတော့သည်။

အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးသာယာခြင်းမရှိဟုဆိုကြသည်။ တပ်မှူးကလေး သူရဇလနှင့် မယ်ဝသုန်လေးတို့၏ အချစ်လမ်းသည်ကာ ကံကြမ္မာနတ်ဆိုး၏ စေစားချက်ကြောင့်ကောက်ကွေ့ကြမ်းတမ်း၍ သွားခဲ့ရလေသည်မှာ...

တစ်နေ့...

မြို့တော်တွင်း၌ သူရဲကောင်းများ၏အစွမ်းကို ဖော်ထုတ်ပြသသောပွဲကို ကျင်းပလျက်ရှိသည်။

ထိုပွဲတွင် ဘုရင်မစန္ဒဂေါဏီကိုယ်တိုင် ကြည့်ရှုအားပေးရန် ပွဲကြည့်စင်ပေါ်တွင် ရောက်ရှိ၍နေလေ၏။

ယောကျ်ားဂုဏ်ရည်ပြ အစွမ်းသတ္တိပြိုင်သည့် နပန်းပွဲတွင် ကြည့်မြင်လို၍ ကျိတ်ကျိတ်တိုးစည်ကား နေသော လူထုပရိသတ်ကြီးကလည်း ကွင်းပြင်အပြည့်၊ ထိုလူစုဝေးထဲတွင် တပ်မှူးကလေး၏ချစ်သူ မယ်ဝသုန်လည်း ပါဝင်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကပါ လာရောက်အားပေးသည်ဆိုတော့ တပ်မှူးကလေးမှာ သူ့အစွမ်းကို လူလယ်ခေါင်တွင် ကြွားချင်၍နေသေးတော့သည်ဖြစ်ရာ သည်ပွဲတွင် သူလည်းပါဝင်ဆင်နွှဲချင်သည့်အကြောင်း ဘုရင်မကို တောင်းဆိုပူဆာမိတော့သည်။ ဘုရင်မစန္ဒဂေါဏီကလည်း ရွှာရွှေရှုရှုပင် အခွင့်ပေးလိုက်လေ၏။

ခါးတောင်းကျိုက်သော နံငယ်မှအပ ကိုယ်ချွတ်ဗလာဖြင့် နပန်းစည်းဝိုင်းအတွင်းသို့ တပ်မှူးလေးသူရဗလ ဝင်သွားသောအခါ အသားအရောင်နှင့် ကိုယ်ခန္ဓာပြေပြစ်မှုမှာ ထင်းခနဲပေါ်လွင်လှသောကြောင့် မိန်းမအများစု၏ အားပေးချီးမြှောက်ခြင်းကို ခံရလေတော့သည်။

မယ်ဝသုန်အဖို့မှာတော့ သူ့ချစ်သူသည် ကမ္ဘာပေါ်မှာချောလည်း ချော၊ လှလည်း လှ၊ ကျက်သရေလည်း ရှိပြီးလျှင် ခွန်အားဗလနှင့်ပြည့်စုံသော ယောကျ်ားထူး ယောကျ်ားမြတ်ဖြစ်ပေသည်တကားဟု စိတ်ဝယ် ပီတိအကြိမ်ကြိမ်ဖြစ်နေမိတော့သည်။

ပြိုင်ပွဲတွင် တပ်မှူးကလေးသူရဗလသည် သူ့ထက်ခွန်အားနှစ်ဆမျှရှိသော အားကောင်းမောင်းသန်ပြိုင်ဘက်ကို ဖျတ်လတ်သွက်လက်စွာ အလဲထိုးအနိုင်ယူလိုက်လေ၏။

လူထုပရိသတ်ကြီးမှာ တစ်ခဲနက်မျှ ကောင်းချီးသြဘာပေးကြလေသည်။ ဘုရင်မစန္ဒဂေါဏီသည် သူ၏ကိုယ်ရံတော်တပ်မှူးလေး၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ရွှေလက်ပတ်တစ်ခု အောင်ဆုအဖြစ် တပ်မှူးလေးသူရဗလ၏ ညာဘက်လက်ကောက်ဝတ်တွင် ဝတ်ဆင်ပေးလိုက်သည်။



တဖျတ်ဖျတ်လက်လျက်ရှိသော ဘုရင်မ၏ မျက်လုံးများကား တပ်မှူးကလေးကိုပင် မျက်လွှာချသွားစေလောက်အောင် မေတ္တာရိပ်များဖြင့် ပြည့်လျှမ်း၍နေလေ၏။

ဘုရင်မစန္ဒဂေါဏီကား တပ်မှူးကလေး သူရဗလအပေါ်တွင် မေတ္တာစိတ် ယိုဖိတ်သွားသည့်အဖြစ်ကို အဝေးမှအကဲခတ်၍နေသော မယ်ဝသုန်ပင် ကောင်းစွာသဘောပေါက်လိုက်မိလေတော့သည်။

ထိုအဖြစ်အပျက်၏ နောက်ပိုင်းတွင် တပ်မှူးကလေးသူရဗလနှင့် မယ်ဝသုန်တို့အဖို့၌ စိတ်အစဉ်တို့ အေးငြိမ်းမှု လျော့ပါးသည်ထက် လျော့ပါးလာကာ သောကမီးတို့ စွဲငြိစပြု၍လာပါလေတော့သည်။

သို့ရာတွင် ဘုရင်မ၏ အာဏာစက်ကွင်းနယ်ပယ်မှ ရုန်းထွက်နိုင်ကြခြင်းမရှိသည့်ဘဝတွင် ရောက်ရှိနေကြသည့်အဖြစ်ကြောင့် နှစ်ဦးစလုံး၏ ရင်ထဲ၌ ခဲများဆွဲထားဘိသကဲ့သို့ လေးလံ၍နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူတို့ ရင်တယိတ်ထိတ်နှင့် စိုးရိမ်နေသည့် အခြေအနေတစ်ခုသည် မကြာမတင်မီ မသွေမြန်စွာ ဆိုက်ရောက်လာသောအခါ…

'တပ်မှူးလေး သူရဗလ၊ ကျွန်ုပ်သည် ဤစကားကို ပြောရသည်မှာ များစွာရှက်ရွံ့မိပါသည်၊ သို့သော်လည်း ကျွန်ုပ်နှလုံးသား၏ စေခိုင်းချက်အရ မပြောမဖြစ် ပြောရပေတော့မည်'

ဘုရင်မစန္ဒဂေါဏီသည် မိမိခြေရင်းတွင် ဝပ်တွားခယနေသော တပ်မှူးကလေးကို မြတ်နိုးကြင်နာစွာ စိုက်၍ကြည့်လိုက်သည်။

'ပြောပါ အရှင်မ၊ ကျွန်တော်မျိုး နားထောင်နေပါတယ်'

စန္ဒဂေါဏီက တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် တပ်မှူးကလေးအပေါ် သူမ တိမ်းညွတ်မိနေသည်ကို ပွင့်ပွင့်လင်းလင်းပင် ပြောပြဆွေးနွေးပါတော့သည်။

'တပ်မှူးလေး… ကျွန်ုပ်သည် သင့်အပေါ်၌ မေတ္တာသက်ဝင်ချစ်ခင်နေမိပါပြီ။ ကျွန်ုပ်၏ ရာဇဏ္ဍေနွေသိက္ခာကိုပင် မငဲ့ကွက်နိုင်တော့ဘဲ သင့်အပေါ် ချစ်ခင်စုံမက်လွန်း၍ ဤစကားကို ပြောရခြင်းဖြစ်ပေ၏။ ကျွန်ုပ်၏နှလုံးသားသည် အခြားမည်သူ့အပေါ်မှ တိမ်းမိခြင်းမရှိဘဲ အသင့်အပေါ်၌သာ စုလည်ယိမ်းအိလျက်ရှိနေပါသည်။ အသင်ရော ကျွန်ုပ်ကို စုံမက်နှစ်သက်ရဲ့လား'



ဤအဖြစ်သည် စိုင်ကော်လို့ချုံပေါ်ရောက်ခြင်းဟု ကြည်နူးဝမ်းသာမိရမည့်အစား တပ်မှူးလေးမှာ ငြင်းရအခက်၊ လက်ခံရအခက်ဖြစ်ကာ စိတ်အဆင်းရဲကြီး ဆင်းရဲနေမိတော့သည်။ တိတ်ဆိတ်နေလိုက်တာကို လက်ခံခြင်းဖြစ်သည်ဟု ဘုရင်မယူမှတ်လိုက်မှာလည်း စိုးရိမ်လှစွာဖြင့် တပ်မှူးကလေး ကတုန်ကယင် ထစ်ငေါ့စွာလျှောက်လိုက်မိတော့၏။

'ကျွန်တော်မျိုး… ကျွန်တော်မျိုးမှာ ချစ်သူရှိပါတယ် အရှင်မ'

ကြားရသည့်စကားကြောင့် ဘုရင်မ၏မျက်နှာ မဲ့ခနဲဖြစ်သွားသည်။ ရုတ်တရက်ခံပြင်းဒေါသထွက်ကာ ထိုင်နေရာမှ ဝုန်းခနဲထလိုက်မိသည်။

'ကျွန်ုပ်မေတ္တာကို ငြင်းပယ်တာလား သူရဗလ'

'မဟုတ်'

'တိတ်စမ်း၊ အသင့်ချစ်သူက ဘယ်သူလဲ'

'ဥယျာဉ်တော်မှူးကြီးရဲ့သမီး မယ်ဝသုန်ပါ အရှင်မ'

ဘုရင်မသည် တစ်ခဏမျှငြိမ်သက်နေပြီးနောက် အတန်ငယ်ရယ်မောလျက်…

'ခံပြင်းစရာကောင်းလိုက်လေ သူရဗလရယ်၊ ကျွန်ုပ်လိုတိုင်းပြည်အထွတ်အထိပ် ဘုရင်မရဲ့ ချစ်မေတ္တာကိုငြင်းပယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသင်က ဥယျာဉ်မှူးသမီး ဆင်းရဲသူမရဲ့ မေတ္တာကို လက်ခံသတဲ့လား၊ ဟင်း... ပြောစမ်းပါဦး တပ်မှူးကြီးရဲ့'

ဘုရင်မသည် အလွန်နာကြည်းသည့် အမူအရာဖြင့် မေးမိလိုက်လေ၏။ တပ်မှူးကလေးသည် သာမန်အခြေအနေဆို ဘုရင်မ၏ အမျက်ဒေါသအတွက် တုန်လှုပ်တကြီးဖြစ်မိမှာမှန်သော်လည်း ယခုအချိန်၌မူ အချစ်အတွက် ရဲဝံ့၍နေမိသည်။

'အရှင်မ သတ်လိုက သေရမည်ဖြစ်ပါသည်။ သို့သော် ကျွန်တော်မျိုးချစ်သူ မယ်ဝသုန်ထံမှလွဲ၍ ဘယ်သူတစ်ယောက်အတွက်နဲ့မှ မဖြစ်စေရဟု ကျွန်ုပ် သစ္စာပြုထားပြီးဖြစ်ပါသည်'

'သင် တယ်မိုက်ပါလား၊ ဒီစကားကို သင်မို့ပြောရက်တယ်၊ သင်ဟာ ကျွန်ုပ်ချစ်မြတ်နိုးရသူမို့ အပြစ်မတင်ရက်ပါဘူးလေ၊ သင်သိထားဖို့က သင်ဟာ ကျွန်ုပ်အတွက်သာဖြစ်ရမည်သူရဇလ၊ ဒါကြောင့် ကျွန်ုပ်ကြင်ရာတော်အဖြစ် လက်ခံပေးပါ၊ ကျွန်ုပ်ကိုယူပြီး ဤတိုင်းပြည်တွင် ဘုရင်လုပ်၍ ကျွန်ုပ်နှင့်အသက်ထက်ဆုံး ပျော်ရွှင်စွာနေမည်လား၊ ဒါမှမဟုတ် သင်ရောသင့်ချစ်သူပါ သေလိုကြသလား၊ နက်ဖြန်အဖြေပေးပါ တပ်မှူးကြီး'

ဘုရင်မသည် အေးစက်စူးရှသော လေသံဖြင့် ပြတ်သားစွာ တစ်လုံးချင်းပြောလိုက်လေ၏။



တပ်မှူးကလေး သူရဇလအဖို့ ဘုရင်မနှုတ်မှ ထွက်သောစကားလုံးတိုင်းသည် ဒဏ်ရာမှကျသော သွေးစက်တွေကဲ့သို့ နာကျင်ခံခက် ရှိလှလေတော့၏။

အခြားရွေးချယ်စရာလမ်း မရှိတော့၍ ချစ်သူမယ်ဝသုန်ကို ခေါ်ဆောင်ကာ တပ်မှူးကလေး ထွက်ပြေးရှာလေပြီ။

သို့သော် ခမျာမျှားမှာ ခြေလျင်ခရီးသွားကြရခြင်းဖြစ်ရာ မိန်းမသားပါရှိနေ၍ များစွာခရီးမတွင်လှပေ။

ကြမ္မာဆိုးမှ သူတို့ပြေးမလွတ်နိုင်အောင် ဖြစ်ရလေတော့၏။

နောက်ပါးမှ ထက်ကြပ်မကွာလိုက်လာသော ဘုရင်မတပ်သားများ၏လက်ဝယ် သက်ဆင်းကျရောက်ခဲ့ရလေပြီ။

စန္ဒဂေါဏီဘုရင်မသည် မိမိအသက်တမျှ ချစ်ခင်ရသောသူသည် မိမိမေတ္တာကို ငြင်းပယ်၍ ဥယျာဉ်မှူးသမီး ဆင်းရဲသူမနှင့် ထွက်ပြေးသည်ဆိုသောအခါ၌ မခံချိမခံသာဖြစ်ရတော့သည်။ မိမိအရှက်ကို ခွဲရက်လေခြင်းဟု တပ်မှူးကလေးအပေါ်၌ တစ်ဖက်သတ်နာကြည်းမှုပြင်းထန်ကာ ကလဲ့စားချေမှုကြီးတစ်ခုကို ဖန်တီးလိုက်လေ၏။

တပ်မှူးကလေးကိုယ်တိုင် သူ့ချစ်သူ မယ်ဝသုန်အား သတ်ရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ တပ်မှူးကလေးက

www.burmeseclassic.com

www.burmeseclassic.com



မယ်ဝသုန်ကို မသတ်လျှင် တပ်မှူးကလေး၏ မိဘဆွေမျိုး အားလုံး သေကြရမည်ဟူသော ပြင်းထန်လှသောအမိန့်တော်ကြောင့် ကြားရသူအပေါင်း သည်းတုန်အူတုန်လျက်ရှိလှစေသည်။

တစ်ဖက်မှာလည်း မိမိအသက်တမျှ ချစ်မြတ်နိုးရသော ချစ်သူ၊ တစ်ဖက်မှာလည်း သွေးသားရင်းချာ မိဘဆွေမျိုးများ။

ချစ်သူကိုမသတ်လျှင် မိဘကိုသတ်သောသူအဖြစ် သူ့အမည်မှာ ဆွေစဉ်မျိုးဆက် အမည်ဆိုးဖြင့် တွင်ကျန်ရစ်ရုံသာမက သေလျှင်လည်း ငရဲကျပေဦးမည်။

တစ်ဖန် ချစ်သူကိုလည်း မသတ်ရက်ပြန်။

တပ်မှူးကလေး သူ့ရဲဗလမှာ ဓားကို တင်းတင်းဆုပ်ကိုင်ထားလျက်က ခေါင်းငိုက်စိုက်ချရင်း မျက်ရည်တွင်တွင်ကျနေမိတော့သည်။ မယ်ဝသုန်မှာ ချစ်သူအဖြစ်ကို မကြည့်ရက်နိုင်တော့။

'မောင်မောင် မိဘကိုသတ်ရင် ငရဲမှာကျတတ်တယ်၊ မောင်မောင့်နာမည်ဟာလည်း ဆွေစဉ်မျိုးဆက်အလယ်မှာ ပျက်ရလိမ့်မယ် မောင်မောင်၊ ဘာမှတွေဝေဆုတ်ဆိုင်းမနေပါနဲ့တော့၊ နှမလေးကိုသာ သတ်လိုက်ပါတော့ မောင်မောင်ရယ်၊ ဒီဘဝမှာ မပေါင်းရပေမယ့် နောင်ဘဝကျရင် မောင်မောင်နဲ့ပေါင်းရဖို့ နှမလေး ဆုတောင်းခဲ့ပါတယ်၊ သတ်လိုက်ပါတော့ မောင်မောင်ရယ်၊ သတ်လိုက်ပါတော့'



'မောင်မောင့်ရဲ့ သည်းပွတ်နှလုံးမှု ချစ်ရတဲ့ နှမလေးရယ်၊ မောင့်မှာ ရွေးစရာလမ်း မရှိတော့တဲ့အတွက် နှမလေးကို မသတ်ရက်ပေမယ့် သတ်ရတော့မယ်၊ ခွင့်လွှတ်ပါ နှမတော်၊ အကယ်၍များ သေလွန်ပြီး ဘဝတစ်ဖန် ဖြစ်ရရိုးထုံးစံရှိရင် မောင့်အရှင်ဟာ နှမနဲ့တွေ့လိုလှပါတယ်၊ နှမနဲ့ပေါင်းဖက်လိုလှပါတယ်၊ မောင်တို့နှစ်ယောက်ရဲ့ ချစ်ကြမ္မာက ဆိုးလွန်းလှပါတယ် နှမရယ်၊ နောင်ဘဝမှာ ဒီလိုကြမ္မာဆိုးမျိုးနဲ့ မကြုံတွေ့ရအောင် မောင်ဆုတောင်းလိုက်ပါတယ် နှမရယ်၊ မောင့်ကို ခွင့်လွှတ်ပါတော့'

တပ်မှူးကလေးသည် ငိုသံပါကြီးနှင့် ပြောလိုက်ပြီးနောက် မျက်လုံးစုံမှိတ်၍ ချစ်သူမယ်ဝသုန်၏ နှလုံးသားဆီကို ဓားဖြင့် တအားစိုက်ထိုးချလိုက်လေတော့သည်။

မယ်ဝသုန့်ထံမှ အင့်ခနဲတစ်ချက်ရှိုက်သံသာ ကြားလိုက်ရပြီး ဝုန်းခနဲလဲပြိုကျသွားတော့မှ သူမျက်လုံးကိုဖွင့်ကာ ဘုရင်မကို စက်ဆုပ်ရွံရှာစွာ လှည့်ကြည့်လိုက်သည်။

'သင်သည် သင်၏ ရက်စက်သောစိတ်ထားဖြင့် ကျွန်ုပ်တို့၏ နူးညံ့သောနှလုံးသားကို ကွဲအက်ကြေပြုန်းစေခဲ့သည်။ သင်၏အလိုရမ္မက်စိတ်ကြောင့် ကျွန်ုပ်၏ချစ်သူမှာ သေရပြီ၊ ချစ်ခြင်းမေတ္တာဆိုသည် အတင်းအဓမ္မလုပ်ယူ၍ ရကောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အရာ မဟုတ်၊ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာမှာလည်း ကျွန်ုပ်၏ ချစ်သူအပေါ်မှာသာ ထာဝရတည်မြဲပေလိမ့်မည်၊ ဤနေရာမှာပင် ကျွန်ုပ် သစ္စာဆိုလိုက်မည်၊ ကျွန်ုပ်၏ချစ်သူအပေါ်မှာ ထားရှိသည့် စစ်မှန်သောချစ်ခြင်းမေတ္တာကြောင့် နောင်လာလတ္တံ့သော ဘဝဆက်တိုင်း ချစ်သောသူနှင့် သေကွဲကွဲရခြင်းမှ ကင်းလွတ်ပါစေ၊ သေအတူရှင်မကွာ ချစ်ခင်မြတ်နိုးရပါစေ'

သစ္စာစကားဆိုပြီးခြင်းမှာပင် တပ်မှူးကလေး သူရဇလသည် တင်းကျပ်စွာဆုပ်ကိုင်ထားသော ဓားမြှောင်ကို အပေါ်သို့ မြှောက်လိုက်သည်။ ထို့နောက် သူ၏ရင်ဝဆီသို့ အားကုန်စိုက်ထိုးချလိုက်လေတော့၏။

အားလုံးမှာ ရုတ်တရက် လျင်မြန်စွာပြောင်းလဲသွားသော အဖြစ်အပျက်ကို မယုံနိုင်လောက်အောင်ပင် ဖြစ်သွားကြသည်။

တပ်မှူးကလေး၏ ခန္ဓာကိုယ်မှာ ချစ်သူမယ်ဝသုန်၏ အလောင်းဘေးတွင် ပြိုလဲကျသွားသည်။ နောက် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ချစ်သူ၏ကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်လျက်သားမှ အသက်ထွက်သွားရရှာလေ၏။

ဘုရင်မသည် ယင်းအဖြစ်အပျက်အတွက် အလွန်အမင်း ဒေါသထွက်ကာ ဆောက်တည်ရာမရ ဖြစ်သွားသည်။



'အဲဒီမသာနှစ်လောင်းကို အမြန်ခွာလိုက်ကြစမ်းဟေ့'

အသေခံ၍ချစ်ပြသွားသော ချစ်သူနှစ်ယောက်၏ အလောင်းကိုကြည့်၍ မနာလိုခြင်းကြီးစွာ သူမအော်ဟစ်အမိန့်ပေးလိုက်မိသည်။

ရဲမက်များက သူမအမိန့်အတိုင်း အလောင်းနှစ်လောင်းကို ဖယ်ခွာရန် ကြိုးစားကြသည်။

သို့သော် ထူးဆန်းစွာပင် အလောင်းနှစ်လောင်းသည် မြဲမြံစွာတုပ်နှောင်ထားသကဲ့သို့ ခွာ၍မရတော့ချေ။

ထိုအခြင်းအရာကြောင့် ဘုရင်မမှာ ပို၍ဒေါသထွက်ရလေတော့၏။

'ဒီလောက်တောင်ချစ်တဲ့ဟာတွေ သေတာတောင် မခွဲချင်ဘူးပေါ့ ဟုတ်လား၊ အေး··· သံသရာတစ်လျှောက်လုံး မခွဲစေရဘူး စိတ်ချ၊ ကျွန်ုပ်ရဲ့ အာဏာစက်နဲ့ ဒဏ်ခတ်လိုက်မယ်၊ သင်တို့၏ ဝိညာဉ်များကို ဟောဒီအမွေးတိုင်ထဲတွင် ပိတ်လှောင်အကျဉ်းချထားလိုက်ပြီ'

ဘုရင်မသည် မှော်အတတ်ဖြင့် စီရင်ထားသော အမွေးတိုင်ထဲ တပ်မှူးကလေးနှင့် မယ်ဝသုန်တို့၏ ဝိညာဉ်များကို ပိတ်လှောင်အကျဉ်းချထားလိုက်လေ၏။

ထိုအမွေးတိုင်နှစ်တိုင်ကိုလည်း မျိုးနွယ်အစဉ်အဆက် စောင့်ရစ်စေရန် အမိန့်ချမှတ်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

'အဲဒီအမွေးတိုင်ကို စောင့်ရလို့ သူတို့ကိုယ်သူတို့ မဟာပါလလူမျိုးတွေလို့ ခေါ်တာတဲ့'

ဦးထန်ခိုးက မုန္တကရာဇ်မြို့ဟောင်း၏ ဒဏ္ဍာရီကို ပြောအပြီးဝယ် မောင်မိုးဝေက ကျွန်ုပ်မျက်နှာကို လှမ်းကြည့်လေ၏။

ဘယ့်နှယ်လဲဆိုသည့်သဘော…

သာမန်တိုက်ဆိုင်မှုမျိုး မဟုတ်တာတော့ သေချာနေလေပြီ။ ဘုရားပျက်အတွင်းမှ မောင်မိုးဝေရလာသော ပုရပိုက်ပါ အကြောင်းအရာတွင်လည်း အမွေးတိုင်ဆိုသည့် စကားလုံးပါသည်။

ရသေ့ကြီးပြောသွားသော စကားတွင်လည်း မောင်မိုးဝေ ကျိန်စာမှလွတ်မြောက်ရန် အမွေးတိုင်ကို ဖျောက်ဖျက်ပစ်ရမည်ဟုပါသည်။



ယခု ဦးထန်ခိုးပြောသော ဒဏ္ဍာရီနှင့်ဆက်စပ်ကြည့်ပါက ဒါဟာ တိုက်ဆိုင်မှုတစ်ခုလို့ သတ်မှတ်၍မရနိုင်တော့ပေ။

ဤသည်တို့ကို သဲလွန်စဟုခေါ်မလား၊ အထောက်အထားများဟု ဆိုလေမလား၊ ယုတ္တိသာဓကများဟု စစ်တမ်းထုတ်လေမလား၊ ကျွန်ုပ် ခွဲခြားသိနိုင်ခြင်း မရှိတော့ပါ။ ဘာပဲဖြစ်ဖြစ်…

ကျွန်ုပ်တို့ သေချာပေါက်လုပ်ရမှာတော့ မုန္တကရာဇ်မြို့ဟောင်းကိုသွားပြီး အမွေးတိုင်ကို ဖျောက်ဖျက်ပစ်ရန်သာ ရှိတော့သည်။

မောင်မိုးဝေသည် တစ်စုံတစ်ရာကို နက်နက်နဲနဲစဉ်းစားနေသလို မျက်မှောင်ကြီးများရှုံ့တွ၍ တစ်နေရာတည်းကို စူးစိုက်ကြည့်ကာ ငြိမ်သက်နေလေ၏။

ကျွန်ုပ်တွေးသကဲ့သို့ တွေးတောနေမည်မှာ သေချာလှပေသည်။

'မဟာပါလတွေကို လပြည့်ညတွေမှာ တွေ့ရတတ်တယ် ဆရာကြီး'

ဦးထန်ခိုးစကားကြောင့် ကျွန်ုပ် ထိတ်ခနဲဝမ်းသာသွားသည်။ ဒီည လပြည့်ညမဟုတ်လား။

ကောင်းကင်တွင် လသည် ကြည်ရွှန်းစွာသာ၍ပျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



၏။ လရောင်သည် အုပ်ဆိုင်းထူထပ်နေသော သစ်ပင်ကြီးများကြားမှ ထိုးမဖောက်နိုင်သည်ဖြစ်ရာ ဟိုတစ်ပြောက် သည်တစ်ပြောက်သာ လင်းကျင်းလျက်ရှိနေ၏။

ကျွန်ုပ်တို့လူစုမှာ လင့်စင်ပေါ်မှနေ၍ တစ်စုံတစ်ရာကို တိတ်တဆိတ်စောင့်ဆိုင်းနေမိကြသည်။

အချိန်တို့က တရွေ့ရွေ့ကုန်လွန်မြောက်လာခဲ့ပြီဖြစ်၏။ တစ်ချက်တစ်ချက် ကျားဟိန်းသံ၊ ချေဟောက်သံများကို ကြားနေရသည်။ အချိန်အတော်ကြာသည်အထိ စောင့်စားနေမိသော်လည်း ဘာထူးခြားမှုတစ်ခုမှမတွေ့ရသည့်အတွက် ကျွန်ုပ်တို့မှာ ညောင်းညာငြီးငွေ့မတတ်ရှိနေစဉ် အဝေးဆီမှ မီးရောင်တစ်စ လက်ခနဲဖြစ်သွားတာ မြင်လိုက်ရလေ၏။

'ဟော... လာကြပြီ'

ဦးထန်ခိုး၏အသံမှာ အနည်းငယ် တုန်ယင်သွားသည်။

ကျွန်ုပ်တို့မှာ စိတ်လှုပ်ရှားတကြွစွာ ထိုမီးရောင်ကို စူးစိုက်ကြည့်နေမိကြသည်။ မကြာမီ တရွေ့ရွေ့လှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်ကြီးများကို ထင်ရှားစွာမြင်လိုက်ရာ ခေါင်းမြီးခြုံထားသော လူအုပ်တန်းကြီးပင်ဖြစ်သည်။

လူစုသည် ၁၀ ယောက်၊ ၁၂ ယောက်ခန့်မျှရှိသည်။ ထိုလူစု၏အလယ်၌ အလောင်းနှင့်တူသောအရာတစ်ခုကို လူ



လေးယောက်တို့ ထမ်းလျက် သွားနေသည်။ ခဏကြာလျှင် ကျွန်ုပ်တို့လူစုရှိရာသစ်ပင်အောက်သို့ ရောက်လာကြသည်။ ရှေ့ဆုံးမှ မီးတုတ်ကိုင်ထားသော လူသည် သစ်ပင်အောက်တွင်ရပ်၍ ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လိုက်လေ၏။

ကျွန်ုပ်တို့မှာ အသက်ပင်ရှူရန် မေ့လျော့နေမိသကဲ့သို့ ငြိမ်ဆိတ်လျက် ဦးထန်ခိုးနှင့် အဖော်လမ်းပြမှာ လင့်စင်ပေါ်တွင် ပြားပြားဝပ်ကာ အသားများတဆတ်ဆတ်တုန်သည်အထိ ကြောက်နေကြလေ၏။

မီးတုတ်များကိုင်ထားသောလူက ရှေ့ဆက်ရန် သူ့လူများကို အချက်ပေးလိုက်၏။ ကြည့်ရင်း၌ပင် စီတန်းနေသော လူစုကြီးသည် တောနက်ထဲသို့ တရွေ့ရွေ့တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

ကျွန်ုပ်သည် ထိုလူစုနောက်မှ တိတ်တိတ်ကလေးလိုက်မည်ဖြစ်ကြောင်း ပြောရန် နောက်သို့လှည့်ကြည့်လိုက်စဉ် မောင်မိုးဝေမှာ လင့်စင်ပေါ်တွင် မရှိတော့သည်ကို အံ့သြဖွယ်တွေ့လိုက်ရလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မောင်မိုးဝေသည် ရှေ့မှလျှောက်နေသော လူစုနည်းတူ ခေါင်းတွင် အဝတ်နက်ခြုံ၍ လူအုပ်နှင့်ရောနှောလိုက်ပါလာခဲ့သည်။

တောင်ပူစာများအနီးသို့ ချဉ်းကပ်လာသောအခါ နောက်မှလူတစ်ယောက်သည် မီးတုတ်တစ်ခုကို ထွန်းညှိပြန်၏။ တောင်ပူစာများသည်လည်း စီတန်း၍တည်နေရာ လမ်းများသည်လည်း ကွေ့၍ကောက်ကာ သွားရလေ၏။ တောင်ပူစာသုံးလုံးခန့် ကျော်လွန်မိသောအခါ အခြားတောင်ပူစာထက်ကြီးသော တောင်တစ်လုံးသို့ ရောက်လာခဲ့သည်။

တောင်ကမူကိုကွေ့၍ ခဏမျှသွားပြီးနောက် ထွင်းဖောက်ပြုလုပ်ထားသော ဂူကြီးတစ်ခုရှေ့သို့ ရောက်ရှိလာခဲ့ကြသည်။



ဂူဝသို့ရောက်သောအခါ ဂူအတွင်း၌ကာ မီးလင်းလျက်ရှိနေသည်ကို အံ့အားသင့်ဖွယ် တွေ့ရပြန်လေ၏။ ဂူထဲသို့ ဝင်လာခဲ့ကြရာ ဂူအတွင်း၌ မီးဖိုကြီးတစ်ခုရှိလေရာ ထိုမီးဖိုအနီး၌ သစ်ခေါက်ဆိုးအဝတ်များကို ဝတ်ဆင်ထားသော ရသေ့ကြီးတစ်ပါးသည် စိပ်ပုတီးကို ကိုင်ကာ အလောင်းယူလာသော လူစုအား ကြည့်လျက်ရှိလေသည်။

အလောင်းစင်ကို ထမ်းလာသော လူလေးယောက်တို့သည် အလောင်းကို ကျောက်ခုံတန်းတစ်ခုပေါ်တွင် ချထားပြီးနောက် လူစုသည် ရသေ့ကြီးအနီးသို့ ချဉ်းကပ်သွားကြပြီးလျှင် ရှိသေစွာထိုင်ကြလေ၏။ ရသေ့ကြီးသည် ပရိသတ်များကို စိုက်၍ကြည့်ပြီးနောက်…

'ငမိုက်သားတစ်ယောက် တိုးလာပြီမှတ်တယ်'

'မှန်ပါတယ် ဘုရား'

'အေးလေ… အစဉ်အလာအရ ငမိုက်သားတို့သွားရာလမ်းအတိုင်း ပို့ရပေတော့မပေါ့'

ရသေ့ကြီးသည် ထိုသို့ပြောလိုက်ပြီး ကျောက်ဂူအတွင်းပိုင်းဆီသို့ လှည့်ဝင်သွားလေရာ လူစုလည်း ရသေ့ကြီးနောက်မှ လိုက်၍ဝင်လာခဲ့လေ၏။ ဂူ၏အနောက်ဘက် ကျဉ်းမြောင်းသော ကျောက်ဆောင်အကွဲများကြားမှ ဝင်၍သွားပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဂူ၏အပြင်ဘက် ဟင်းလင်းပြင်ကြီးဆီသို့ ရောက်ရှိလာကြလေ၏။

အလောင်းထမ်းလာသော လူလေးယောက်သည် စက်ဝိုင်းသဏ္ဌာန်စည်းဝိုင်းထားသော မြေကွက်လပ်၏အလယ်ရှိ ကျောက်သားခုံပေါ်တွင် အလောင်းကို ချမပြီးတင်လိုက်ကြသည်။

ရသေ့ကြီးနှင့် လူစုသည် စည်းဝိုင်း၏အပြင်ဘက်တွင် ဝိုင်းထိုင်လိုက်ကြသည်။ ထို့နောက် ရသေ့ကြီးက ကောင်းကင်ပေါ်တွင် ပြည့်ပြည့်ဝဝသာနေသော လမင်းကြီးကို မော်ကြည့်၍ မန္တန်တစ်ခုကို တီးတိုးရွတ်ဆိုလေ၏။

မောင်မိုးဝေလည်း အခြားသူများနည်းတူ ရသေ့ကြီး မန္တန်ရေရွတ်သံကို ခေါင်းငုံ့ငြိမ်သက်ကာ နားထောင်နေလိုက်သည်။

ရသေ့ကြီးသည် စူးရှအေးခဲသောလေသံဖြင့် ရေရွတ်ပြီးနောက် လက်ထဲမှ တစ်စုံတစ်ရာကို အခေါင်းဖုံးထဲသို့ ထည့်လိုက်တာ တွေ့ရလေ၏။

ဖျတ်ခနဲသာ မြင်လိုက်ရသဖြင့် ထိုအရာသည် အမွေးတိုင်လို အရာလေးတစ်ခုဖြစ်မည်ဟု မောင်မိုးဝေသိလိုက်မိသည်။

အားလုံးပြီးစီးသွားသောအခါ ကျောက်သားခုံပေါ်မှ အလောင်းကို လူလေးယောက်က ပြန်ထမ်းလိုက်သည်။ ထို့နောက် စောစောက ဖြတ်လာခဲ့သော ဂူကြီးထဲသို့ ပြန်ဝင်လာခဲ့ကြလေ၏။



ဂူကြီးအတွင်းပိုင်းတွင် ကျောက်လှေကားတစ်ခုရှိသည်ကို တွေ့ရပြန်၏။ စောစောက အမှတ်တမဲ့မို့ သတိမထားမိခဲ့။ လှေကားထစ်များမှ အောက်သို့ဆင်းလာကြရာ တစ်ခဏမျှအကြာတွင် ဇာတ်ရုံဝိုင်းကြီးသဏ္ဌာန်ရှိ နေရာတစ်ခုသို့ ရောက်ရှိလာကြရာ သဘာဝ၏လက်ဖြင့် ကျောက်ဆောင်ကို ထုထွင်းတည်ဆောက်ထားဟန်တူ၏။

ထိုနေရာရှိ ကျောက်ခုံတန်းများပေါ်တွင် တင်၍ထားသော စိတ်ထင်အားဖြင့် ၁၀၀ ကျော်ခန့်ရှိသော ခေါင်းများကို တွေ့ရလေ၏။

အလောင်းထမ်းလာသော လူလေးယောက်တို့သည်လည်း ခေါင်းကိုချမပြီးနောက် နေရာလွတ်သော စင်မြင့်တစ်ခုပေါ်၌ တင်ထားပြီးလျှင် တစ်စုံတစ်ခုသော အမှတ်အသားကို ခေါင်းပေါ်တွင် ရေးခြစ်လိုက်သည်။

ထို့နောက် လူစုသည် ဂူတွင်းမှ ပြန်လည်ထွက်ခွာရန်ပြင်လေ၏။ မောင်မိုးဝေမှာ လူစု၏နောက်တွင် မယောင်မလည်ဖြင့် ကျန်ရစ်ခဲ့သည်။ သူ့အကြံမှာ ထိုလူစုအလစ်တွင် 'ခေါင်း' အတွင်းမှ အမွေးတိုင်ကို မီမိနှင့်တစ်ပါတည်းယူခဲ့ရန် ဖြစ်လေသည်။

ခြေသံများသည် တဖြည်းဖြည်း ဝေးသွားပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဝေသည် မှောင်ထဲတွင် ခေါင်းဖုံးကိုဖွင့်၍ အထဲသို့စမ်းလိုက်သည်။ လူသေကောင်ကြီး၏ အေးစက်စက်မျက်နှာကြီးကို စမ်းမိသဖြင့် လန့်ပြီးအော်မိမတတ်ဖြစ်သွားရာ ပါးစပ်ကို အမြန်ပိတ်လိုက်ရသည်။ နောက် ရှည်မျောမျောအရာတစ်ခုကို စမ်းမိလိုက်သဖြင့် အမွေးတိုင်ပဲဖြစ်မည်ဟု သိလိုက်မိသည်။

ထိုအရာကို ယူပြီးတာနှင့် မောင်မိုးဝေလည်း အမှောင်ထဲမှာ စမ်းကာစမ်းကာဖြင့် ပြန်ထွက်လာခဲ့ရလေ၏။

လှေကားထိပ်သို့ရောက်သော် ခေါင်းမြီးခြုံထားသော လူတစ်ယောက်နှင့် ဆုံလေ၏။ မီးရောင်တွင် ထိုလူ၏မျက်နှာကို မြင်လိုက်ရာ မောင်မိုးဝေမှာ အံ့သြတကြီးဖြစ်သွားရလေ၏။ အကြောင်း[illegible]ခြုံထားသော မိန်းမတစ်ယောက်ဖြစ်နေသောကြောင့်[illegible]

[illegible]ကလန့်ဖျပ်သွားကာ ထိုမိန်းမအား မအော်လိုက်ပါရန် အမူအ[illegible]ဖြင့် မောင်မိုးဝေ တောင်းပန်လိုက်မိသည်။ ထိုမိန်းမက သူ့အား စိမ်းစိမ်းကြီးတစ်ချက်စိုက်ကြည့်နေပြီးမှ မေးဆတ်၍သွားခွင့်ပေးလိုက်ရာ မောင်မိုးဝေလည်း ထိုနေရာမှ အလျင်အမြန်သုတ်ခြေတင်လာရလေတော့သည်။

■

## အခန်း (၁၉)

ကျွန်ုပ်တို့လူစုသည် ခေါင်းမြီးခြုံထားသော လူစုသွားရာ လမ်းအတိုင်း နောက်ယောင်ခံလိုက်လာခဲ့ကြသော်လည်း ကွေ့ကောက်ရှုပ်ထွေးလှသော လမ်းမြောင်များကြောင့် ဘယ်သို့ရှေ့ဆက်သွားရမည်မှန်းမသိ ဖြစ်နေမိကြလေ၏။

'မောင်သောင်းတင် [illegible] ဘယ့်နှယ်လုပ်ကြမတုံး'

ဦးရွှေသာအမေးကို လောလောဆယ် ကျွန်ုပ်လည်း မဖြေတတ်ရအောင် ဖြစ်နေမိသည်။

'အစ်ကိုမိုးဝေတော့ ဟိုလူစုနောက်လိုက်သွားတာ ဒုက္ခတွေ့နေပြီထင်တယ်'

ဖိုးနိုင်က စိုးရိမ်ပူပန်ဟန်ဖြင့် ပြော၏။ ကျင်စွမ်းမန်းဆိုသည့် မိန်းကလေးမှာကား မောင်မိုးဝေ ပျောက်သွားကတည်းက တရှုပ်ရှုပ်နှင့် ငိုလျက်ရှိနေတော့သည်။ လာတုန်းက မှောင်မှောင်မှောင်နှင့် ရှေ့ဆုံးက ဦးဆောင်လာခဲ့သော လမ်းပြနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ယခုတော့ နောက်ဆုံးမှ တုန်တုန်လှုပ်လှုပ်ဖြင့် လိုက်ပါလာခဲ့ကြသည်။

မောင်မိုးဝေအတွက် ကျွန်ုပ်မှာ အစိုးရိမ်ကြီး စိုးရိမ်နေမိသော်လည်း သူ့နောက်လိုက်ဖို့ကား လမ်းစပျောက်နေသဖြင့် အခက်ကြုံလျက်ရှိနေတော့သည်။ ကျွန်ုပ်တို့လည်း စိတ်ပျက်လက်ပျက်ဖြင့် တောင်ထိပ်တစ်ခုပေါ်မှ မျှော်ကြည့်နေမိကြစဉ် အတန်ငယ်ဝေးသော တောင်တန်းပေါ်တွင် လှုပ်ရှားနေသော သဏ္ဌာန်တစ်ခုကို လရောင်အလင်းဖြင့် မြင်လိုက်ကြရလေ၏။

သေချာစူးစိုက်ကြည့်မိသော် လူတစ်ယောက်၏ ပုံသဏ္ဌာန်မှန်း သိသာလာသည်။

'အစ်ကိုမိုးဝေပဲ ဦးလေး'

ငှိုးနိုင်က ဝမ်းသာအားရအော်၏။

'ဟာ… ဟုတ်လား'

ကျွန်ုပ်လည်း ထိတ်ခနဲဝမ်းသာသွားကာ မောင်မိုးဝေရှိရာသို့ တစ်ဟုန်ထိုးပြေး၍ လာလိုက်မိသည်။

ကျန်သူများလည်း ကျွန်ုပ်နောက်မှ ပြေးလိုက်လာကြလေ၏။ မောင်မိုးဝေသည် အလွန်တရာမောဟိုက်ပင်ပန်းလာပုံဖြင့် ခွေတိခွေယိုင်ဖြစ်နေချေ၏။ ခဏခဏ လဲပြိုကျနေလေရာ ကျွန်ုပ်မှာ စိုးရိမ်တကြီးဖြင့် မောင်မိုးဝေရှိရာ အားသွန်ပြေးမိသည်။



'မောင်မိုးဝေ အားတင်းထား၊ ဦးလေးလာပြီ'

ကျွန်ုပ်နှုတ်မှလည်း မောင်မိုးဝေ အားမငယ်စေရန် အော်ဟစ်သတိပေးလိုက်၏။ မောင်မိုးဝေသည် ကျွန်ုပ်တို့ကို တွေ့သောအခါ လူးလဲကုန်းရုန်းထ၍…

'အမွေးတိုင်ပါလာပြီ ဦးလေးရေ၊ ပြေးကြတော့… သူတို့နောက်မှာ လိုက်လာကြတယ်'

ကျွန်ုပ်လည်း မောင်မိုးဝေကို တွဲ၍ နောက်ကြောင်းအတိုင်း ပြန်ပြေးရလေတော့သည်။

လရောင်အားကိုးဖြင့် ကျွန်ုပ်တို့မှာ တစ်တောင်ဆင်း တစ်တောင်တက် ပြေးနေမိကြရာ မကြာမီ အလွန်အမင်းမောဟိုက်ပင်ပန်းလာကြတော့၍ မပြေးနိုင်တော့ချေ။ တစ်နေရာတွင် ခေတ္တမျှနားနေရန် ဆုံးဖြတ်မိကြသည်။

ကျွန်ုပ်တို့လူစု နားနေမိကြစဉ် ရုတ်တရက် ကျွန်ုပ်တို့အား လူတစ်စု၏ ဝိုင်းဖွဲ့ဖမ်းဆီးခြင်းကို ခံလိုက်ကြရလေတော့သည်။

* * *

မနက်အရုဏ်တက်တော့မည်ဖြစ်၍ ပတ်ဝန်းကျင်သည် လင်းကြည်ထင်ရှားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အား ဖမ်းဆီးခေါ်ဆောင်လာသူများမှာ ခေါင်းမြီးခြုံထားသော လူစုပင်ဖြစ်သည်။ ဆယ်ယောက်ခန့်လောက်ရှိမည်။ လက်ထဲတွင် ဓားနှင့်လှံများကို ကိုင်ဆောင်ထားကြလေ၏။

တောင်ပူစာများကို ကျော်လွန်ပြီးနောက် အလွန်ကြီးမားသော ဂူကြီးအတွင်းသို့ ဝင်သွားကြလေရာ ထိုအချိန်၌ နေရောင်သည် ဂူအတွင်းသို့ အတန်အဝေးရောက်အောင် ထိုးလျက်ရှိနေ၏။ အလင်းရောင်ထိုးနေသော နေရောင်၏အောက်တွင်ကား အလင်းရောင်ထွက်လျက်ရှိသော မီးအိမ်များမှာ မျက်စိတစ်ဆုံးတည်လျက်ရှိနေတော့၏။

ဂူကြီး၏အဝမှ ပေ ၂၀ ခန့်အကွာတွင် ကန့်လန့်တည်ရှိသော ကျောက်သားထုကို ဖောက်ထွင်းထားသည့် ဂူကလေးနှစ်ခုကို တွေ့မြင်ရ၏။ ယင်းတို့အနက် တစ်ခုမှာ ဂူပေါက်ကြီး၏ လက်ဝဲဘက်တွင် ရှိ၍ အခြားတစ်ခုမှာ လက်ယာဘက်တွင်ရှိလေသည်။

လက်ဝဲဘက် ဂူပေါက်ထဲသို့ တစ်ဖန်ဝင်သွားကြပြန်လေရာ ကိုက်အနည်းငယ် သွားလတ်မိသော် ကျောက်လှေကားတစ်ခုသို့ ရောက်လာ၏။ ထိုကျောက်လှေကားမှ ဆင်း၍ ရှေ့သို့ အတန်ငယ်ဆက်လျှောက်လေရာ ဂူပြင်ဘက်သို့ ရောက်ရှိလာကြတော့သည်။



လွင်ပြင်ကျယ်ကြီးဆီသို့ ရောက်လာကြပြီဖြစ်သည်။ ထိုလွင်ပြင်ကျယ်ကြီးပေါ်တွင် စိမ်းလန်းသော မြက်ခင်းများဖုံးနေသည့် တောင်ပူစာများသည် ထိုမှ ဤမှ ပြန့်ကျဲလျက်ရှိရာ အလယ်ဗဟိုတည့်တည့်လောက်ရှိ အတော်ဝေးသော နေရာတွင် ရှေးဟောင်းအဆောက်အအုံ အပျက်အစီးများနှင့်တူသည့် ဖရိဖရဲဖြစ်နေသောအရာများကို မြင်ရ၏။

လွင်ပြင်ကြီး၏ အစိတ်အပိုင်းကြီးတစ်ခုလုံးကို သဘာဝကျောက်သားနံရံဖြင့် ဝိုင်းရံပေးခြင်းဖြစ်၍ အတွင်း၌ ကောက်ပဲသီးနှံများစွာတို့ကို စိုက်ပျိုးထားသည်ကို တွေ့ရသည်။

မကြာမီ အလွန်ကြီးမားသော မုခ်ပေါက်ကြီးတစ်ခုဆီသို့ ရောက်လာကြသည်။

ထိုစဉ်မှာပင် ကျွန်ုပ်၏နှာဝဆီသို့ အလွန်မွှေးကြိုင်သော ရနံ့တစ်မျိုး ရှူရှိုက်မိလိုက်လေရာ ထိုအနံ့ရပြီး မကြာမီမှာပင် ကျွန်ုပ်မှာ တရိပ်ရိပ်မူးဝေလာ၍ သတိလွတ်မတတ်ဖြစ်သွားကာ ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးမှာ ဗုန်းခနဲလဲပြို၍သွားသည်ကို နောက်ဆုံးသိလိုက်ရပါတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

သူတစ်ယောက်တည်းကိုမှ ဘာလို့ရွေးပြီး ခေါ်ခဲ့ရသလဲ ဟု မောင်မိုးဝေမှာ မတွေးတတ်အောင်ပင် ရှိနေသည်။ သူ့လူတွေ ရော ဘယ်ကိုရောက်နေကြလဲ၊ အခု သူ့ကို ဘယ်ခေါ်လာကြ တာလဲ။

သူရောက်ရှိနေသည့် နေရာသည် နန်းတော်ကြီးတစ်ခုနှင့် ပင် တူနေချေ၏။ သူ့ကို အခန်းခန်းအဆောင်ဆောင်ကိုဖြတ်၍ ခေါ်ဆောင်လာခဲ့ကြပြီးနောက် နောက်ဆုံးတွင် အစောင့်ရဲမက် နှစ်ဦး ရပ်နေသော အခန်းဝသို့ ရောက်ရှိလာ၏။

သူတို့ရောက်လာသည်နှင့် ရဲမက်နှစ်ဦးက လမ်းဖယ်၍ ပေးလိုက်၏။ သူတစ်ယောက်ကိုသာ အခန်းထဲသို့ ဝင်စေလိုက် သည်။

အခန်းထဲတွင် ရွှေချည်ငွေချည်ထိုးဖြင့် ပြုလုပ်ထားသော



ကန့်လန့်ကာရှိနေသည်။ ကန့်လန့်ကာနောက်ကွယ်တွင် တစ်စုံ တစ်ယောက်က သူ့အားစိုက်ကြည့်နေမှန်း သိရှိခံစားရလေ၏။

မကြာမီ ကန့်လန့်ကာသည် အတန်ငယ်လှုပ်ရှားလာပြီး နောက် အတွင်းမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရလေ ၏။

အရပ်မြင့်၍ ကိုယ်ခန္ဓာပြေပြစ်သော မိန်းမတစ်ယောက် ပင်ဖြစ်သည်။ သို့သော် သူမမျက်နှာကို ဇာပဝါပါးဖြင့် ဖုံးအုပ် ထားသည်ဖြစ်ရာ မျက်နှာကို သဲကွဲစွာမမြင်ရပေ။

'အသင်ရောက်လာပြီပေါ့'

ဆည်းလည်းသံလို ချိုသာလှသည့် အသံလေးပေါ်ထွက် လာသည်။

'တစ်နေ့ ဒီနေရာကို အသင်မုချရောက်လာမယ်ဆိုတာ ကျွန်ုပ်သိပါတယ်လေ'

ခပ်တိုးတိုးညှင်းညှင်း ရယ်သံကို ကြားရပြန်သည်။

ထိုမိန်းမ ဘာတွေပြောနေသလဲ၊ သူနားမလည်အောင် ဖြစ်နေမိသည်။

'မင်းက ဘယ်သူလဲ၊ ဒီနေရာကို ငါရောက်လာလိမ့် မယ်လို့ မင်းက ဘယ်လိုသိနေတာလဲ'

မောင်မိုးဝေ ခပ်ဆတ်ဆတ်မေးလိုက်သည်။

www.burmeseclassic.com



ထိုမိန်းမက ရယ်သံကိုရပ်၍...

'ကျွန်ုပ်က ဒီတိုင်းပြည်ရဲ့ ထီးနန်းကို မကြာမီ ဆက်ခံရတော့မယ့် နန်းညွန့်လောင်းလျာပါ'

'ဩော်... မင်းက ဘုရင်မပေါ့'

'ဆိုပါတော့လေ'

'ဒါနဲ့ မင်းက အဲ... မင်းသမီး ကျွန်ုပ် တစ်ခုလောက် မေးပါရစေ၊ အသင်က ကျွန်ုပ်ရောက်လာမယ်ဆိုတာ ဘယ်လို လုပ်ပြီး သိနေတာတုံး'

'ကျွန်ုပ်သိနိုင်တဲ့အကြောင်းအချက်ရှိလို့ပေါ့'

'ကျွန်ုပ် နောက်တစ်ခုမေးပါရစေ'

'မေးပါ'

'ဒီတိုင်းပြည်မှာ အခု ဘယ်သူအုပ်ချုပ်ပါသလဲ'

'အခုလက်ရှိ ထီးနန်းစိုးစံတဲ့သူ မရှိသေးပေမယ့် မကြာခင်မှာတော့ ကျွန်ုပ်နန်းရတော့မှာလေ ဧည့်သည်တော်ရဲ့'

'သင်တို့တိုင်းပြည်ကို အရင်ကရော အုပ်ချုပ်တဲ့ဘုရင် မရှိဘူးလား'

'ရှိပါတယ်၊ ဘုရင်မအုပ်ချုပ်တာပါ'

'ဘုရင်မ ဟုတ်လား'

'ဟုတ်ပါတယ်၊ အစဉ်အလာအရ ဒီမုန္တကရာဇ်မှာ မိန်းမ



ပဲ အုပ်ချုပ်ခွင့်ရှိပါတယ်၊ နန်းတက်တဲ့သူဟာ အိမ်ထောင်မပြုရဘူး၊ ရှေးက ဘုရင်မဟာ သူချစ်သူ သစ္စာဖောက်သွားကတည်းက အပျိုကြီးဘဝနဲ့ အရိုးထုတ်ခဲ့ရလို့ အဲဒီအစဉ်အလာဖြစ်လာရတာ'

'ဟို... ကျွန်ုပ်ကြားဖူးတာတော့ ဒီတိုင်းပြည်ကို စန္ဒဂေါဏီဘုရင်မ အုပ်ချုပ်ခဲ့တာဆို'

'ဟုတ်ပါတယ်၊ ဒါအမှန်ပါပဲ'

'ဒါဆို ကျုပ်ကြားဖူးထားတဲ့ ဒဏ္ဍာရီက အမှန်ပဲပေါ့'

'ဘယ်လိုဒဏ္ဍာရီပါလဲ'

မောင်မိုးဝေက ကြားထားဖူးသည့် ဒဏ္ဍာရီကို အတိုချုံးပြောပြလိုက်သည်။ မင်းသမီးက ခေါင်းတဆတ်ဆတ်ညိတ်၍...

'ကျွန်ုပ် သင့်ကို ပြစရာရှိတယ်၊ ကျွန်ုပ်နောက်လိုက်ခဲ့ပေတော့'

မင်းသမီးသည် ကန့်လန့်ကာကိုလှပ်၍ အတွင်းခန်းဆီသို့ သူ့အား ခေါ်ဆောင်သွားလေ၏။

အခန်းတွင်း၌ကား ကျားရုပ်ကြီးတစ်ရုပ်မှ လွဲ၍ ဘာမျှ မရှိပေ။ မင်းသမီးသည် ကျားရုပ်ကြီးကို အားစိုက်၍တွန်းလိုက်ရာ လျှို့ဝှက်တံခါးကြီးတစ်ခု ဘွားခနဲပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးသည် ကျားပါးစပ်ထဲမှ တစ်စုံတစ်ရာကို နှိုက်လိုက်ပြီးလျှင် လျှို့ဝှက်တံခါး၏ အဝိုင်းပုံသင်္ကေတန်အံဝှက်လေးတွင် တပ်ဆက်၍ သုံးချက်မျှသာ ဘယ်ပြန်ညာပြန် လှည့်လိုက်လေရာ တံခါးကြီးမှာ ပွင့်ဟသွားလေတော့သည်။

အတွင်းတွင် ကျောက်လှေကားလေးတစ်ခု၏ အစကို မြင်လိုက်ရလေ၏။ ထို့နောက် မင်းသမီးက မီးအိမ်ကိုထွန်းညှိ၍ လှေကားအတိုင်းဆင်း၍သွားရာ မောင်မိုးဝေလည်း မင်းသမီးနောက်မှ ရှံ့ကြောက်တုန်လှုပ်စွာ လိုက်ပါလာခဲ့ရတော့သည်။

လှေကားထစ်အဆုံး၌ကား မြေအောက်ခန်းတစ်ခုသို့ ရောက်ရှိလာကြလေ၏။ ထိုအခန်းထဲတွင် ညီညာသောမြေကွက်လပ်တစ်ခုရှိ၍နေပေသည်။ ကွက်လပ်၏အလယ်ဗဟိုတွင် ကျောက်သားစင်မြင့်တစ်ခုကို တွေ့ရသည်။

စင်မြင့်ပေါ်၌မူကား ရောမကြီးမားလှသော ထွင်းဖောက်မြင်ရသည့် ဖန်ကျောက်တစ်မျိုးဖြင့် ပြုလုပ်ထားသည့် လူ့သေခေါင်းတစ်ခုကို မြင်ရလေ၏။

'ကဲ... ကြည့်စမ်းပါဦး ချည့်သည်တော်၊ ဒါဘာလဲ ဆိုတာ သင်သိလား'

'လူသေထည့်တဲ့ ခေါင်းတလားမဟုတ်လား'

'ဟုတ်ပါတယ်၊ ဘယ်သူ့အလောင်းထည့်ထားတယ်ဆိုတာ အနားတိုးကြည့်လိုက်ပါဦးလေ'



မောင်မိုးဝေ မင်းသမီး၏စကားအဆုံး၌ ညှို့ကွင်းမိနေသူတစ်ယောက်လို ခေါင်းတလားထားရာ စင်မြင့်သို့ တဖြည်းဖြည်းချင်း တိုးကပ်သွားမိသည်။

တစ်စစနီးကပ်လာသည်နှင့်အမျှ အတွင်းအပြင် ဒိုးယိုပေါက်မြင်ရသည့် ခေါင်းအတွင်း၌ လူသေအလောင်းတစ်လောင်းသည် ညင်သာစွာလဲလျောင်းလျက်ရှိနေရာ သေချာကြည့်လေ အလောင်းမှာ ယောကျ်ားတစ်ယောက်ပုံသဏ္ဍာန်မှန်း သိသာနေသည်။

မသဲမကွဲဖြစ်ရသည်မှာ အလောင်းသည် ဆားတစောင်းလဲလျောင်းနေသောကြောင့်ဖြစ်၏။

အနားရောက်လာတော့ သိသည်။ အလောင်းမှာ နှစ်လောင်း၊ ရှေးခေတ်နန်းဝတ်နန်းစားဝတ်စုံဖြင့် ယောကျ်ားလူငယ်တစ်ဦးနှင့် သာမန်အရပ်သူအသွင်ဝတ်စုံဖြင့် ပွင့်သစ်စအရွယ်မိန်းမငယ်တစ်ဦး၏ အလောင်းနှစ်လောင်းမှာ အတူယှဉ်လျက်ရှိနေသည်ကို တွေ့ရ၏။

မိန်းကလေး၏ဦးခေါင်းမှာ လူငယ်၏လက်မောင်းပေါ်တွင် အုံးအိပ်လျက်၊ လူငယ်မှာ သူ၏နှုတ်ခမ်းများဖြင့် မိန်းမငယ်၏မျက်ခုံးနေရာဆီသို့ နမ်းရှုပ်နေသယောင်ရှိနေ၏။

လူငယ်၏ရင်ဘတ်တွင် ဓားမြှောင်နှင့်ထိုးသဖြင့်ရသော

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတစ်ခုကို တွေ့ရ၏။ မိန်းမငယ်၏ သားမြတ်အောက်နား ဆီတွင်လည်း အလားတူဒဏ်ရာကို တွေ့ရ၏။

အတူယှဉ်တွဲ သေပွဲဝင်သောစုံတွဲကို ကရုဏာသက်မိ ကာ သူတို့၏မျက်နှာဆီ တစ်ဖန်ပြန်၍ကြည့်မိစဉ် မောင်မိုးဝေ မှာ လန့်ပြီးအော်မိမတတ်ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ယောကျ်ားဖြစ်သူမှာ သူနှင့် အလွန်ဆင်တူနေ၍ မိန်းမဖြစ်သူမှာလည်း သူ့ချစ်သူမန်းနှင့် တစ်ထေရာတည်းတူသောကြောင့်ပင်။

မောင်မိုးဝေသည် အံ့ဩလွန်း၍ ကြက်သေသေဖြစ်၍ နေမိသည်။

'အဲဒါ တပ်မှူးလေး သူရဇလနဲ့ ဥယျာဉ်မှူးသမီး မယ် ဝသုန်တို့ပဲ'

မင်းသမီး၏ စကားသံသည် သူ့နားထဲ အကျယ်ကြီး ကြားလိုက်ရပြီးလျှင် ရုတ်တရက်စိတ်လှုပ်ရှားကြီးလွန်းစွာဖြင့် မောင်မိုးဝေမှာ လဲကျမေ့မြောသွားလေတော့သည်။

■

## အခန်း (၂၁)

မောင်မိုးဝေသည် သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက် တို့ကို ပြန်ပြောပြရာ ကျွန်ုပ်တို့မှာ တအံ့တဩ ပါးစပ်အဟောင်း သားဖြစ်ကြရလေ၏။

ကျွန်ုပ်တို့လူစုကို ကောက်ရိုးမျှင်များ ခင်းထားသော အခန်းငယ်တစ်ခုအတွင်း၌ ချုပ်နှောင်ထားခြင်းဖြစ်သည်။

သို့သော် စားဖွယ်သောက်ဖွယ်များဖြင့် အလျှံပယ်ကျွေး မွေးသောကြောင့် ကျွန်ုပ်တို့မှာ အကျဉ်းသားဖြစ်နေသော်လည်း များစွာဒုက္ခမခံစားရပေ။

'ကျွန်တော်ဖြင့် ယုံတောင်မယုံနိုင်ဘူး ဦးလေးရယ်၊ မှန်တလားထဲက အလောင်းနှစ်လောင်းဟာ ကျွန်တော်နဲ့ မန်းရဲ့ မျက်နှာတွေနဲ့ ချွတ်စွပ်တူနေတယ်၊ ဒီလိုအဖြစ်အပျက်မျိုးတွေ လည်း ဒီလောကကြီးမှာ ရှိသေးလားဗျာ'

မောင်မိုးဝေက မချိတင်ကဲလေသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ရုတ်တရက် မဖြေနိုင်ဘဲ ငေးငိုင်သွားကြသည်။

'အင်း… ပြောရရင်တော့ ခပ်ခက်ခက်ပဲကွ'

ဦးရွှေသာပင်လျှင် ဆင်ခြင်မှုမရေမရာဖြစ်၍နေ၏။

ကျွန်ုပ်သည်လည်း ဆန်းကြယ်လွန်းသောဖြစ်ရပ်အတွက် ကောက်ချက်မချနိုင်အောင် ဖြစ်နေမိသည်။

ကျွန်ုပ်တို့ စကားပြောနေခိုက်မှာပင် အစောင့်သားနှစ်ယောက်သည် ကျွန်ုပ်တို့အား ချုပ်ထားရာအခန်းဆီသို့ ရောက်လာကာ တံခါးဖွင့်ပေးလိုက်သည်။ ကျွန်ုပ်တို့လည်း အပြင်သို့ထွက်လာရာ တံခါးစောင့်မှူးကြီးက ကျွန်ုပ်တို့အား မင်းသမီးအခေါ်သွတ်လိုက်ကြောင်း ပြောဆို၍ မင်းသမီးရှိရာနန်းဆောင်ဆီသို့ ကျွန်ုပ်တို့အား ခေါ်လာခဲ့လေတော့သည်။

ကျွန်ုပ်တို့ကား မင်းသမီးရှေ့သို့ ရောက်လာပေပြီး မင်းသမီးကား မကြာမီ နန်းတက်ရတော့မည့် ဘုရင်မဖြစ်ကြောင်း မောင်မိုးဝေ ပြောထား၍ သိထားပြီးဖြစ်သည်။

မင်းသမီးသည် ရှေးခေတ်နန်းဝတ်နန်းစားများကို ဝတ်ဆင်ထားသည်။ မျက်နှာကိုမူ ဇာပဝါပါးပါးဖြင့် ဖုံးအုပ်ထား၏။ ကိုယ်ခန္ဓာမှာ ပြေပြစ်လှ၍ ဟန်ပန်အမူအရာမှာ တင့်တယ်လှပေ၏။



ကျွန်ုပ်တို့မှာ မင်းသမီးကို ခဏတာမျှသာ အကဲခတ်ခွင့်ရလိုက်သည်။ အစောင့်တွေက ခေါင်းငုံ့အရိုအသေပြုရန် တီးတိုးပြောသဖြင့် ကျွန်ုပ်တို့မှာ ခေါင်းငုံ့၍သာနေကြရလေတော့သည်။

'အသင်တို့က ကျွန်ုပ်တို့တိုင်းပြည်က တစ်စုံတစ်ခုကို ယူငင်ဖို့ရောက်ရှိလာကြတယ်ဆိုတာ ကျွန်ုပ်သိပါတယ်၊ အဘယ်အရာကို ယူငင်ဖို့ရောက်ရှိလာကြသလဲ ညည်သည်တော်တို့'

ကျွန်ုပ်တို့မှာ ဘာပြောရမည်မှန်းမသိဘဲ တိတ်ဆိတ်နေမိကြသည်။

'ကဲ… တပ်မှူးကလေး သူရဇလ၊ ကျွန်ုပ်မေးတာကို ဖြေစမ်းပါဦးလေ'

မင်းသမီးစကားအဆုံး၌ မောင်မိုးဝေက ဖျတ်ခနဲခေါင်းမော့၍ ရဲဝံ့စွာပြန်ပြောလိုက်သည်။

'ကျွန်ုပ်နာမည် မိုးဝေပါ၊ သူရဇလမဟုတ်ပါဘူး'

'ဩော်… ဟုတ်ပေသားပဲ၊ ဒီဘဝမှာ သင်က မိုးဝေဖြစ်နေပြီပဲ၊ ကျွန်ုပ်မေ့သွားတယ်၊ ကဲ… ပြောပါဦး မိုးဝေ၊ သင်တို့ ဒီတိုင်းပြည်ကို ဘာကိစ္စနဲ့ရောက်လာကြသလဲ'

'မြို့ပျောက်ကြီးလို့ အမည်တွင်နေတဲ့ မန္တကရာဇ်ရှေးဟောင်းမြို့တော်ကြီး တကယ်ရှိ၊ မရှိ စူးစမ်းချင်လို့ ကျွန်ုပ်တို့ရောက်လာကြတာပဲ မင်းသမီး'

www.burmeseclassic.com

www.burmeseclassic.com



'သင့်အကြောင်းပြချက်က လက်ခံနိုင်လောက်ပါရဲ့၊ အေးလေ… သင် ဘာအကြောင်းနဲ့ဖြစ်ဖြစ် ရောက်လာရောက်လာ သင်ရောက်လာတာကိုပဲ ကျွန်ုပ်က ဝမ်းသာလှပါပြီ'

'မင်းသမီး ဘာကိုဆိုလိုတာပါလဲ'

မောင်မိုးဝေအမေးကြောင့် မင်းသမီး ခပ်ဖွဖွရယ်သည်။

'သင်ကတော့ ဘယ်မှတ်မိနိုင်တော့မလဲ၊ အင်းလေ… ပြောပြရတာပေါ့၊ မိုးဝေ သင်ဟာ ရှေးဘဝက တပ်မှူးကလေး သူရဇလဖြစ်ခဲ့တယ်၊ သင်ကြားဖူးတဲ့ဒဏ္ဍာရီဟာ သင့်ရဲ့ဘဝအမှန်ပဲ မိုးဝေ'

'မယုံဘူး… မဖြစ်နိုင်ဘူး၊ မဟုတ်တာတွေ လာမပြောပါနဲ့'

'သြော်… သင်က ကျွန်ုပ်ကို လိမ်ညာနေတယ်လို့ ထင်နေတာကိုး၊ ကျွန်ုပ် သင့်ကို သက်သေပြပြီးပြီလေ၊ မှန်တလားထဲက အလောင်းဟာ သင်နဲ့ သင့်ချစ်သူရဲ့အလောင်းပဲ၊ မပုပ်မသိုးအောင် စန္ဒဂေါဏီဘုရင်မက ဆေးစီရင်ထားခဲ့တာ၊ ဟောဒီမိန်းကလေးကရော ဘယ်သူပါလိမ့်'

မင်းသမီးသည် မောင်မိုးဝေကို ပြောနေရင်းမှ မောင်မိုးဝေဘေးမှာ ကြောက်ရွံ့တုန်လှုပ်စွာ ကျုံ့ကျုံ့လေးထိုင်နေသော ကျင်စွမ်းမန်းကို မြင်သွားကာ မေးလိုက်၏။



'ကျွန်ုပ်ချစ်သူပါ'

မောင်မိုးဝေက ပြန်ပြောလိုက်သည်။

'အို… သင့်ချစ်သူလား၊ ခေါင်းမော့စမ်းပါဦး မိန်းကလေးရဲ့'

မင်းသမီးစကားကြောင့် ကျင်စွမ်းမန်းက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းကိုမော့၍ ကြည့်လိုက်သည်။

'အို… မယ်ဝသုန်'

မင်းသမီးထံမှ အံ့အားတသင့်ရေရွတ်လိုက်သံ ထွက်ပေါ်လာပြီး ဓားနှင့်အထိုးခံလိုက်ရသကဲ့သို့ ဒယိမ်းဒယိုင်ဖြစ်ကာ နောက်သို့ခြေတစ်လှမ်းဆုတ်သွားလေတယ်။

'အို… မဖြစ်ရဘူး၊ မဖြစ်ရဘူး'

မင်းသမီးသည် အရူးတစ်ယောက်လို ပါးစပ်မှ တတွတ်တွတ်ရေရွတ်နေ၏။

'သူရဇလ… သင့်ချစ်သူဟာ ဒီမိန်းကလေး လုံးဝမဖြစ်ရဘူး၊ သူဟာ ကျွန်ုပ်နှလုံးသားနဲ့ ဘဝအဆက်ဆက်လုယူတဲ့ မိန်းမပဲ'

'မင်းသမီး သင်ဘာတွေပြောနေတာလဲ၊ သင်ပြောတာ ကျွန်ုပ် နားမလည်ဘူး'

မောင်မိုးဝေ မေးလိုက်ရာ မင်းသမီးမှာ ဒေါသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်နေသော ခန္ဓာကိုယ်ကို ငြိမ်သက်အောင်ထိန်းရင်း…

'ကျွန်ုပ်ဘယ်သူလဲ သင်သိလား'

'သင့်မျက်နှာကိုမှ မမြင်ရတာ၊ ကျွန်ုပ်ဘယ်သိမှာလဲ'

'ကောင်းပြီ၊ အခု သင်သိစေရမယ်'

မင်းသမီးသည် သူ့မျက်နှာရှေ့တွင် ကာဆီးထားသော ပဝါပါးကို ဖယ်ရှားလိုက်ရာ အလွန်ချောမောလှပသော မျက်နှာကလေးမှာ ပေါ်၍လာလေတော့သည်။

'ဟင်'

မောင်မိုးဝေထံမှ အံ့သြတကြီးရေရွတ်သံ ကြားရသည်။

မင်းသမီးဆိုသူသည် အမွေးတိုင်ခိုးစဥ်က ဂူထဲမှာ သူ့အား မျက်လုံးစိမ်းများဖြင့်စိုက်ကြည့်ခဲ့သော ခေါင်းမြီးခြုံအမျိုးသမီးဖြစ်၍နေသည်ကို အံ့သြဖွယ်တွေ့လိုက်ရလေ၏။

'သင်ဘယ်သူလဲ'

'ကျွန်ုပ်နာမည် စန္ဒဂေါဏီ'

'အို… မဖြစ်နိုင်တာ၊ ဒီလောက်နှစ်တွေကြာနေပြီပဲဟာ၊ စန္ဒဂေါဏီဘုရင်မ သေပြီပေါ့'

'သင်ပြောတာ မှန်ပါတယ်၊ ဟိုအရင်က စန္ဒဂေါဏီက သေလွန်ခဲ့ပါပြီ၊ ကျွန်ုပ်က စန္ဒဂေါဏီဘုရင်မ ဝင်စားတာပါ၊ သင်မယုံရင် သက်သေပြရန် ရှိပါတယ်၊ ကဲ… သင်တို့တွေ ကျွန်ုပ်နောက်က လိုက်ခဲ့ကြပါ'



မင်းသမီးသည် ရှေ့မှသွားသဖြင့် ကျွန်ုပ်တို့လည်း နောက်မှလိုက်ပါလာခဲ့ကြသည်။ တစ်နေရာသို့ရောက်သောအခါ သုံးစီးတပ်ထားသော အခန်းတစ်ခန်းကို မြင်ကြရသည်။ ထိုအခန်းတံခါးကို ဖွင့်လိုက်လျှင် အလွန်မွှေးမြသော ရနံ့တစ်မျိုး စူးရှစွာထွက်ပေါ်၍လာလေတော့သည်။

ထိုအခန်းတွင်း၌ကား စင်မြင့်တစ်ခုပေါ်တွင် တင်ထားသော မှန်တလားတစ်ခု။

မှန်တလားအတွင်း၌ သန္တာသွေးကဲ့သို့ နီရဲတောက်ပလှသည့် ကမ္ဗလာကြီးခင်း၍ ထားလေကာ ထိုကမ္ဗလာပေါ်တွင် လူသေအလောင်းတစ်လောင်းသည် ညင်သာစွာလဲလျောင်းလျက်ရှိသည်။ အလောင်းတစ်ခုလုံးမှာ ပန်းပွင့်များဖြင့် ဖုံးလွှမ်းထားရာ မျက်နှာတစ်ကွက်တည်းကိုသာ ဖော်ပြ၍ထားပေသည်။

စူးရှပြင်းထန်သော ရနံ့တို့မှာ ထိုခေါင်းအတွင်းမှ ရခြင်းဖြစ်ဟန်တူသည်။

မှန်တလားထဲမှ လူသေ၏မျက်နှာကို ကြည့်လိုက်ပြီးနောက် ကျွန်ုပ်တို့မှာ နောက်သို့ အလန့်တကြားပြန်၍ဆုတ်ထိုက်မိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မြင်ရသောအလောင်းမှာ သေ၍နေသော မင်းသမီး၏ အလောင်းပင်ဖြစ်တော့၏။

မတ်တတ်ရပ်ကာ အသက်ရှင်နေသော မင်းသမီးနှင့် မှန်တလားထဲတွင် စင်းစင်းကြီးသေနေသော ဘုရင်မမှာ အနည်းငယ်မျှ ခွဲခြား၍မရ ချွတ်စွပ်တူလှပေတော့သည်။

■

## အခန်း (၂၂)

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ မထင်မှတ်ထားသော အခြေအနေတစ်ရပ်ကို ကြုံဆုံလိုက်ရတော့၏။

ဘုရင်မတင်မြှောက်ပွဲအတွက် ကျွန်ုပ်တို့လူစုအား ဧည့်သည်တော်အဖြစ် ဖိတ်ကြားထားသဖြင့် အခမ်းအနားကျင်းပရာ ခန်းမဆောင်ကြီးအတွင်း၌ ရောက်ရှိနေကြသည်။

ကျင်စွမ်းမန်းကိုမူ မိန်းကလေးဖြစ်သောကြောင့် ကျွန်ုပ်တို့နှင့်အတူထားရန် မသင့်တော်ဟုဆိုကာ မင်းသမီးက ခွဲ၍ ချုပ်နှောင်ထားခဲ့ရာ ယခုပွဲတွင် သူ့ကိုလည်း ဖိတ်ကြားမလား တော့ မသိပေ။

ယခုထိတော့ ခန်းမဆောင်ထဲမှာ မတွေ့ရသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမဆောင်အတွင်း၌ကား ရှေးခေတ်ပုံစံတွေ ဝတ်ဆင်ထားသောလူများကို တွေ့နေရသည်။

သူတို့အဝတ်အစားများမှာ ရုပ်ရှင်တွေ၊ ပြဇာတ်တွေမှာ မြင်ဖူးသည့် နန်းဝတ်နန်းစားတွေလည်း မဟုတ်သဖြင့် ဘယ်သူက မှူး၊ ဘယ်သူက မတ်ဟူ၍ ခွဲခြားမသိနိုင်ချေ။

မကြာမီ အခမ်းအနားပွဲကြီး စတင်လာပါလေ၏။

'ဘုရင်မလောင်းလျာ ကြွရောက်လာပေပြီ'

ဟု ကြွေးကြော်သံကြီး ကြားရသောအခါ ပရိသတ်ကြီးက…

'ဘုရင်မလောင်းအား ခရီးဦးကြိုပြုပါသည်'

ဟု တစ်ခဲနက် ကြွေးကြော်လိုက်သည်။

'အို… မုန္တကရာဇ် တိုင်းပြည်၏ အရှင်သခင်မ အသင့်ပြင်ထားသော သင်၏နေရာတော်ကို ယူပါလော့၊ ပုလ္လင်အထက်တော်သို့တက်ကာ တိုင်းသူပြည်သားများ ဂါရဝပြုခြင်းကို ခံယူပါလော့'

ဟု အသံကြီးကြားလိုက်ရပြီးနောက် ခန်းမဆောင်ထဲသို့ တစ်လှမ်းချင်းလှမ်းကာ လာနေသော ဘုရင်မကို တွေ့လိုက်ရလေတော့သည်။

သူမသည် ခါတိုင်းကဲ့သို့ မျက်နှာကို ပဝါပါးပါးဖြင့်



ဖုံးအုပ်ထားသည်။ သူမဝတ်စုံသည် လွန်စွာမှ ခံ့ညားထည်ဝါလှပေသည်။

နဖူးတွင် ရွှေသရဖူကို ဆောင်းထားသည်။ လက်တွင် ရတနာကိုးပါးစီခြယ်ထားသော ရာဇနှင်တံကို ဝင့်ကြွားစွာ ကိုင်လျက်ရှိလေသည်။

ပုလ္လင်ပေါ်တွင် တင့်တယ်စွာထိုင်လိုက်သောအခါ အနားရှိ မုတ်ဆိတ်ဖြူပုရောဟိတ်ကြီးက ဘုရင်မအဖြစ်တင်မြှောက်ပြီးဖြစ်ကြောင်းဖြင့် ရွတ်ဖတ်နေလေတော့သည်။

ထိုအခိုက် ကျွန်ုပ်အနားသို့ လူတစ်ယောက်ရောက်ရှိလာကာ မောင်မိုးဝေကို ခဏလိုက်ခဲ့ပါရန် ခေါ်သဖြင့် မောင်မိုးဝေလည်း ထိုလူနှင့် လိုက်ပါသွားရတော့သည်။

မသွားခင် မောင်မိုးဝေက သူ့နောက်သို့ မသိမသာလိုက်ခဲ့ရန် အချက်ပြသဖြင့် ကျွန်ုပ်လည်း သူတို့နောက်မှ မယောင်မလည်ဖြင့် လိုက်ပါလာခဲ့ရလေတော့သည်။

ခန်းမဆောင်တစ်ခု၏ အခန်းတစ်ခုထဲသို့ မောင်မိုးဝေဝင်သွားသည်။ ခေါ်ဆောင်လာသည့် သူကတော့ ခန်းဝဆီသာ လိုက်ပို့ပေးပြီး ပြန်လည်ထွက်လာလေ၏။

ကျွန်ုပ်လည်း လူရိပ်လူခြည်ကြည့်ပြီး အခန်းဆီသို့ ခိုးကြောင်ခိုးဝှက်ကပ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… မင်းသမီး သင်က…'

'သိပ်အံ့သြသွားသလား'

'သင်က ဟိုခန်းမဆောင်ထဲမှာ ရောက်နေတာမဟုတ်ဘူးလား'

'မဟုတ်ပါဘူး'

'ဒါဆို ခန်းမဆောင်ထဲမှာ ဘုရင်မအဖြစ် တင်မြှောက်ခံရတာ ဘယ်သူလဲ'

'အဲဒါ သင့်ချစ်သူပဲ မိုးဝေ'

'ဟင်… ဘာအဓိပ္ပာယ်လဲ၊ မင်းသမီး ဘာလုပ်တာလဲ'

'ကျွန်ုပ်ကို စိတ်မဆိုးပါနဲ့ မိုးဝေရယ်၊ ကျွန်ုပ် သင့်ကို သိပ်ချစ်လို့ လုပ်မိတာပါ၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ'

'မင်းဘာဖြစ်လို့ အဲလိုလုပ်ရတာလဲ၊ မင်းနေရာကို ငါ့ချစ်သူကို ဘာလို့ပေးလိုက်တာလဲ'

မောင်မိုးဝေမှာ ဒေါသဖြင့် မာထန်လာ၏။

'ကျွန်ုပ်တို့အစဉ်အလာအရ ဘုရင်မဖြစ်သွားရင် အိမ်ထောင်ပြုလို့မရဘူးလေ၊ အဲဒါကြောင့် လုပ်လိုက်မိတာ၊ မိုးဝေ ကျွန်ုပ် သင့်ကို ဟိုဘဝကတည်းက လက်လွှတ်ဆုံးရှုံးခဲ့ရတာ၊ အခုဘဝတော့ အဆုံးရှုံးမခံနိုင်ဘူး၊ သင့်ကို ကျွန်ုပ်ချစ်တယ်၊ သင် ကျွန်ုပ်ကို ကြင်ရာဖက်အဖြစ် လက်ခံ'



'မင်းရူးနေလား၊ ငါက မင်းကို ဘာဖြစ်လို့ ယူရမှာလဲ၊ လုံးဝမယူနိုင်ဘူး'

'ဒီမှာ သင်ကျုပ်ကို ပစ်ပစ်ခါခါမငြင်းပါနဲ့။ ကျွန်ုပ် အလိုရှိရင် ဘာမဆိုဖြစ်နိုင်တယ်ဆိုတာ သင်သိထားပါ'

'ဘာလဲ… မင်း ငါ့ကို ခြိမ်းခြောက်တာလား၊ လုံးဝ မရဘူးမှတ်'

'ကောင်းပြီလေ၊ သင်စောင့်ကြည့်ပါ၊ သင် ကျုပ်ကို ကျေကျေနပ်နပ် ကြင်ရာဖက်အဖြစ် လက်ခံစေရမယ်'

'ကြည့်ရသေးတာပေါ့ကွာ'

စကားသံတွေ တိတ်သွား၏။ ခြေသံပြင်းပြင်းနှင့် လျှောက်လာသံ ကြားရ၏။

နောက်ပါးဆီမှ တောက်ခေါက်သံပြင်းပြင်းတစ်ချက် ကြားလိုက်ရသည်။ မောင်မိုးဝေမှာ ဒေါသတကြီးခြေလှမ်းကြီးဖြင့် အခန်းပြင်သို့ ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အချုပ်ခန်းတွင်းဝယ် ကျွန်ုပ်တို့မှာ ဟိုတွေးသည်တွေးဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေမိသည်။

တစ်ချက်ချက် အဝေးဆီမှ ပျံ့လွင့်လာသော ဆူဆူညံညံအသံများကို ကြားနေရ၏။

မဟာပါလတွေရဲ့ ပျော်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပနေခြင်းဖြစ်သည်။

'ဦးလေးရေ··· ကျွန်တော့်အမွေးတိုင်တော့ ဘယ်ရောက်သွားပြီလဲ မသိဘူး'

'ကျပျောက်ခဲ့ပြီထင်တယ် မောင်မိုးဝေ'

'အမွေးတိုင်ကို ပျောက်ဖျက်ပစ်လိုက်ရင်တော့ ကျွန်တော်တို့ ကိုနိုစာတွေလွတ်မြောက်မယ်ထင်တယ် ဦးလေးရေ'

'အေးလေ··· အမွေးတိုင်မှ မရှိတော့တာ၊ ဘယ်လိုလုပ်ရမလဲ'



'အမွေးတိုင်က ရှိပါတယ်'

ရုတ်တရက် မိန်းကလေးအသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့မှာ လှည့်ကြည့်မိရာ အချုပ်ခန်းဝတွင် ရပ်နေသော ကျင်စွမ်းမန်းကလေးကို တွေ့လိုက်ရလေ၏။

သူသည် အချုပ်ခန်းတံခါးကို အလျင်အမြန်ဖွင့်ရင်းမှ···

'ကျွန်မ အမွေးတိုင်တွေခိုးလာပြီ၊ အစောင့်တွေ မူးရူးနေတုန်း ကျွန်မ ဒီထဲခိုးဝင်လာတာ'

ပြောရင်းဆိုရင်း အချုပ်ခန်းမှာ ပွင့်သွားပြီဖြစ်၍ ကျွန်ုပ်တို့လူစုလည်း အပြင်သို့ ကမန်းကတန်းထွက်လိုက်ကြရလေ၏။

'အချိန်မရှိတော့ဘူး၊ ဒီကနေ မြန်မြန်ပြေးမှဖြစ်မယ်၊ တော်ကြာ ဟိုကောင်တွေ သိသွားဦးမယ်'

မိန်းကလေးက ကျွန်ုပ်တို့ထွက်ပြေးရန် မြင်းရထားတစ်စင်းစီစဉ်ထားပြီးဖြစ်သည်။ ကျွန်ုပ်တို့လည်း ထိုနေရာမှ လူရိပ်လူခြည်ကြည့်၍ မြင်းရထားစီးကာ ထွက်ပြေးလာခဲ့ကြတော့သည်။

တံခါးမုခ်ဝအနီးသို့ ရောက်သောအခါ အစောင့်ရဲမက်များသည် ဘုရင်မချုပ်ဝတ်တန်ဆာဖြင့် မိန်းကလေးကို မြင်ရသောအခါ ဘာမှစစ်ဆေးမေးမြန်းခြင်းမရှိဘဲ မြို့တံခါးကိုဖွင့်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မှာ မုန္တကရာဇ်မြို့ဟောင်းမှ လွန်မြောက်လာခဲ့ပြီဖြစ်သည်။ သို့သော် နောက်ကြောင်းကား မအေးသေးပေ။ အချိန်မရွေး မဟာပါလတွေ ကျွန်ုပ်တို့နောက်သို့ လိုက်လာနိုင်သည်။

တောင်စွယ်တစ်ခု၏ ခြေရင်းနားအရောက် မြင်းရထားနှင့် ဆက်သွား၍မရတော့သဖြင့် ခြေလျင်တက်ကြရတော့သည်။

ကျွန်ုပ်တို့သည် ဂူကြီးတစ်ခု၏အဝကို မြင်နေရပေလေပြီ။ ထိုဂူထဲသို့ရောက်အောင် အားသွန်၍ပြေးကြသည်။

နောက်မှ မင်းသမီးဦးဆောင်သောအုပ်စုက ထက်ကြပ်မကွာ လိုက်ပါလာ၏။

'ကဲ… အချိန်မရှိတော့ဘူး ဦးလေး၊ ဒီအမွှေးတိုင်ကို မြန်မြန်မီးရှို့မှဖြစ်မယ်၊ ကျွန်တော်တို့ ဒီဘဝမှာ လွတ်မြောက်ရင် တောင် သံသရာမှာ ကိုန့်စာမသင့်အောင် တစ်ခါတည်းဖျောက်ဖျက်ပစ်ရမယ်၊ ဦးလေးမှာ မီးခြစ်ပါလား'

'ပါတယ်၊ ပါတယ်'

ကျွန်ုပ်လည်း အိတ်ကပ်ထဲမှ မီးခြစ်ကို ကပျာကယာ စမ်း၍ မောင်မိုးဝေကို လှမ်းပေးလိုက်သည်။

လက်ဖြင့် အမွှေးတိုင်ကိုကိုင်၍ မောင်မိုးဝေက မီးခြစ်ကိုခြစ်ကာ အမွှေးတိုင်ကို မီးရှို့လိုက်သည်။

သို့သော် အမွှေးတိုင်မှာ လုံးဝမီးကျွမ်းလောင်ခြင်းမရှိပေ။



'လောကီပညာနဲ့ လုပ်ထားတာဖြစ်မယ်၊ သူတို့ဆီက အတတ်နဲ့ရှို့မှ ရမယ်ထင်တယ် မောင်မိုးဝေ'

မောင်မိုးဝေမှာ ကျွန်ုပ်စကားကို ပြန်၍မတုံ့ပြန်နိုင်ခင်မှာပဲ လူအုပ်စုကြီးမှ ကျွန်ုပ်တို့နှင့် နီးကပ်လာပြီဖြစ်တော့သည်။

'ကဲ… ဦးလေးရေ၊ ကျွန်တော်တို့တော့ ပြေးမလွတ်တော့ဘူးထင်တယ်'

ထိုသို့ပြောနေစဉ်ပင် ကျွန်ုပ်တို့လူစုအား နောက်မှမှီလာကာ မဟာပါလတွေက ဝိုင်းလိုက်ကြပြီဖြစ်သည်။

မင်းသမီးသည် ထီမဟန်ဖြင့် ဟားတိုက်ရယ်မောပြီး ကျွန်ုပ်တို့ရှေ့တွင် မြင်းကို ရပ်လိုက်သည်။

'သင်တို့ ကျွန်ုပ်လက်က မလွတ်နိုင်ပါဘူး၊ ကဲ… ဘယ်လိုလဲ မိုးဝေ၊ ကျွန်ုပ်ကို အာခံလို့ရမယ်ထင်လား သူရဲကောင်းကြီးရဲ့'

'ဒီမှာ မင်းသမီး၊ ကျွန်ုပ် သင့်လက်ခုပ်ထဲက ရေဖြစ်နေပြီ၊ သင်သတ်လိုရင်လည်း သတ်လိုက်ပါတော့၊ သေသွားတော့လည်း ဘဝသိမ်းသွားတာပေါ့'

'အို… ကျွန်ုပ်အသက်တမျှ ချစ်မြတ်နိုးရတဲ့သူကို ကျွန်ုပ်လက်နဲ့ ဘယ်သတ်ရက်ပါ့မလဲ၊ ကျွန်ုပ်မှာ သင်ထင်သလို ရက်စက်တဲ့နှလုံးသားမရှိပါဘူး မိုးဝေရယ်'

www.burmeseclassic.com

www.burmeseclassic.com



'သင်ဘာပြောပြော ကျွန်ုပ် မယုံကြည်ဘူး မင်းသမီး၊ တစ်ခါတည်း အပြတ်ပြောလိုက်မယ်၊ ကျွန်ုပ် သင့်ကို လုံးဝမချစ်ဘူး၊ မုန်းတောင်မှ မုန်းနေသေးတယ်၊ ဘဝအဆက်ဆက် သင်ဟာ ကျွန်ုပ်ချစ်ခြင်းကို ခွဲခဲ့သူပဲ၊ ကျွန်ုပ်မေတ္တာကို သင် ဘယ်တော့မှရလိမ့်မယ် မထင်နဲ့၊ ကဲ… သတ်လိုက သတ်လိုက်ပါတော့'

မောင်မိုးဝေမှာ ဒေါသတကြီးဖြင့် အော်ဟစ်ပြောလိုက်ပြီး သူ့ချစ်သူမိန်းကလေးကို ရင်ခွင်ထဲဆွဲသွင်းပွေ့ဖက်၍ အသေခံရန် ရဲရဲဝံ့ဝံ့ရင်ဆိုင်လိုက်လေသည်။

ထိုမြင်ကွင်းကို မင်းသမီးမှာ မမြင်ရက်နိုင်သလို တစ်ကိုယ်လုံးဆတ်ဆတ်တုန်သွားသည်ကို မြင်လိုက်ရ၏။ ဒုက္ခတော့ တွေ့ကြတော့မည်ဟု ကျွန်ုပ်သည်ပင် တုန်လှုပ်သွားမိတော့သည်။

'ကဲ… ဒါလောက်တောင် သေချင်လှတာ သေရစေမယ်ဟေ့'

မင်းသမီးသည် လျှင်မြန်စွာ တစ်စုံတစ်ခုကို ပြုလုပ်လိုက်၏။ ဘာလုပ်လိုက်ဟုပင် ကျွန်ုပ်မသိလိုက်ချေ။ ကျွန်ုပ်အထင်မှာ အသံနက်နက်ကြီးဖြင့် တစ်စုံတစ်ရာ အော်ဟစ်လိုက်သည်။

ထိုအခိုက်မှာပင် ရုတ်တရက် ကောင်းကင်တွင် လျှပ်စီးတွေလက်လာကာ တဒိန်းဒိန်းမြည်လာ၏။



ကျွန်ုပ်တို့မှာ ကြောက်လန့်တကြားဖြင့် နောက်သို့ဆုတ်ကာ ပြေးမိကြသည်။ မောင်မိုးဝေနှင့် မိန်းကလေးမှာ နေရာတွင် ရပ်မြဲရပ်လျက်…

'ငါတို့ပြည်ရဲ့လက်နက် လောမီးနဲ့ ပစ်လိုက်စမ်းမတဲ့ ကဲ… သေကြစမ်း'

မင်းသမီး၏ စူးရှသောအသံကြီး ပေါ်လာပြီးနောက် လျှပ်စီးရောင်ဖျက်လက်သွားခြင်းနှင့်အတူ ကောင်းကင်မှ မိုးကြိုးတစ်ခုပစ်လွှတ်လိုက်သကဲ့သို့ ရှိုးခနဲအသံကြီးနှင့် အလင်းတန်းကြီးသည် မောင်မိုးဝေ ကိုင်ဆောင်ထားသော အမွေးတိုင်ဆီသို့ တည့်တည့်ထိမှန်သွားလေတော့သည်။

ရုတ်တရက် အလွန်ထိန်လင်းစူးရှသော မီးရောင်တစ်ခု ထိုးထွက်လာ၍ ကျွန်ုပ်တို့မှာ မျက်စိကန်းမတတ် ပြာ၍သွားပြီး လျှင် ဒယီးဒယိုင်ဖြင့် နောက်သို့ဆုတ်လိုက်ရသည်။

ထိုစဉ် ကျွန်ုပ်တို့မှာ ဂူနားဆီသို့ ရောက်နေပြီဖြစ်သည်။

အလင်းတန်းကြီး ထိုးထွက်လာသည်နှင့် ကျွန်ုပ်တို့လည်း ဂူတွင်းသို့ပြေးဝင်ကာ ပုန်းလိုက်ကြရလေသည်။

မဟာပါလတွေမှာ အလင်းတန်းကြီးကြောင့် မျက်စိစူးကာ မခံနိုင်ဖြစ်သဖြင့် ကျွန်ုပ်တို့လူစုအား စောင့်ကြည့်ဖို့ မေ့လျော့သွားကြသည်ဖြစ်ရာ ကျွန်ုပ်တို့ အခွင့်ကောင်းယူ၍ ထိုနေရာမှ ထွက်ပြေးလာခဲ့ကြတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဂူဝ၏အလွန် တောင်ထိပ်တစ်ခုပေါ်သို့ အရောက် လော်ကမှာ နောက်သို့ပြန်လှည့်ကြည့်မိကြသည်။

ကောင်းကင်တွင် ပျံတက်နေသော အငွေ့တန်းနှစ်ခု။

ပုံသဏ္ဌာန်ကား ယောကျ်ားနှင့် မိန်းမ တစ်ဦးကိုတစ်ဦး ပွေ့ဖက်နေကြပုံမျိုး။

'မောင်မိုးဝေတို့ရော'

ကျွန်ုပ်သည် ထိုအခါကျမှ သတိရ၍ အလန့်တကြား မေးမိသည်။

'မပါလာဘူး ဦးလေး'

ကျွန်ုပ်ရင်မှာ ဟာခနဲဖြစ်သွားသည်။

ကောင်းကင်တွင် လွင့်ပျံနေသော အငွေ့တန်းလေးအား စိတ်မချမ်းမြေ့စွာ ကြည့်မိသည်။

နောက် တိုးတိုးလေး ရေရွတ်မိလိုက်သည်။

'ကောင်းရာမွန်ရာ ရောက်ပါစေကွယ်'

ချစ်သူနှစ်ဦးအား သံသရာအဆက်ဆက် ကျိန်စာဆိုးမှ လွတ်မြောက်ပါစေရန် ကျွန်ုပ်မှာ အခါခါဆုတောင်းနေမိပါတော့ သတည်း။

**ဒဿကျော်စွာ**

coming soon

# ဒဿကျော်စွာ

## ကမ္ဘာ့ထိတ်လန့်သည်းဖိုဝတ္ထုများ

www.burmeseclassic.com